# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၇ ရက်၊ စနေနေ့။ Saturday 21 April 2018 ၉၂၆၃


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံ လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် လေ့လာရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေး ဆွေးနွေး

**ဟန်ွိုင်း ဧပြီ ၂၀**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူး၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ Viettel Group’s ဥက္ကဋ္ဌ၊ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအားတွေ့ဆုံပြီး ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေအိမ်ကို ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Chu Cong Phung နှင့်အဖွဲ့အား ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ခေတ္တတည်းခိုသည့် ဟန်ွိုင်းမြို့ Grand Plaza Hotel ၌ တွေ့ဆုံသည်။


တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံကုန်သွယ်ရေး၊ ယဉ်ကျေးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Viettel Group’s President, Major General Nguyen Manh Hung နှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Bank for Investment Development of Vietnam (BIDV) အမှုဆောင်အရာရှိချုပ် Mr. Phan Duc Tu ဦးဆောင်သည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဗီယက်နမ်လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ၎င်းတို့ ကြုံတွေ့နေရသည့် အခွင့်အလမ်းများနှင့် အခက်အခဲများကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေထိုင်ခဲ့သည့် နေအိမ်အား သွားရောက်ကြည့်ရှုလေ့လာရာ သတင်းပြန်ကြားရေးနှင့် ပညာပေးဌာနအကြီးအကဲ Ms. Cu Thi Minh က လိုက်လံရှင်းလင်းပြသသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ◆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madame Nguyen Thi Kim Ngan တို့ တွေ့ဆုံစဉ်။

## လုပ်ငန်းခွင်တွင် စဉ်ဆက်မပြတ်သင်ယူကာ အပြောင်းအလဲကို လက်ခံတတ်ဖို့လိုပြီ

စာမျက်နှာ - ၇

## ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာအသင်း ပြင်ဆင်မည်

စာမျက်နှာ - ၁၁

## မြို့နယ် သုံးမြို့နယ်၌ ပိုမိုလုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှုဧရိယာ မကြာမီရရှိလာတော့မည်

စာမျက်နှာ - ၁၈




ကြေးမုံ

# သီတဂူသာသနာပြုအဖွဲ့မှ မျက်စိဝေဒနာရှင်များအား အခမဲ့ဆေးကုသပေး

**လဟယ် မေ ၂၀**

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ နှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့အဖွဲ့သည် ခန္တီးမြို့မှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် မေ ၁၉ ရက် မွန်းလွဲက လဟယ်မြို့သို့ ရောက်ရှိသည်။

သီတဂူဆရာတော်နှင့်အဖွဲ့သည် လဟယ် ပြည်သူ့ဆေးရုံ၌ မျက်စိဝေဒနာရှင်များ ဆေးကုသရန် ဆေးစစ်ခံယူနေမှု၊ ဝေဒနာရှင်များ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မျက်စိဝေဒနာရှင်များအား အားပေးစကားမိန့်ကြားသည်။

ဆက်လက်၍ သီတဂူဆရာတော်နှင့် အဖွဲ့သည် မာလာတောင် အားကစားခန်းမသို့ ကြွရောက်ပြီး သီတဂူအဓိပတိ ဆရာတော်ကြီးနှင့် ကိုရီးယားနိုင်ငံ သီတဂူတပည့်များက လှူဒါန်းသည့် အဝတ်အထည်များ ရောက်ရှိနေမှုအခြေအနေကို စစ်ဆေးခဲ့သည်။

သီတဂူဆရာတော်နှင့် စက္ခုဒါနဆေးကုအဖွဲ့သည် မေ ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်ကြာ မျက်စိဝေဒနာရှင် ၂၄၀ အား အခမဲ့ကုသပေးမည်ဖြစ်ပြီး နာဂဒေသအတွက် သီတဂူအဓိပတိ ဆရာတော်ကြီးနှင့် ကိုရီးယားနိုင်ငံ သီတဂူတပည့်များက လှူဒါန်းသည့် ကျား၊ မဝတ် အဝတ် အထည်မျိုးစုံ ၁၅၈၆၇ ထည်ကို နာဂဒေသရှိ လူငယ်သင်တန်းကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းများ၊ မျက်စိဝေဒနာရှင်များနှင့် ဝေးလံခေါင်သီ၍ ဆင်းရဲနွမ်းပါးသော ကျေးလက်ပြည်သူ များအား ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**လဟယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၆၅၀၀ | - | ၉၄၆၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၆၅၀၀ | - | ၉၄၆၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၅/၈၂၅ ကျပ်၊ | ၈၄၅/၈၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၄၅ ကျပ်၊ | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၈၀၅ ကျပ်၊ | ၈၅၅/၈၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၇၀/၇၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၇၈/၇၈၅ ကျပ်၊အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၉.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၄၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၆၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၅.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၃၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၁.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR
Digital News
Presented by MPE
www.mdn.gov.mm

# ပြည်သူ့စကားဝိုင်း ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**သထုံ မေ ၂၀**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ Community Center ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ပြည်သူ့စကားဝိုင်း (Public Talk) တွင် ဦးတည်ဆွေးနွေးရန် လျာထားသည့် ခေါင်းစဉ်နှင့် ပြုလုပ်ရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ခရိုင်ပြန်/ဆက်မှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုများနှင့် လိုအပ်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် မြို့နယ်စာပေချစ်မြတ်နိုးသူများအဖွဲ့မှ အဖွဲ့ဝင်များက ကဏ္ဍအလိုက် စီမံဆောင်ရွက်ရမည့် အခြေအနေများနှင့် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ဒေသတွင်းလူငယ်များအကြား မူးယစ်ဆေးဝါးပျံ့နှံ့နေမှုကို ပူးပေါင်းအဖြေရှာ တိုက်ဖျက်နိုင်ရန် သထုံမြို့နယ်၏ ပြည်သူ့စကားဝိုင်း (Public Talk) ကို “လူငယ်နှင့် မူးယစ်ဆေးဝါး” ဟူသည့် ခေါင်းစဉ်ဖြင့် မေ ၂၇ ရက်တွင် သထုံမြို့ သုဝဏ္ဏခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေပညာရှင်များနှင့် လေ့လာသူများက ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ကာ စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကြေးမုံ

# ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လည်လက်ခံရေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားနှင့် ဒါကာမြို့သို့ မေ ၁၁ ရက်မှ ၁၃ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မေ ၁၉ ရက်က ကျင်းပခဲ့ရာ မောင်တောဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ပကတိအခြေအနေမှန်ကို သိရှိလိုက်ရသည်။

မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအရေးနှင့်ပတ်သက်၍ စိစစ်အတည်ပြုပြီးသော ပြန်လာရန် ဆန္ဒရှိသူများအား လက်ခံရန် အဆင်သင့်ဖြစ်နေပြီး လိုအပ်သော ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်သည်။ ပြန်လည်လက်ခံရေးကို အမြန်ဆုံးစတင်လိုသောကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ နေရပ်စွန့်ခွာနေထိုင်သူများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် တိုက်တွန်းခြင်းသည် လျော်ကန်သင့်မြတ်သော နည်းလမ်းတစ်ခုပင်ဖြစ်သည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး အစီအစဉ်ကို ယမန်နှစ် နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား သဘောတူလက်မှတ်ရေးထိုးထားမှုနှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ဆောလျင်စွာနှင့် ထိရောက်မှုရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၎င်းတို့ဆန္ဒအလျောက် ပြန်လည်လာရောက်မည့်သူများအား လက်ခံရန် အသင့်ဖြစ်ခဲ့ပြီးဖြစ်သည်။ သို့သော် သတ်မှတ်ထားသော ရက်မှစတင်၍ စနစ်တကျလက်ခံရန် စောင့်ဆိုင်းခဲ့သော်လည်း ထူးခြားမှုမရှိသဖြင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ကာ တိုက်တွန်းနှိုးဆော်အသိပေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုခရီးစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံရန် မေတ္တာရပ်ခံထားသူများနှင့် တွေ့ဆုံခွင့်မရခဲ့ဘဲ နေရပ်စွန့်ခွာနေထိုင်သူများစခန်းတွင် နေရပ်စွန့်ခွာသူအချို့နှင့်သာ တွေ့ဆုံခဲ့ရသည်။ ၎င်းတို့တွင် မြန်မာစကားပြောတတ်သူအချို့ ပါဝင်ပြီး ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ပုံစံဖြည့်စွက်ရမည့် အချက်အလက်များကို မသိရှိကြကြောင်း၊ မည်သူကမျှ လာရောက်ပြောဆိုခြင်းမရှိဟု သိရှိရကြောင်း၊ တွေ့ဆုံသူများအားလုံး မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဟု ပြောကြားကြကြောင်း သိရှိရသည်။

နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိသော်လည်း လက်တွေ့တွင် အခက်အခဲများစွာ ရှိနေဆဲဖြစ်သည်။ ယခု ခရီးစဉ်တွင် ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့်ပုံစံများ ဖြည့်စွက်ရန် မသိရှိကြသည့်အချက်မှာ အံ့သြစရာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေပြီး ပြန်လည်လက်ခံရေးသာမက ပြန်လည်လာရောက်သူများ နေရေးထိုင်ရေး၊ အသက်မွေးဝမ်းကျောင်းအတွက်ပါ အသင့်ပြင်ဆင်ထားပြီးဖြစ်သည်။ ပြန်လည်လက်ခံရေးအစီအစဉ်များ အဆင်ပြေချောမွေ့မှုမရှိသေးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ တာဝန်ရှိသူများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးခဲ့ရာ ရလဒ်ကောင်းများ ရရှိခဲ့သည်။

သို့ဖြစ်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ၏ ယခုအရေးကို ဆောင်ရွက်ရာတွင် သတင်းအချက်အလက် မှန်ကန်စွာသိရှိရေးသည် အရေးကြီး သဖြင့် ပြည်ပသတင်းမီဒီယာများအနေဖြင့်လည်း မှန်ကန်သော သတင်း အချက်အလက်များဖြင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ယခုအရေး တွင် အခက်အခဲများ၊ အဆင်မပြေမှုများ ရှိပင်ရှိငြားသော်လည်း မြန်မာ နိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသွားသူများအား ၎င်းတို့ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လည်လက်ခံနိုင်ရေးအတွက် စိတ်ရင်းစေတနာ မှန်ကန်စွာဖြင့် ကြိုဆိုလျက်ရှိပါကြောင်း။ ။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ခေတ်ပြောင်းစနစ်ပြောင်းကာလ

ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်ပါတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလရဲ့အစပဲရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားကျ အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့ သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝ သာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၁၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

# စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် အလှူငွေများလှူဒါန်း

**နေပြည်တော် မေ ၂၀**
ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့မှ သုဓမ္မဓဇဇဗောဓိဇောတရေ ဦးလီကျိန်းချန်(ခ) ဦးလျှိုအားပေါက်က လှူဒါန်းငွေကျပ်သိန်း ၃၀၀ နှင့် သုဓမ္မဓဇဇဗောဓိဇောတရေ ဦးမောင်မောင်က လှူဒါန်းငွေကျပ် သိန်း ၁၀၀ အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ပေးအပ်လှူဒါန်းသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ပြသနိုင်ရေးအတွက် လှူဒါန်းရရှိငွေများအနေဖြင့် ယခင်အောင်ဆန်းရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့မှ လွှဲပြောင်းငွေကျပ် ၈၄၇၂ သိန်း၊ ပထမအကြိမ် လှူဒါန်းရရှိငွေကျပ် ၂၇၀၅ သိန်းနှင့် ယခုလှူဒါန်းငွေကျပ် သိန်း ၄၀၀ ဖြစ်၍ စုစုပေါင်း လှူဒါန်းရရှိငွေမှာ ကျပ် ၁၁၅၇၇ သိန်း ရရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၈) ကျင်းပ

**နေပြည်တော် မေ ၂၀**
ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၈)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များက အကြံပြုတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အကြံပြုတင်ပြချက်များအပေါ် သုံးသပ်၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။


အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဒေါက်တာ ဦးပွား၊ ဦးစောဗယ်လင်တိုင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်း အကယ်ဒမီများ၏ အကြံပေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ၊ ဤအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## DVB ရုပ်သံလိုင်းအား MRTV ၏ Multi Channel တွင် ထည့်သွင်းထုတ်လွှင့်ခြင်း အသိပေးတင်ပြခြင်း

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုတွင် ရုပ်သံလိုင်းအသစ် ငါးလိုင်းတိုးချဲ့ထုတ်လွှင့်ခြင်းနှင့်စပ်လျဉ်း၍ လက်ရှိတွင် Mizzima TV ရုပ်သံလိုင်းအား (၂၄-၃-၂၀၁၈)ရက်နေ့မှစတင် ထည့်သွင်းထုတ်လွှင့်ပြသလျက်ရှိပါသည်။ ယခု DVB Multimedia Group Company Limited မှ DVB ရုပ်သံလိုင်းအား MRTV Multi Channel တွင်(၂၁-၄-၂၀၁၈)ရက်နေ့မှစတင်၍ ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ မိဘပြည်သူများအနေဖြင့် DVB -T2 Set-top Box နှင့် DVB - T2 TV များတွင် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပြီး အခက်အခဲတစ်စုံတစ်ရာရှိပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ဖုန်း- ၀၆၇-၇၉၃၉၅၊ ၀၆၇-၇၉၀၉၀၊ ၀၆၇-၇၉၄၁၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**



## ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား BBC News မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေသတင်းထောက် လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၀**
ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား BBC News မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေသတင်းထောက် Mr. Nick Beake သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာနနှင့် BBC သတင်းဌာနတို့အကြား အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်သည့် ကိစ္စရပ်များနှင့် ရေရှည် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ BBC ၏ အင်္ဂလိပ်ဘာသာစကား သင်ခန်းစာအစီအစဉ် ပို့ချချက်များအား နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် အသုံးပြုနိုင်ရေးနှင့် မိမိတို့ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အချိန်ယူဖြေရှင်း ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အဆိုပါဒေသသို့ မီဒီယာအဖွဲ့များ စေလွှတ်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံဆိုင်ရာသတင်းများအား ဘက်လိုက်မှုမရှိဘဲ စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ရေးသားတင်ပြပေးရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဆိုရှယ်လစ်တော်လှန်ရေးကို ဆက်လက်ဆင်နွှဲမည်ဟု ကျူးဘားသမ္မတသစ် မီဂွဲဒိုင်ယက်ကာနဲလ်ပြော

**ဟာဗားနား ဧပြီ ၂၀**
မိမိသည် ကျူးဘားနိုင်ငံ၌ ဆိုရှယ်လစ်တော်လှန်ရေးကို ဆက်လက်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သမ္မတရာထူးတွင် စတင်တာဝန်ထမ်းဆောင်မည့် မီဂွဲဒိုင်ယက်ကာနဲလ်က ဧပြီ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

ကက်စထရိုညီနောင်တို့က ၁၉၅၉ ခုနှစ်မှ အစပြု၍ ဆင်နွှဲလာခဲ့သော ဆိုရှယ်လစ်တော်လှန်ရေးမှာ ဆက်လက်ရှိနေမည်သာဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း မိမိအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဒိုင်ယက်ကာနဲလ်က သမ္မတသစ်အဖြစ် လွှတ်တော်၌ မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

အသက် (၈၆) နှစ်ရှိ ရာအူးလ် ကက်စထရို၏ သမ္မတ ရာထူးနေရာတွင် အရိုက်အရာ ဆက်ခံသူ ဒိုက်ယက်ကာနဲလ်သည် ကာရစ်ဘီယန် ကျွန်းစုနိုင်ငံကို ဆိုရှယ်လစ်တော်လှန်ရေးဖြင့် ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည်ဟု ဆိုသည်။

ပြည်သူများက မိမိအားအပ်နှင်းသော အခွင့်အာဏာနှင့်အညီ မိမိတို့၏ နိုင်ငံရေးစနစ်မှာ မပြောင်းမလဲ ဆက်လက်တည်ရှိနေမည်သာဖြစ်ကြောင်း၊ ကျူးဘားတော်လှန်ရေးကို အစဉ်အလာမပျက် ဆက်လက်ဆင်နွှဲသွားမည်ဖြစ်ကြောင်း ကက်စထရို မျိုးဆက်မှ မဟုတ်သော သမ္မတသစ် ဒိုင်ယက်ကာနဲလ်က ပြောကြားသည်။

အသက် (၅၇) နှစ်ရှိ ဒိုင်ယက်ကာနဲလ်သည် သမ္မတရာအူးလ်ကက်စထရို၏ လက်ထက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယခုအခါ ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ် ရာအူးလ်က ၂၀၂၁ ခုနှစ် ကွန်မြူနစ်ပါတီညီလာခံ ကျင်းပချိန်အထိ ဆက်လက်တာဝန်ယူသွားမည်ဟု ဆိုသည်။

တော်လှန်ရေး ခေါင်းဆောင်အဖြစ် ရာအူးလ်က ဆက်လက်တာဝန်ယူချိန်တွင် အစိုးရအဖွဲ့၏ အရေးကြီးသော ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေမည်ဖြစ်သည်။

သမ္မတရာထူး တာဝန်လွှဲပြောင်းပေးအပ်သော အခမ်းအနားတွင် သမ္မတရာထူးမှ နုတ်ထွက်ပေးသူ ရာအူးလ်



ကက်စထရိုက လွှတ်တော်အမတ်များအား မိနစ် ၉၀ကြာမျှ မိန့်ခွန်းမြွက်ကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကျူးဘားနိုင်ငံအပေါ် ချမှတ်သည့် နိုင်ငံခြားရေး၊ ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ ၎င်းကဝေဖန်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**





# ကိုရီးယားနှစ်နိုင်ငံအကြား အရေးပေါ်ဆက်သွယ်ရေးလိုင်း ဖွင့်လှစ်

**ဆိုးလ် ဧပြီ ၂၀**
တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံအကြား အရေးပေါ်ဆက်သွယ်နိုင်ရန် ဖုန်းလိုင်းတစ်လိုင်းကို နှစ်နိုင်ငံခေါင်းဆောင်များက ဧပြီ ၂၀ ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအရေးပေါ် ဖုန်းလိုင်းကို နှစ်နိုင်ငံထိပ်သီးအစည်းအဝေး မကျင်းပမီ ရက်သတ္တပတ်အလိုတွင် ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းဖုန်းလိုင်းကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အိမ်ပြာတော်နှင့် မြောက်ကိုရီးယား ပြည်တွင်းရေးရာ ကော်မရှင်ရုံးနှင့် ဆက်သွယ်ချိတ်ဆက်ထားကြောင်း သိရသည်။

ကိုရီးယားနှစ်နိုင်ငံအကြား အရေးပေါ်ဖုန်းလိုင်း ဆက်သွယ်ချိတ်ဆက်ထားရှိမှုသည် သမိုင်းတွင်စေမည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်းနှင့် ပထမဆုံးအကြိမ်စမ်းသပ်မှုအနေဖြင့် နှစ်နိုင်ငံတာဝန်ရှိသူများက လေးမိနစ်နှင့် ၁၉ စက္ကန့်အကြာ ပြောဆိုခဲ့ကြောင်း အိမ်ပြာတော်အရာရှိ ယောင်ကန်ယောင်းက ဆိုသည်။

ကိုရီးယားနှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော်လည်း ၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲနောက်ပိုင်းမှစပြီး နှစ်နိုင်ငံပြည်သူအချင်းချင်း စာတိုက် (သို့မဟုတ်) တယ်လီဖုန်းလိုင်းများ အသုံးမပြုဘဲ နှစ်ပေါင်း ၇၀ ကျော်ကြာ အဆက်အသွယ်ပြတ်တောက်ခဲ့သည်။

ယခုဖွင့်လှစ်လိုက်သော နှစ်နိုင်ငံခေါင်းဆောင်များအကြား တိုက်ရိုက်ဆက်သွယ်ပြောဆိုနိုင်သည့် အရေးပေါ်ဖုန်းလိုင်းသည် ဆောင်းရာသီအိုလံပစ်ပွဲတော်မှ အစပြုခဲ့သည့် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လာရန် အကျိုးကျေးဇူးပြုမည့် ကြိုးပမ်းချက်တစ်ခုဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# မလေး ခရီးသည်တင်လေယာဉ် လမ်းချော်ရပ်တန့်နေ ခတ္တမန္ဒူရှိ နိုင်ငံတကာလေဆိပ်ကို ပိတ်ထားရ

**ခတ္တမန္ဒူ ဧပြီ ၂၀**
နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူရှိ နိုင်ငံတကာလေဆိပ်တွင် ခရီးသည်တင် လေယာဉ်တစ်စင်း လေယာဉ်ပြေးလမ်းအနီး လမ်းချော်ကာ ရပ်တန့်လျက်ရှိသဖြင့် အဆိုပါ လေဆိပ်ကို ပိတ်ထားရကြောင်း နိုင်ငံတကာ လေဆိပ်ပြောရေးဆိုခွင့်ရှိသူက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ မာလင်ဒိုလေကြောင်းဌာနမှ ဘိုးရင်း-၇၃၇ အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် မြို့တော်ခတ္တမန္ဒူရှိ ထရီဆူဗန် နိုင်ငံတကာလေဆိပ်မှ မြို့တော်ကွာလာလမ်ပူသို့ ပျံသန်းရန် ယင်းလေဆိပ်မှ စတင်ထွက်ခွာစဉ် လေယာဉ်မှူးများက စက်ပိုင်းဆိုင်ရာ ပြဿနာတစ်စုံတစ်ရာကို တွေ့ရှိသဖြင့် လေဆိပ်ပြေးလမ်းပေါ်သို့ ချက်ချင်းပြန်လည်ဆင်းသက်ခဲ့ရာတွင် လမ်းချော်သွားခဲ့ပြီး လေဆိပ်အနီးရှိ မြက်တောအတွင်း ရွှံ့အိုင်တွင် ရပ်တန့်သွားခဲ့သည်။

လေယာဉ်အမှုထမ်းများနှင့် ခရီးသည် စုစုပေါင်း ၁၃၉ ဦး လိုက်ပါလာသော အဆိုပါလေယာဉ် လမ်းချော်မှုတွင် ထိခိုက်သူတစ်ဦးမျှ မရှိပေ။ ခရီးသည်တင် လေယာဉ်ကို လေယာဉ်ပြေးလမ်းပေါ်သို့ ပြန်လည်ရောက်ရှိစေရန် အာဏာပိုင်များက ကြိုးပမ်းလျက်ရှိသည်။

ဧပြီ ၁၉ ရက် နှောင်းပိုင်းက ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ပြီး လေယာဉ်ပြေးလမ်းမှ ပေ ၁၀၀ (မီတာ ၃၀) အကွာတွင် လေယာဉ်ထိုးရပ်သွားခဲ့သည်။

လေဆိပ်ကို မည်မျှကြာအောင် ဆက်လက်ပိတ်ထားမည်ကို မသိရပေ။ ထိုစဉ်အတွင်း ထရီဆူဗန် နိုင်ငံတကာလေဆိပ်၌ ဆင်းသက်မည့် လေယာဉ်များကို လမ်းကြောင်းပြောင်းကာ ဆင်းသက်စေရန် စီစဉ်ထားသည်။

**အေအက်ဖ်ပီ**




# ဩစတြီးယားတွင် ရထားနှစ်စင်းတိုက်မိ၍ လူ ၄၀ ကျော် ဒဏ်ရာရ

**ဗီယင်နာ ဧပြီ ၂၀**
ဩစတြီးယားနိုင်ငံတွင် ဧပြီ ၂၀ ရက်က ခရီးသည်တင်ရထားနှစ်စင်း တိုက်မိမှုကြောင့် လူ ၄၀ ထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ဩစတြီးယားနိုင်ငံ ဆယ်လ်ဘာ့ခ်ျ ဘူတာရုံတွင် အဆိုပါ မတော်တဆမှုဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

ဩစတြီးယားနိုင်ငံ ဖူးရစ်မြို့မှ ဗီယင်နာမြို့သို့ ထွက်ခွာလာသည့် ညဘက် အမြန်ရထားအမှတ်စဉ် (၄၆၇) သည် ဆယ်လ်ဘာ့ဂ်မြို့ရှိ ဘူတာရုံ၌ ရပ်တန့်ထားပြီး နောက်ထပ် တွဲထိုးမှုများပြုလုပ်ရန်ရှိနေစဉ် ရှန်တိန်လုပ်မောင်းနှင်လာသော ရထားက ရပ်တန့်ထားသော ခရီးသည်တင်ရထားကို နောက်ဘက်မှ ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဩစတြီးယားပြည်ထောင်စု ရထားပို့ဆောင်ရေးလုပ်ငန်း (အိုဘီဘီ)၏ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်မိုဆာက ပြောကြားသည်။

ဧပြီ ၂၀ ရက် နံနက် ၄ နာရီ ၄၆ မိနစ်တွင် ရထားမတော်တဆမှုဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ရထားပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ဆယ်လ်ဘာ့ဂ်ျ ဘူတာရုံတွင် သက်ရောက်မှုများမည်မျှရှိမည်ကို ရှင်းလင်းစွာ မသိရှိရသေးပေ။

ယင်းရထားမတော်တဆမှုဖြစ်ပွားပြီးနောက် ကြက်ခြေနီတပ်ဖွဲ့မှ လူနာတင် ယာဉ် ၁၀ စင်းနှင့် မီးသတ်သမား ၄၀ တို့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ စိုးရိမ်ဖွယ်ရာ ထိခိုက်ဒဏ်ရာရသူများ မရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ဓာတ်ပုံများအရ အခင်းဖြစ်နေရာသို့ ဩစတြီးယား ရဲတပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိလာခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ဂျာမန်သတင်းဌာန ဟက်ဖ်ပို့စ်က ဖော်ပြသည်။

**အေအက်ဖ်ပီ**

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၀**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အုပ်ချုပ်မှုပိုင်းကို ပိုမိုပီပြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်သူများကို လက်ခံရာတွင် ဥပဒေနှင့်အညီ စနစ်တကျ စီစဉ်ဆောင်ရွက်ရန်အတွက် ကော်မတီကို ဖွဲ့စည်းရခြင်း ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်ရမှုနှင့်ပတ်သက်၍ နှောင့်နှေးကြန့်ကြာမှုများ ရှိနေရခြင်းမှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူစာချုပ်အရ မြန်မာနိုင်ငံဘက်မှ ဇန်နဝါရီ ၂၃ ရက်မှစတင် လက်ခံဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေခဲ့သော်လည်း တရားဝင်ပြန်လည် ဝင်ရောက်လာခြင်းမရှိသည့်အတွက် နှောင့်နှေးကြန့်ကြာရသည့် အကြောင်းအရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်စုံစမ်းခဲ့ရာ အကြောင်းအရင်းမှန်ကို သိရှိခဲ့ရသဖြင့် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ရှင်းလင်းပြီးဖြစ်ပါကြောင်း။



ပြန်လည်လက်ခံရေးဆောင်ရွက်ရာတွင် ပြန်လည်လက်ခံမည့်ပုံစံတွင် စနစ်တကျ ဖြည့်စွက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ NVC နှင့် ပတ်သက်၍ NVC ကိုင်ဆောင်လျှင် ရရှိမည့် အကျိုးကျေးဇူး ရှစ်ချက်ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ပြန်ပေးရန် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးပြီး နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ နှစ်ခုကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ဝင်ရောက်သူများသည် နှစ်နိုင်ငံ သဘောတူညီချက်အတိုင်း လက်ခံရေးစခန်းများမှတစ်ဆင့် ဝင်ရောက်ရမည်ဖြစ်ပြီး သတ်မှတ်ချက်များအတိုင်း NVC ကိုင်ဆောင်ပြီး ပြန်လည်လက်ခံရေး ကြားစခန်းတွင် ခေတ္တနေထိုင်ရမည် ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးကြားစခန်း၌ မိုးရာသီတွင် လမ်းများအား ကျောက်ခင်းလမ်းများ၊ ရေထုတ်ပြွန်များ ဆောင်ရွက်သွားရန်ကိစ္စ၊ သယ်ယူပို့ဆောင်ရေးအတွက် တပ်မတော်က မော်တော်ယာဉ်များ စက်သုံးဆီရရှိရေး စီမံဆောင်ရွက်ပေးရန်ကိစ္စ၊ လက်ခံရေးနှင့် ကြားစခန်းများတွင် အုပ်ချုပ်ရေးနှင့်ဆိုင်သည့် အဖွဲ့များဖွဲ့စည်းဆောင်ရွက်ပေးရန်ကိစ္စ၊ လယ်မြေများ တာဝန်ယူဆောင်ရွက်ပေးမည့် အပိုင်းများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းပေးရန်ကိစ္စ၊ ကျွဲမွေးစားသောက်စရိတ်များ တိုးမြှင့်ပေးမည့်နှုန်းထား သတ်မှတ်ပေးရန်ကိစ္စ၊ ပြန်လည်နေရာချထားရေး အပိုင်းဖြစ်သော နေအိမ်များတွင် သောက်သုံးရေနှင့် ရေအိမ်များ စနစ်တကျ ဆောင်ရွက်ထားရှိရန်ကိစ္စများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုများနှင့် ပတ်သက်၍ လုပ်ငန်းစီမံချက်ရေးဆွဲတင်ပြရန် လိုအပ်ပါကြောင်း၊ အဓိက လိုအပ်နေသော လမ်းနှင့်တာများကို စနစ်တကျ အမြန်ဆုံးစီစဉ်ဆောင်ရွက်သွားရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆွေးနွေးခဲ့ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များက မိမိတို့ဝန်ကြီးဌာနများအလိုက် တာဝန်ယူထားရသည့် ကဏ္ဍများနှင့် စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**✱ ကျောဖုံးမှ**

ကော်မတီ၏ ပထမအကြိမ်အစီရင်ခံစာကို ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များကို စုစည်းပြီး ဒုတိယအကြိမ် အစီရင်ခံစာကိုပြုစုနေပြီဖြစ်သောကြောင့် အချက်အလက်များကို ပုံစံတကျပေးပို့ခြင်းဖြင့် ပိုမိုကောင်းမွန်သော အစီရင်ခံစာ ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာသူများအတွက် ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း ကော်မတီများဖွဲ့စည်းပြီး ပီပီပြင်ပြင်ဆောင်ရွက်ရန် လုပ်ဆောင်နေပါကြောင်း၊ ပြန်လည်လက်ခံရေးအတွက် မိမိတို့ဘက်မှ အဆင်သင့်ဖြစ်မှု ပြသနိုင်ရန် အရေးကြီးကြောင်း၊ ခေတ္တနေရန်၊ ပြန်လည်လက်ခံရန် စခန်းများ အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း၊ စတင်ဝင်ရောက်လာသူများအတွက် အိမ်ရာနေရာချထားမှုများ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာယုံကြည်မှု၊ စိတ်ချမှု၊ ကြောက်စိတ်များမရှိအောင် ဥပဒေနှင့်အညီ ရှင်းရှင်းလင်းလင်းသိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် လွတ်လပ်စွာသွားလာခွင့်၊ ကြားစခန်းတွင် နေထိုင်ရမည့်ကာလ၊ ယခင်မူလနေရာပြန်လည်ရရှိမှု၊ နိုင်ငံသားလျှောက်ထားပိုင်ခွင့် စသည့် စိုးရိမ်ပူပန်မှုများကို မိမိဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့်ခရီးစဉ်တွင် သိရှိခဲ့ရပါကြောင်း။

**အခြေခံအခွင့်အရေး**

နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်သည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ထားရှိမှုများကို နေရပ်စွန့်ခွာသူများ သိရှိအောင် ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ၎င်းတို့သိရှိသဘောပေါက်မှသာ ပြန်လည်ဝင်ရောက်လာမည်ဖြစ်ပြီး မိမိတို့ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်လာမည် ဖြစ်ပါကြောင်း ၊ အဆိုပါလုပ်ငန်းများသည် ကိုဖီအာနန် အကြံပြုချက်များနှင့်လည်း ဆက်စပ်နေပါကြောင်း၊ (National Verification process) ကို ပေါ်ပေါ်လွင်လွင် သိရှိအောင်ဆောင်ရွက်ရန်အတွက် NV Card ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူး ရှစ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် မြန်မာ - အင်္ဂလိပ်ပြုစုပြီး မီဒီယာများမှတစ်ဆင့် ဖြန့်ဝေရန်လိုအပ်ပါကြောင်း၊ NV Card ကိုင်ဆောင်ခြင်းဖြင့် နိုင်ငံသားလျှောက်ထားခြင်းကို စတင်ဆောင်ရွက်နိုင်ပြီး ငါးလအတွင်း ဥပဒေနှင့်အညီ နိုင်ငံသားအဆင့်အတန်း ရရှိမည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ လွတ်လပ်စွာ ခရီးသွားလာခွင့်အပါအဝင် အခြေခံအခွင့်အရေးများရရှိမည်ဖြစ်ပါကြောင်း။

နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ယခင်အတိုင်းလုပ်ပိုင်ခွင့်များ ပြန်လည်ခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ NV Cardနှင့်ပတ်သက်၍ လွဲမှားစွာ သိရှိနေခြင်းဖြစ်ပါကြောင်း၊ အခွင့်အရေးများ ဆက်တိုက်ရရှိမည်ကို သိရှိသူ နည်းပါးနေခြင်းကို ပိုမိုသိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ဆောင်ရွက်ရန် ၈၈ ချက်အနက် အချက် ၅၇ ချက်အားထိထိမိမိဆောင်ရွက်ထားပြီး ကျန် ၃၁ ချက်ကိုလည်း ကြိုးစားဆောင်ရွက်ပေးရန်နှင့် အကြံပြုဆွေးနွေးပေးရန် နှိုးဆော်ထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း စတင်ပေါ်ပေါက်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ IDP Campများ အားလုံးပိတ်သိမ်းရေး စီမံချက်ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ အလျင်အမြန် ပိတ်သိမ်းရန်ဖြစ်ပြီး ပြီးသင့်ပြီးထိုက်သည့်အချိန် ပြီးစီးရန်အတွက် ဆက်တိုက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အခက်အခဲများကို ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျော်လွှားပြီး စခန်းများပိတ်သိမ်းပြီးသည်အထိ ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် မြေပုံ တောင်ပေါ် IDP Camp ပိတ်သိမ်းရေးလုပ်ငန်းများ ခရီးအတော်ရောက်နေပြီဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ကျောက်တော်နိဒင်စခန်း၊ စစ်တွေ သက္ကယ်ပြင်စခန်း ၊ ခေါင်းဒုက္ကာစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကို စခန်းကိုယ်စားလှယ်များနှင့် ဆောင်ရွက်ထားရာ အောင်မြင်မှုများ ရရှိထားပါကြောင်း၊ ကျန်ရှိစခန်းများ ဆက်လက်ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ခရီးအတော်ရောက်နေ**

ဆက်လက်၍ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်လျင်မြန်အောင် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် အတွေ့အကြုံများကို အခြေခံပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များ အကောင်အထည်ဖော်ရေး၊ ပြန်လည်လက်ခံရေး၊ နေရာချထားရေးလုပ်ငန်းများသည် တွဲဖက်လုပ်ဆောင်ရပြီး လတ်တလောအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီမှ IDP Camp ပိတ်သိမ်းရေးကို ဆောင်ရွက်နေသည်မှာ ခရီးအတော်ရောက်နေပြီဖြစ်ပါကြောင်း၊ ဒေသတွင်းတည်ငြိမ်ရေးသည်လည်း အရေးတကြီးဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြန်လည်လက်ခံရေးနှင့် တည်ငြိမ်ရေးကိုပူးတွဲစဉ်းစား၍ အစီအမံများ ရေးဆွဲ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အစ္စလာမ်ဘာသာဝင်များထဲတွင် တစ်ဖက်နိုင်ငံသို့ ထွက်သွားသူများရှိသကဲ့သို့ ကျန်ခဲ့သူများလည်းရှိကြောင်း၊ တစ်ဖက်နိုင်ငံမှ တိုင်းရင်းသား မျိုးနွယ်စုများလည်း ပြန်လည်ဝင်ရောက်လာခဲ့ရာ နေရာ ခုနစ်နေရာတွင် လူဦးရေ ၃၀၀ ကျော် ရှိသည့်အတွက် ၎င်းတို့ ရပ်တည်နိုင်ရေး အသက်မွေးဝမ်းကျောင်း ကိစ္စရပ်များ၊ နိုင်ငံသားလျှောက်ထားမှု ကိစ္စရပ်များ အဆင့်ဆင့် လုပ်ဆောင်ပေးရမည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် နေထိုင်ရေးကိစ္စများ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဘဝရပ်တည်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းမှုလုပ်ငန်း၊ အသေးစားလုပ်ငန်းများစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မောင်တောဒေသ တစ်ခုတည်းမဟုတ်ဘဲ ရခိုင်ပြည်နယ် တစ်ခုလုံးကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်သည် ခရီးသွားလာရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ဆောင်နိုင်ပြီး မြောက်ဦးလေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းကို ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးရေးပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားမည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မီဒီယာသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေပြီးအခြေအနေမှန်များကို အလေးထားပြီး ဖော်ပြသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**နေအိမ်အလုံး ၅၀**

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဝန်ကြီးဌာနလက်အောက်ရှိ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များတွင် ရခိုင်ဒေသမှ တိုင်းရင်းသားများကို ဦးစားပေး ရွေးချယ်တက်ရောက်စေပြီး သင်တန်းဆင်းသွားသူများကို နှစ်စဉ် ဇူလိုင်လတွင် ဝန်ကြီးဌာနများသို့ အဆိုပြုသည့်ဦးရေအတိုင်း တာဝန်ပေးအပ်လျက်ရှိပါကြောင်း၊ တည်ဆောက်ပြီးစီးသည့် တိုင်းရင်းသားကျေးရွာများကိုလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး တိုင်းရင်းသားများကို နေရာချထားပေးလျက်ရှိပါကြောင်း၊ မြေပုံ IDP Camp ဖျက်သိမ်းရေးလုပ်ငန်းတွင် ဆောင်ရွက်လျက်ရှိသည့် နေအိမ်အလုံး ၅၀ တည်ဆောက်မှုမှာလည်း ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ဆွေးနွေးညှိနှိုင်းခဲ့**

ဆက်လက်၍ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် ဒေါ်လာ ၂၅ သန်းရရှိမည်ဖြစ်ပါကြောင်း၊ စာချွန်လွှာအရ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ကလေးသူငယ်များ ပြုစုစောင့်ရှောက်ခြင်းစသည့် ကဏ္ဍများနှင့် ကိုက်ညီသည့် လုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လိုသည့် လုပ်ငန်းများအတွက် proposal အမြန်တင်ပေးမှသာ လုပ်ငန်းများမြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဒုတိယဝန်ကြီးနှင့် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တိုင်းရင်းသားနှင့် အစ္စလာမ်ဘာသာဝင်များကို တွေ့ဆုံဆွေးနွေးခဲ့ပြီး IDP Camp ပိတ်သိမ်းရေးနှင့်ပတ်သက်၍ သဘောထားများ ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဝန်ကြီးဌာနအလိုက် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ လိုအပ်ချက်များကို အသီးသီးဆွေးနွေးခဲ့ကြပြီး ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**○ မြန်မာအသင်းမှ**

အုပ်စု ပထမရကာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (F) တွင် ပါဝင်ခဲ့ပြီး ငါးပွဲကစားသုံးမှတ်သာ ရသောကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲပုံစံပြောင်းလဲပြီးနောက်ပိုင်း အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ ပထမဆုံးတက်ရောက်ခွင့်ရသည့် မြန်မာကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ထားပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ရန် အာဆီယံဇုန်တွင် ဗိုလ်စွဲနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲအတွက် ဆုကြေးများထုတ်ပြန်ထားပြီး ဇုန်အလိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းအား ဆုကြေးဒေါ်လာ တစ်သိန်း၊ နောက်ဆုံးအဆင့်တွင် ဗိုလ်စွဲသည့်အသင်းအား ဒေါ်လာ ၁ ဒသမ ၅ သန်း၊ ဒုတိယဆုရအသင်းအား ဒေါ်လာ ၇ သိန်းခွဲ ချီးမြှင့်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# နိုင်ငံပိုင်သတင်းစာများ၏ အခန်းကဏ္ဍ

**နိုင်ငံပိုင်သတင်းစာ မထားသင့်ဘူး။ မလိုအပ်ဘူး။ ပြည်သူ့ဘဏ္ဍာတွေကို မလိုအပ်ဘဲ သုံးစွဲနေတယ်။ အရှုံးခံပြီး ထုတ်နေတယ်။ ကြော်ငြာဝေစု လက်ဝါးကြီးအုပ်ထားတယ်ဆိုတဲ့ အသံတွေစပြီး ထွက်ပေါ်လာခဲ့တာ အချိန်အတော်ကြာခဲ့ပါပြီ။ အရပ်သားအစိုးရစစ်စစ် တက်လာပြီးတဲ့နောက်မှာလည်း နိုင်ငံပိုင်သတင်းစာတွေ မရှိသင့်ဘူးရယ်လို့ ပြောကြသလို ဒီမိုကရေစီ တင်းပြည့်ကျပ်ပြည့်မရရှိသေးခင် နိုင်ငံပိုင်သတင်းစာဆိုတာ ရှိသင့်တယ်ဆိုတဲ့ ထောက်ပြဝေဖန်မှုတွေလည်း မကြာခဏ ကြားရပါတယ်။**

### ယနေ့ခေတ်နဲ့ သတင်းစာ

သတင်း၊ အချက်အလက်နှင့် နည်းပညာခေတ်မှာ လူတိုင်းက သတင်းထောက်တွေဖြစ်နိုင်ပြီး အွန်လိုင်းကနေ သတင်းထူးများစွာကို မိနစ်မဆိုင်း လွှင့်တင်နိုင်၊ သိရှိနိုင်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံအများစုမှာ ပုံနှိပ်မီဒီယာထက် အွန်လိုင်းမီဒီယာ၊ ဒစ်ဂျစ်တယ်မီဒီယာဟာ ရှေ့တန်းကို ရောက်ရှိလာနေပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးရန် မောင်းတင်နေဆဲ နိုင်ငံတွေအတွက်ကတော့ ပုံနှိပ်မီဒီယာဆိုတာ ရှိနေရဦးမယ့် အနေအထားပါပဲ။

မိမိတို့နိုင်ငံမှာလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ နိုင်ငံရဲ့အဓိက မဏ္ဍိုင်ကြီးသုံးရပ် တည့်မတ်မှန်ကန်ဖို့အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာတွေက ဖော်ထုတ်ပေးရန် တာဝန်ရှိပါတယ်။ ဒါတင်မက ပဉ္စမမဏ္ဍိုင်လို့ဆိုရမယ့် ပြည်သူကထုတ်ဖော်ပြောကြားလိုတဲ့ အကြောင်းအရာတွေကိုလည်း သတင်းမီဒီယာများက ဖော်ပြကြခြင်းနဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ လုပ်ငန်းစဉ်တွေ ပိုမိုအားကောင်းအောင် အထောက်အကူပေးနိုင်ပါတယ်။

မိမိတို့လိုဖွံ့ဖြိုးရန် ကျားကုတ်ကျားခဲ အားထုတ်နေရတဲ့ နိုင်ငံမှာဆိုရင် ဒီမိုကရေစီဟာ အရှိန်ယူနေရတဲ့ အချိန်ဖြစ်ပြီး အားလုံးဟာ ဒီမိုကရေစီနဲ့ အသားကျဖို့ လုပ်ဆောင်နေကြရတဲ့ ကာလဖြစ်ပါတယ်။ ပြည်သူက တောင်ပြိုကမ်းပြို အားပေးမှုနဲ့ တင်မြှောက်ခဲ့လို့ အရပ်သား အစိုးရဟာလည်း နိုင်ငံ့တာဝန်တွေကို တတ်စွမ်းသမျှ ဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက် အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူကို အစီရင်ခံဖို့ဆိုတာ လိုအပ်တဲ့အချိန်လည်း ဖြစ်ပါတယ်။

### နိုင်ငံပိုင်သတင်းစာတွေရဲ့ အဓိကတာဝန်

ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုတဲ့ မူလတာဝန်များနဲ့အညီ နိုင်ငံပိုင်သတင်းစာတွေကို ထုတ်ဝေပေးနေတာဖြစ်ပါတယ်။ ပြည်သူကို အစိုးရရဲ့လုပ်ဆောင်ချက်တွေ အစီရင်ခံဖို့တင်သာမက ပြည်သူတွေ အသိပညာ၊ ဗဟုသုတ တိုးပွားစေဖို့နဲ့ ပြည်သူတွေ အပန်းပြေစေဖို့ကိုလည်း နိုင်ငံပိုင်သတင်းစာတွေက လုပ်ဆောင်နေပါတယ်။

နိုင်ငံပိုင်သတင်းစာတွေရဲ့ အလုပ်ရှင်သည် နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ တာဝန်ထမ်းဆောင် နေကြသူတွေဟာလည်း သတင်းစာသမားတွေရဲ့ ကျင့်ဝတ်တွေအပြင် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒတွေ၊ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အလျောက် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကျင့်သုံးလို့ ပြည်သူကြားကအသံတွေကိုလည်း နိုင်ငံတော်အစိုးရထံကို တင်ပြပေးနေကြသူများ ဖြစ်ပါတယ်။

ပြင်ပမီဒီယာတွေမှာ သတင်းထောက်တစ်ဦးရဲ့လစာငွေကျပ် ကျပ်နှစ်သိန်းကနေ ငါးသိန်းနဲ့အထက်ရရှိနေကြပြီး အယ်ဒီတာတစ်ဦးရဲ့ အနိမ့်ဆုံးလစာက ငွေကျပ် ကျပ်ငါးသိန်းကနေ ဆယ်ဂဏန်းရှိနေချိန်မှာ အစိုးရသတင်းစာတွေရဲ့ အမြင့်ဆုံးလစာဟာ ပြည်သူ့ဝန်ထမ်းလစာအတိုင်း ရရှိပြီး နိုင်ငံအတွက်၊ ဝါသနာအတွက် တတ်စွမ်းသမျှ ဆောင်ရွက်နေကြသူတွေပဲ ဖြစ်ပါတယ်။

### ဘဏ္ဍာရေး ဘယ်လိုသုံးစွဲသလဲ

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် အကျိုးအမြတ်ရရှိအောင် စွမ်းဆောင်နိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ နှစ်စဉ်ကုန်ကျစရိတ်တွေကို ပြည်ထောင်စုရန်ပုံငွေစာရင်းကနေ ကျခံခြင်း လုံးဝမရှိတော့ပါဘူး။ လုပ်ငန်းသုံး ရင်းနှီးငွေဖြစ်တဲ့ Other Account (OA) ကို ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ကတည်းက စတင်စုဆောင်းခဲ့တဲ့အတွက် အခုအချိန်မှာ လုပ်ငန်းသုံး ရင်းနှီးငွေထဲကနေ သုံးစွဲနေနိုင်ပြီ ဖြစ်ပါတယ်။

နိုင်ငံပိုင်သတင်းစာတွေကို ထုတ်ဝေနေတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဆိုတာ နှစ်စဉ်အမြတ်ရရှိပြီး အရှုံးမပေါ်တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ ပြည်ပကနေ ကုန်ကြမ်းစက္ကူ၊ မင်စသည်တို့ ဝယ်ယူရာ၊ သတင်းစာအတွက် လိုအပ်တဲ့ စက်ပစ္စည်းဝယ်ယူရာတွေနဲ့ သတင်းစာကုန်ချောတွေ တစ်နိုင်ငံလုံးက ပြည်သူတွေ လက်ဝယ်အရောက် ဖြန့်ဖြူးရာတွေ စတဲ့ လုပ်ငန်းစဉ်တိုင်းအတွက် ပုဂ္ဂလိကသတင်းစာများနဲ့တန်းတူ အခွန်အခတွေ ပေးဆောင်နေပါတယ်။

သတင်းစာရောင်းချခြင်းအပေါ် ကုန်သွယ်ခွန်ပေးဆောင်ပြီး တစ်နှစ်တာအတွက် အကျိုးအမြတ်အားလုံးရဲ့ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်ကို ပေးဆောင်လျက်ရှိပါတယ်။ ရရှိလာတဲ့ အမြတ်အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော်ထည့်ဝင်ငွေအဖြစ် ထည့်ဝင်နိုင်ခဲ့ပါတယ်။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ကတည်းက ရရှိလာတဲ့ အမြတ်ငွေတွေထဲကမှ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်နဲ့ နိုင်ငံတော်ထည့်ဝင်ငွေများ ထုတ်နုတ်ပြီး ကျန်ရှိတဲ့ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေ (Other Account) အဖြစ် စုဆောင်းထားရှိခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် Other Account ဟာ နိုင်ငံ့ဘဏ္ဍာတွေ ဖြစ်တဲ့အတွက်လည်း နှစ်စဉ်နှစ်ချုပ်၊ လချုပ်စာရင်းတွေကို ဝန်ကြီးရုံးစာရင်းစစ်အဖွဲ့က လစဉ်စစ်ဆေးပြီး နှစ်ချုပ်စာရင်းကို ဌာနခွဲတွေအလိုက် တိုင်းစာရင်းစစ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ရုံးတို့ကနေ အခြားဝန်ကြီးဌာနပိုင်လုပ်ငန်းများနည်းတူ စစ်ဆေးပေးနေပါတယ်။ Other Account ကနေ ကျခံသုံးစွဲတဲ့ လုပ်ငန်းအတွက် ကုန်ကျစရိတ်တွေကိုလည်း သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ရ/သုံး ခန့်မှန်းခြေ ဦးစီးဌာနက စိစစ်ပေးပြီး ဘတ်ဂျက်ခွဲဝေပေးတဲ့အပေါ် နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်တွေနဲ့ စနစ်တကျသုံးစွဲနေတဲ့ နိုင်ငံ့စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်ပါတယ်။

### သတင်းစာ ရှုံးသလား၊ မြတ်သလား

နိုင်ငံပိုင်သတင်းစာ တစ်စောင်ရဲ့ ရောင်းဈေးဟာ ငွေကျပ် ၅၀ ပါ။ အမှန်တကယ် ထုတ်လုပ်မှုတန်ဖိုးကို တွက်ကြည့်မယ်ဆိုရင် တစ်စောင်ကို ငွေကျပ် ၁၅၀ ဝန်းကျင် ကုန်ကျပါတယ်။ ဘာကြောင့် ငွေကျပ် ၅၀ နဲ့ ရောင်းချပေးနိုင်သလဲဆိုရင် ကြော်ငြာဝင်ငွေရရှိနေလို့ ဖြစ်ပါတယ်။ ကြော်ငြာဝင်ငွေရရှိခြင်းရဲ့ အဓိကအကြောင်းအရာကတော့ အချက်အလက်ခိုင်မာခြင်းဖြင့် ပြည်သူရဲ့ ယုံကြည်မှု (Trust) ကို ရရှိထားလို့ ယူဆရမှာဖြစ်ပါတယ်။ သတင်းစာတစ်စောင်ရပ်တည်ဖို့ စာဖတ်သူ (ပြည်သူ) တွေရဲ့ လက်ခံအားပေးမှု လိုအပ်ပါတယ်။ ယုံကြည်မှုရှိလို့သာ ကြော်ငြာရှင်တွေဟာလည်း ကြော်ငြာကြတဲ့အတွက် သတင်းစာထုတ်လုပ်မှု ကုန်ကျစရိတ် အရှုံးကိုကာမိတဲ့အပြင် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဘဏ္ဍာငွေ ရှာဖွေပေးနိုင်နေတာ ဖြစ်ပါတယ်။

နိုင်ငံပိုင်သတင်းစာတွေမှာ လူမှုရေးကြော်ငြာတွေကို စီးပွားရေးကြော်ငြာနှုန်းထားတွေထက် ဈေးနှုန်းလျှော့ချလက်ခံပေးထားပါတယ်။ တစ်ဖက်မှာ ပုဂ္ဂလိကမီဒီယာတွေ ကြော်ငြာပိုမိုရရှိနိုင်ဖို့အတွက်လည်း ယခင်က ပုဂ္ဂလိကနဲ့ ပူးပေါင်းလုပ်ကိုင်ခဲ့တဲ့ ကြားညှပ်အချပ်ပိုကြော်ငြာထည့်သွင်းမှုလုပ်ငန်းတွေကို ၂၀၁၆ ခုနှစ် ဇွန်လကနေ စတင်ရပ်ဆိုင်းခဲ့ပါတယ်။ သို့သော် ပြည်သူတွေနဲ့ ကြော်ငြာရှင်တွေရဲ့ လက်ခံအားပေးမှုကြောင့် သတင်းစာစောင်ရေနဲ့ ကြော်ငြာဝင်ငွေဟာ များပြားနေဆဲဖြစ်ပါတယ်။

### သတင်းစာရဲ့ပန်းတိုင်

နိုင်ငံတော်အစိုးရရဲ့ ထုတ်ပြန်ချက်၊ ပြည်သူကို အသိပေးချက်၊ ပြည်သူတွေကို အစီရင်ခံတင်ပြချက်တွေကို ပြည့်ပြည့်စုံစုံ ဖော်ပြပေးရမယ့်အလုပ်ကို ပြည်သူ့သတင်းစာတွေဖြစ်တဲ့ နိုင်ငံပိုင်သတင်းစာတွေက လုပ်ဆောင်ပါတယ်။ တရားဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဥပဒေမူကြမ်းတွေကိုလည်း အများပြည်သူတွေ သိရှိနိုင်ဖို့ ပုံမှန်ဖော်ပြပေးနေပါတယ်။

ပြည်သူကနေ အစိုးရကိုတင်ပြလိုတဲ့ အကြောင်းအရာတွေကိုလည်း သတင်းစာကျင့်ဝတ်တွေနဲ့အညီ ဖော်ပြပေးနေပါတယ်။ ဒီ့အပြင် ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ ခံစားမှု၊ ပြည်သူတွေရဲ့ လှုပ်ရှားမှုတွေကို ဖော်ပြပေးတဲ့နေရာမှာလည်း တတ်နိုင်သမျှ အပြည့်ဝဆုံး၊ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မှု၊ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်တိုက်လုပ်ဆောင်လျက်ရှိပါတယ်။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆီ ချီတက်နေတဲ့ မိမိတို့တိုင်းပြည်မှာ မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေ၊ ပြည်သူ့အစိုးရက ပြည်သူကို အစီရင်ခံလိုတဲ့ အကြောင်းခြင်းရာတွေနဲ့ ပြည်သူတွေ သိသင့်သိထိုက်တဲ့အရာတွေ၊ ပြည်သူတွေရဲ့အသံတွေကို ပြည်သူတွေသိအောင် မီဒီယာတွေက ကြိုးစားနေချိန်မှာ နိုင်ငံပိုင်သတင်းစာတွေဟာလည်း ပြည်သူနဲ့အစိုးရကြားက ပေါင်းကူးတံတားအဖြစ် အကောင်းဆုံး ကြိုးစားတင်ဆက်ခြင်းဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနေတယ်ဆိုတာကတော့ အသေအချာပါပဲ။ ။

> “နိုင်ငံပိုင်သတင်းစာတွေရဲ့ အလုပ်ရှင်သည် နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ တာဝန်ထမ်းဆောင်နေကြသူတွေဟာလည်း သတင်းစာသမားတွေရဲ့ ကျင့်ဝတ်တွေအပြင် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒတွေ၊ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အလျောက် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကျင့်သုံးလို့ ပြည်သူကြားက အသံတွေကိုလည်း နိုင်ငံတော်အစိုးရထံကို တင်ပြပေးနေကြသူများ ဖြစ်ပါတယ်”

> “နိုင်ငံပိုင်သတင်းစာတွေကို ထုတ်ဝေနေတဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဆိုတာ နှစ်စဉ်အမြတ်ရရှိပြီး အရှုံးမပေါ်တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဖြစ်ပါတယ်။ ပြည်ပကနေ ကုန်ကြမ်းစက္ကူ၊ မင် စသည်တို့ ဝယ်ယူရာ၊ သတင်းစာအတွက် လိုအပ်တဲ့ စက်ပစ္စည်းဝယ်ယူရာတွေနဲ့ သတင်းစာကုန်ချောတွေ တစ်နိုင်ငံလုံးက ပြည်သူတွေ လက်ဝယ်အရောက် ဖြန့်ဖြူးရာတွေစတဲ့ လုပ်ငန်းစဉ်တိုင်းအတွက် ပုဂ္ဂလိကသတင်းစာများနဲ့တန်းတူ အခွန်အခတွေ ပေးဆောင်နေပါတယ်”

**မေဦးမိုး(မြန်မာ့အလင်း)**

---

## စကောကရင်စာပေနှင့်ယဉ်ကျေးမှု သင်ကြားရေးစွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်လှစ်

**ကျောက်တံခါး ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် ခရိုင်အဆင့် စကောကရင်စာပေနှင့် ယဉ်ကျေးမှု သင်ကြားရေးစွမ်းရည်မြှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီတွင် အထက(ဖဒို)၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးက ယခုကဲ့သို့ စကောကရင်စာပေနှင့်ယဉ်ကျေးမှု သင်ကြားရေးစွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ရခြင်းမှာ ကရင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ စာပေနှင့် ဓလေ့ထုံးစံများကို လူငယ်များမှန်မှန်ကန်ကန် သိရှိစေရန်နှင့် ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ဂရုစိုက်လေ့လာ သင်ယူကြရန်နှင့် လူငယ်များအား ပြန်လည်သင်ကြားရာတွင်လည်း စာပေသာမက စကားပြောဆိုမှုကိုပါ တစ်ပါတည်း သင်ကြားပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုဒု-ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်ကရင်စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ၊ မြို့နယ် ဒု-ပညာရေးမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြပြီး မြို့နယ်စကောကရင်စာပေနှင့်ယဉ်ကျေးမှု ဒုဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရန် စီစဉ်ထားရှိမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ သုံးရက်ဖြစ်ကြောင်းနှင့် ပဲခူးခရိုင်အတွင်းရှိ စကောကရင်စာပေသင်ကြားရေး ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

## ဖြူးမြို့ ကိုးနဝင်းစေတီတော်တွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ဖြူး ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူးမြို့အရှေ့ဘက် ငါးခေါင်းအင်းရွာဦးထိပ်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်က တည်ထားခဲ့သော ကပ်ကျော်ဆုတောင်းပြည့်ကိုးနဝင်းစေတီတော်မြတ်ကြီးအား အလှူရှင် ငါးခေါင်းအင်းဇာတိ ဗိုလ်မှူးမြင့်ဌေးနှင့် မိသားစုက သိန်း ၁၀၀ ကျော် အကုန်အကျခံ၍ အကြီးစားပြင်ဆင်မှုများပြုလုပ်ခဲ့ရာ ပြီးစီးအောင်မြင်မှု အထိမ်းအမှတ်အနေဖြင့် ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့) နံနက်ပိုင်းက သံဃာတော် ၄၅ ပါး ပင့်ဖိတ်၍ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများကပ်လှူပြီး မွန်းလွဲ ၁ နာရီတွင် ဆုတောင်းပြည့် ကိုးနဝင်းစေတီတော်အား လက်ယာရစ်၍ ဆွမ်းဆန်များကို အလှူခံကြွတော်မူကြသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသည့် ကရင်ရွာ၊ ချောင်းကောက်၊ ဖိုးကတုံး၊ ဇောင်းလျားကုန်၊ ကျွန်းပေါ်၊ ကျားသောင်၊ ငါးခေါင်းအင်းတောင်/မြောက်ရွာတို့မှ စေတနာရှင်ပြည်သူများက နွားလှည်းများဖြင့် လာရောက်လောင်းလှူကြကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

# လုပ်ငန်းခွင်တွင် စဉ်ဆက်မပြတ်သင်ယူကာ အပြောင်းအလဲကိုလက်ခံတတ်ဖို့လိုပြီ

## ■ သရက်တန်းစိုးရွှေ(စိတ်ပညာ)

“ ၂၁ ရာစုခေတ်တွင် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းနည်းကို ကျင့်သုံးရမည်ဆိုသည်ကို မသိသလို ဖြစ်နေပေသည်။ လက်ရှိခေတ်ကာလတွင် အမြဲတမ်း သင်ယူကာ မကြိုးစားသမျှ နောက်က ကျန်နေခဲ့မည်ဆိုသည်ကို သိရှိကာ ကြိုးစားပါမှ မိမိနယ်ပယ်တွင် တိုးတက်မည်ဖြစ်ပေသည် ”

အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ပြောပါဆိုလျှင် လူငယ်များစွာကို တိုးတက်စေချင်သော စိတ်ဆန္ဒက ထိပ်ဆုံးမှ ပါဝင်နေမည်ဖြစ်သည်။ အဖွဲ့အစည်းနှင့် လုပ်ကိုင်သည့် လုပ်ငန်းများတွင် လူများစွာ စိတ်ဓာတ်အထွေထွေ ခံယူချက်အသီးသီးဖြင့် ရှုန်းကန်နေကြမြဲပင် ဖြစ်သည်။ လက်ရှိကာလ ဝန်ထမ်းခေါ်ဆိုမှုတွင် အနည်းဆုံးဘွဲ့ရအဆင့်မှ ကွန်ပျူတာကျွမ်းကျင်အဆင့်နှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု ရှိ၊ မရှိတို့ကို ဦးစားပေးမေးမြန်းတတ်မြဲပင် ဖြစ်သည်။ထိုသို့သော ကာလတွင် အင်တာဗျူးခွင့်ရတိုင်း ကိုယ်တိုင်ဗျူးသည့်သူကို မေးခွန်းတစ်ခု လိုက်လိုက်လှဲလှဲ မေးမိတတ်ပေသည်။ ထိုမေးခွန်းမှာ စာဖတ်ပါသလားဆိုသော မေးခွန်းသာလျှင် ဖြစ်ပေသည်။

လက်တွေ့နယ်ပယ်တွင် အင်တာဗျူးသူ ဆယ်ဦးတွင် သုံးဦးမျှသာ စာဖတ်ဝါသနာပါပြီး ကျန်ခုနစ်ဦးမှာ စာဖတ်ဝါသနာမပါသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်နေရပေသည်။ တိုးတက်ပြောင်းလဲမှုများအတွက် အခြေခံပြောင်းလဲရမည့်အရာမှာ မူလစိတ်ဓာတ်အကျင့်ဆိုးများကို ပထမဦးစွာ ပြောင်းလဲရမည်ဖြစ်ပေသည်။ တာဝန်သိစိတ်၊ စေတနာထားသည့် အလေ့အထ၊ တိုးတက်လိုစိတ်ရှိခြင်း၊ လေ့လာသင်ယူလိုခြင်းမှအစ စည်းကမ်းလိုက်နာခြင်းများကို စိတ်ထဲစွဲအောင်သင်ပြပေးရန်သာလျှင် ဖြစ်ပေသည်။ လက်ရှိကာလ ကုန်ထုတ်လုပ်ငန်းများမှအစ စက်ရုံ အလုပ်ရုံများတွင် မူလကျင့်သုံးခဲ့သည့်စနစ်ဟောင်းအတိုင်း ကျင့်သုံးလိုကြပေသည်။ ခေတ်နောက်ကျနေသော နည်းစနစ်၊ အတွေးအခေါ်၊ လုပ်ကိုင်ပုံများကိုသာလျှင် ဆက်လက်ကျင့်သုံးကာ လွယ်လွယ်လုပ်ကိုင်လိုကြပေသည်။ တိုးတက်လိုသမျှ အဟောင်းထဲမှ အပြောင်းအလဲကို လက်ခံမှ ရနိုင်မည်ဖြစ်သည်။

ကျန်းမာရေးနှင့် ညီညွတ်သောထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ISO စနစ်များ၊ GNP စနစ်များဖြင့် လုပ်ကိုင်လာကြသည်။ ထိုသို့သော ထုတ်ကုန်စနစ်တွင် မူလကျင့်သုံးခဲ့သော နည်းစနစ်များနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ကာ စနစ်တကျလုပ်ကိုင်လာရပေသည်။ သန့်ရှင်းရေးမှအစ နည်းစနစ်ကျကျ မှတ်တမ်းများဖြင့် လုပ်ဆောင်ကြရပေသည်။ သာမန်ကုန်ထမ်းသမားများကမူ စားသောက်ကုန်ထုတ်လုပ်သည့်အတွက် ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ၊ ခြေလက်သန့်ရှင်းအောင်ရေဆေးပြီးမှဝင်ခြင်း၊ နှာခေါင်းစည်းများ တပ်ခြင်း၊ ယူနီဖောင်း အပြည့်အစုံဖြင့် စနစ်တကျလုပ်ကိုင်ခြင်း၊ လုပ်ငန်းခွင် ဧရိယာအတွင်း စားသောက်ခြင်းမပြုရဆိုသော စည်းကမ်းများနှင့်အတူ အဆင့်မြင့်ထုတ်ကုန်များအတွက် စနစ်တကျပြုလုပ်ခြင်းကို ရှုပ်သည်ဟု ခံယူလေ့ရှိကြပေသည်။

စည်းကမ်းဆိုသောအရာနှင့် နည်းစနစ်များကို လူကြီးလာမှလုပ်ရသည့်အရာဟုပင် သတ်မှတ်ကာ အရိုးစွဲသော အကျင့်ဟောင်းတို့ကို ပြုကျင့်နေကြမြဲပင် ဖြစ်ပေသည်။ အခြေခံပညာနည်းသူများ၊ ပေါ့ပေါ့တွေးကာ ပေါ့ပေါ့လုပ်ကိုင်သူများနှင့် လက်တွဲလုပ်ဆောင်မှုတွင် မကောင်းသောစိတ်ဓာတ်တို့ကို ပြုပြင်ပေးကာ လုပ်ဆောင်ရပေသည်။ နေ့စဉ်အခြေခံစိတ်ဓာတ်များ တိုးတက်ရေး၊ အသိပညာရရေးအတွက် လုပ်ငန်းခွင်မဝင်မီ ငါးမိနစ်ခန့် ပြောဆိုပေးသည့် နည်းလမ်း၊ အခြေခံစိတ်ရိုင်းကို ပြုပြင်သည့်နည်းများကို အသုံးပြုလာကြရပေသည်။ ထိုသို့သော လုပ်ဆောင်မှုအတွက် နံနက်ခင်းတိုင်း အလုပ်ခွင်မဝင်ခင် ငါးမိနစ်ခန့် ပြောဆိုရှင်းပြပေးရပေသည်။ ထိုသို့သော ပြောဆိုစည်းရုံးမှုများတွင် အချိုသာဆုံးသော စည်းရုံးနည်းဖြင့် ပြောဆိုကာ ပညာပေးရပေသည်။ အခြေခံအဆင့်အနေဖြင့် မင်္ဂလာပါနှုတ်ဆက်နည်းမှအစ သင်ကြားကာ ပြောဆိုရပေသည်။ တာဝန်သိရေး၊ စည်းကမ်းရှိရေး၊ စိတ်ဓာတ်မြင့်မားစွာထားရှိရေးအတွက် တစ်နေ့တစ်မျိုး မရိုးသော ဇာတ်လမ်းများဖြင့် စည်းရုံးပညာပေးနေရပေသည်။

တစ်နေ့ငါးမိနစ်ဆိုသော ကာလအတွင်း စိတ်ဓာတ်တက်ကြွစေခြင်းဖြင့် စတင်ရန် နေ့စဉ်ပြောနေရပေသည်။ စနစ်တကျ လုပ်ဆောင်ရေးနှင့် လုပ်ငန်းခွင်အတွင်းမှ သင်ယူစရာများကို သင်ယူရေး၊ လူမှုဆက်ဆံရေးကို အမြတ်ယူရန်အတွက် စည်းရုံးသိမ်းသွင်းနေရပေသည်။ အများစုမှာ ငွေသာလျှင်အဓိက စနစ်ကသာမညဟု မှတ်ယူကာ အလွယ်လုပ်ဆောင်သည်များလည်း ရှိနေပေသည်။ လုပ်ငန်းအပေါ် စေတနာထားခြင်းထက် ဈေးတွက်တွက်ကာ နေတတ်ပေသည်။ လမ်းညွှန်မှုတစ်ခု ပြုလုပ်တိုင်း လူကြီးကို ကြောက်သောကြောင့် ပြောခြင်း၊ အထက်ကိုဖားကာ အောက်ကို ဖိသည်ဟုပင် အတွေးမှားများဖြင့် ဆန့်ကျင်ပြောဆိုသည်လည်း တွေ့နေရပေသည်။

မည်မျှပင်စည်းရုံးစေကာမူ လိုက်နာမှုနည်းပါးပြီး မူလလုပ်ကိုင်သည့်စနစ်အတိုင်း အလွယ်သာ ပြုလုပ်လိုကြပေသည်။ မိမိတာဝန်ထမ်းဆောင်နေသော လုပ်ငန်းခွင်အတွင်း တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်မည်ဆိုသည့် အတွေးအခေါ်တို့ ဖြစ်ပေါ်မလာကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်နေပေသည်။ ၂၁ ရာစုခေတ်တွင် စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းနည်းကို ကျင့်သုံးရမည်ဆိုသည်ကို မသိသလို ဖြစ်နေပေသည်။ လက်ရှိခေတ်ကာလတွင် အမြဲတမ်း သင်ယူကာ မကြိုးစားသမျှ နောက်က ကျန်နေခဲ့မည်ဆိုသည်ကို သိရှိကာ ကြိုးစားပါမှ မိမိနယ်ပယ်တွင် တိုးတက်မည်ဖြစ်ပေသည်။

လက်ရှိလုပ်ငန်းခွင်တွင် မှားသော အတွေးများအကြား တိုးတက်မှုသည်ကား နည်းပါးနေပေသည်။ တိုးတက်မှုကိုလိုလားသူ၊ ခေါင်းဆောင်သူနှင့် ငယ်သား အမြဲရန်ပွားနေခြင်းဖြင့် အားမရခြင်းများ ဖြစ်ပေါ်နေတတ်ပေသည်။ လိုက်နာသူများတွေ့ပါက စိတ်ချမ်းသာကြရပေသည်။ တိုးတက်လာသောခေတ်၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည့်ခေတ်တွင် တိုးတက်ရေးအတွက် အဟောင်းထဲမှအပြောင်းအလဲကို လက်ခံရမည်ဖြစ်ပေသည်။ စည်းကမ်းလိုက်နာသလို နည်းလမ်းများစွာကိုလည်း သင်ကြားနေရမည် ဖြစ်ပေသည်။ အစဉ်လေ့လာသင်ယူခြင်းများနှင့်အတူ တိုးတက်သော ကုန်ထုတ်လုပ်ငန်းများကို လက်လှမ်းမီအောင်လေ့ကျင့်ပေးကြရမည် ဖြစ်ပေသည်။ တိုးတက်ခေတ်မီသော အတွေးအခေါ် လုပ်ကိုင်နည်းစနစ်များနှင့်တကွ အခက်အခဲများကို စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ခံယူကာ လေ့လာကျင့်ကြံလုပ်ကိုင်ကြရမည့်ကာလပင် ဖြစ်ပေသည်။သို့အတွက် တိုးတက်ဖွံ့ဖြိုးဖို့အရေး အတွေးအခေါ်အဟောင်းများထဲမှ အပြောင်းအလဲလေးများကို လေ့လာသင်ယူရင်း ချီတက်သင့်လှပါပေသည်။ ။

## မီးဘေးအန္တရာယ်ကင်းဝေးစေရေး ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး မေ ၂၀**

ပူပြင်းခြောက်သွေ့သော နွေရာသီအချိန်ရောက်ရှိလာပြီဖြစ်သဖြင့် ညောင်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနစ်နာမှုမရှိစေရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှုရှိစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင်(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မေ ၁၉ ရက် နံနက်ပိုင်းတွင် ညောင်ဦး-ချောက် ကားလမ်းဘေးရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်သို့ သွားရောက်ပြီး ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူးက စက်သုံးဆီဆိုင်များတွင် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက လျင်မြန်စွာ တုံ့ပြန် ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မီးငြိမ်းသတ်ပစ္စည်းများ စနစ်တကျ စီမံဆောင်ရွက်ထားရှိရန်၊ ရေလှောင် အုတ်ရေကန်များ၌ ရေများပြည့်အောင် ဖြည့်တင်းဆောင်ရွက်ထားရှိရန်၊ စက်သုံးဆီများရောင်းချရာတွင် ဝန်ထမ်းများကို သေချာစွာစနစ်တကျ ကိုင်တွယ်အသုံးပြုရောင်းချသွားစေရန်နှင့် ဆီဆိုင်အဆောက်အအုံများတွင် တပ်ဆင်အသုံးပြုထားရှိသည့် လျှပ်စစ်မီးကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို အခါအားလျော်စွာ ကြပ်မတ်စစ်ဆေးရန်တို့ကို ရှင်းလင်းဆွေးနွေးမှာကြားခဲ့ပြီး မီးဘေးနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လုပ်ဆောင်ထားမှု ရှိ၊ မရှိ အခြေအနေများကို စစ်ဆေးကာ မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးသတ်ပစ္စည်းများ အသုံးပြု၍ စနစ်တကျမီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြခဲ့သည်။

အလားတူ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးကျော်တေဇ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၉ ရက်က ညောင်ဦး-မြင်းခြံသွားလမ်းဘေး ဝဲ၊ ယာရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင်များသို့ သွားရောက်စစ်ဆေးပြီး မီးငြိမ်းသတ်နည်း ပညာပေးသရုပ်ပြသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**





ယမန်နှစ်က ကျင်းပခဲ့သည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမြင်ကွင်း။

## ညောင်လေးပင်မြို့၌ (၉၉)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ညောင်လေးပင် မေ ၂၀**

မြတ်ဗုဒ္ဓ၏ နေ့ထူးနေ့မြတ်များတွင် ကဆုန်လပြည့်နေ့သည် အထူးမြတ်ဆုံးသောနေ့ဖြစ်သည်နှင့်အညီ ညောင်လေးပင်မြို့ ဝိုင်အမ်ဘီအေ အသင်းကြီးကဦးဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲများ မဲဖောက်လှူဒါန်းပွဲကို မေ ၂၉ ရက် ကဆုန်လပြည့်နေ့ ညနေ ၄ နာရီတွင် မြို့မ ၁ ရပ်ကွက် ဝိုင်အမ်ဘီအေအသင်းတိုက်ရှေ့ ဗဟိုမဏ္ဍပ်၌ (၉၉)ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲလှူဒါန်းပွဲတွင် ဝိုင်အမ်ဘီအေအသင်းကဦးဆောင်၍ မြို့ပေါ် ဆွမ်းလောင်းအသင်းများ၊ ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များမှ မိမိတို့ဌာနအလိုက် အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် မဏ္ဍပ်ငယ်များနှင့် ခုံတန်းရှည်များကို မြို့မဈေးကြီးရှေ့ ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် အစဉ်လိုက်တန်း၍ သဒ္ဓါတတ်အားသရွေ့ လှူဖွယ်ဝတ္ထုများဖြင့် ကိုယ်တိုင်ကိုယ်ကျ စည်ကားသိုက်မြိုက်စွာ လောင်းလှူပွဲကို နှစ်စဉ်ကျင်းပလျက်ရှိသည်။

ယခုနှစ်တွင် ကဆုန်လပြည့်နေ့ နံနက် ၇ နာရီတွင် ဝတ်အသင်း ၁၃ ဖွဲ့မှ မဟာတိလောကသယမ္ဘူဘုရားကြီးဝင်းအတွင်းရှိ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းကြမည် ဖြစ်ပြီး ညနေ ၄ နာရီတွင် မြတ်စွာဘုရားရှင်အား အမှူးထားလျက် ညောင်လေးပင် မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၉၉ ကျောင်းမှ သံဃာတော် ၁၁၁၆ ပါးတို့အား ယခင်နှစ်များအတိုင်း ဆွမ်းဆန်စိမ်းနှင့် စာရေးတံမဲလှူဒါန်းမည်ဖြစ်သည်။ ဆွမ်းဆန်စိမ်းလောင်းလှူမည့်သူများအနေဖြင့် လှူဖွယ်ဝတ္ထုတို့ကို ကိုယ်တိုင်ကိုယ်ကျလှူဒါန်းနိုင်သလို ဝိုင်အမ်ဘီအေအသင်းသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## ပြည်တွင်းရေးရာ

◆ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်းနေအိမ်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဟိုချီမင်းနေအိမ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ဗီယက်နမ်နိုင်ငံတွင် ရောက်ရှိနေကြသည့် ပညာတော်သင်များနှင့် မြန်မာနိုင်ငံသားများအား တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးချုပ်ရုံးသို့ ရောက်ရှိပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. Nguyen Phu Trong နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ အစိုးရ၊ လွှတ်တော်၊ ပါတီနှင့် ပြည်သူတို့အကြား ထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ အထူးသဖြင့် လူငယ်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ အာဆီယံ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံးသို့ ရောက်ရှိပြီး ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Madame Nguyen Thi Kim Ngan နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာ-ဗီယက်နမ် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအကြား လေ့လာရေးခရီးစဉ်များ အပြန်အလှန်စေလွှတ်ရေးနှင့် လွှတ်တော်ဥပဒေပြုရေး၊ လုပ်ငန်းစဉ်ဆိုင်ရာများ၊ ဗီယက်နမ်နိုင်ငံ၏စီးပွားရေးပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Dang Dinh Quy၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission Mr. Le Gia Thinh နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်အမျိုးသားခေါင်းဆောင်ကြီး ဟိုချီမင်း၏နေအိမ်၌ လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး H.E. Mr. Nguyen Phu Trong တို့ တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung တို့ တွေ့ဆုံစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်နှင့်
Viettel Group ဥက္ကဋ္ဌ
Major General Nguyen
Manh Hung တို့ တွေ့ဆုံစဉ်။
*(သတင်း-ရွှေဖုံး)*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# မြစ်ကြီးနားမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၀**

၂၀၁၈ ခုနှစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း မဥ္ဇူသကခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကချင်ပြည်နယ်ဥပဒေချုပ်၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စေတနာဖြင့် လုပ်အားပေးဆောင်ရွက်ကြမည့် တက္ကသိုလ်များမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ စာသင်သားများ၊ ပညာရေးမိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျောင်းသူလေးများက **'မနောမြေမှ ဖိတ်ခေါ်သံ'** သီချင်းအကဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ကာ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို နွေရာသီတွင်သာမက တစ်နှစ်ပတ်လုံးကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယခုလို နွေရာသီကျောင်းပိတ်ရက်ကာလများတွင် စေတနာရှင်လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး



ကျန်ကာလများတွင် ဒေသခံစေတနာရှင် လုပ်အားပေးများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ၂၀၁၈ ခုနှစ် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်ပြီးမြောက်စေရန်အတွက် အဘက်ဘက်က ကူညီပံ့ပိုးပေးကြပါသော ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ အခြေခံစာတတ်မြောက်ရေးကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အထူးသဖြင့် လုပ်အားဒါနပြုကြသော မြစ်ကြီးနားတက္ကသိုလ်မှ စေတနာရှင်လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ အထူးကျေးဇူးတင်ရှိပါကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပညာဒါနပြုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့လုပ်အားပေးသည့် ရက်ပေါင်း ၄၀ အတွင်း စာသင်သားများအားအခြေခံ အရေး၊ အဖတ်၊ အတွက် ကျွမ်းကျင်အောင် စေတနာထားသင်ကြားပေးကြရန် ပြောကြားသည်။

ယင်းနောက် မြစ်ကြီးနားမြို့နယ် အခြေခံပညာကျောင်းသား ကျောင်းသူများက **'မနောမြေမှ ကြိုနေမယ်'** ကချင်တိုင်းရင်းသားရိုးရာအကဖြင့် ဂုဏ်ပြုကပြဖျော်ဖြေကြသည်။

ထို့နောက် မြစ်ကြီးနားမြို့နယ် အခြေခံပညာကျောင်းသား ကျောင်းသူများက **'နှစ်သစ်မှာပျော်ရွှင်ချမ်းမြေ့ပါစေ'** ရှမ်းတိုင်းရင်းသားအကဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။ ယင်းနောက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး အခြေခံစာတတ်မြောက်ရေးအထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲနှင့် တာဝန်ရှိသူများသည် မန်ခိန်ရပ်ကွက် စာသင်ဝိုင်းသို့ သွားရောက်၍ အခြေခံစာတတ်မြောက်ရေး သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာသင်သားများအား သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ်နှင့် တက္ကသိုလ်ဆရာ ဆရာမများ၊ ပညာရေးမိသားစုများအား တွေ့ဆုံကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်စေရေးအတွက် ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ကလည်း မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ စာသင်ဝိုင်း၊ ကျွန်းပင်သာရပ်ကွက် စာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး စာသင်သားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ စစ်ဆေးကြည့်ရှု

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်ဖြင့် ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာမြို့နယ် စက်မှုဇုန်အပိုင်း (၃)ရှိ Myanmar Deco- TBSP Special Products Company Limited သို့ သွားရောက်ခဲ့ရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ငွေစုစာအုပ်၊ ချက်စာအုပ်များ ထုတ်လုပ်နေမှုအခြေအနေ၊ ပြည်တွင်းဖြန့်ဖြူးရောင်းချမှု အစီအစဉ်နှင့် လုပ်သားများ လေ့ကျင့်ခန့်ထားမှု အခြေအနေများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းတိုးချဲ့ ဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်ရရှိနိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်လည်ဝင်ရောက်လာသူတွေအတွက် လိုအပ်တဲ့ကိစ္စမှန်သမျှ ဖြည့်ဆည်းနိုင်ဖို့ ပြည့်ပြည့်စုံစုံ ဖြစ်နေပြီ

**ရန်ကုန် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားနှင့် ဒါကာမြို့သို့ မေ ၁၁ ရက်မှ ၁၃ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ မေ ၁၉ ရက်တွင် ကျင်းပခဲ့သည်။

ထိုသို့ သတင်းစာရှင်းလင်းပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက "ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲလုပ်တဲ့ ရည်ရွယ်ချက်က ရှင်းရှင်းလေးနဲ့ ရိုးရိုးလေးပါပဲ၊ ကျွန်တော်တို့ ပြန်လည်လက်ခံဖို့၊ အမြန်ဆုံးပြန်လည်လက်ခံဖို့ ကျွန်တော်တို့မှာ ဆန္ဒရှိတယ်၊ ဒီမှာနေခဲ့ဖူးတဲ့သူ မှန်သမျှကိုလည်း လူဦးရေသတ်မှတ်ချက်မထားဘဲ နှစ်နိုင်ငံသဘောတူစာချုပ်ထဲမှာပါတဲ့အတိုင်း ချက်ချင်းပြန်လည်လက်ခံချင်တဲ့ဆန္ဒရှိတယ်၊ ရာသီဥတုကလည်း မုတ်သုံရာသီ ဝင်တော့မယ်။

"ဒါကြောင့် ကျွန်တော်တို့ အဲဒီဘက်ကို သွားတယ်၊ သွားတယ်ဆိုတာ ဘာလဲဆိုတော့ ပြန်လည်လက်ခံဖို့ နှောင့်နှေးနေတဲ့အတွက်ကြောင့် နှောင့်နှေးနေတဲ့ အချက်တွေ ဘာတွေရှိလဲ၊ ဘာကြောင့် နှောင့်နှေးရလဲဆိုတာကို သိရအောင်လို့ ကိုယ်တိုင်သွားတာ ဖြစ်ပါတယ်၊ တကယ်ပဲ နှောင့်နှေးတဲ့အကြောင်းက ပြန်လာချင်သူတွေက သတ်မှတ်ပုံစံမှာ ပုံစံကျဖြည့်ထားတာ မရှိဘူး၊ ဖြည့်ပြီးတော့ပို့တဲ့ပုံစံတွေကလည်း သတ်မှတ်ပုံစံမဟုတ်တဲ့အတွက် ကျွန်တော်တို့ စစ်ဆေးရတာ ခက်တယ်၊ ဒါကြောင့် ကြန့်ကြာနေတယ်ဆိုတာ အဖြေထွက်ခဲ့ပါတယ်၊ ပြန်လာချင်သူတွေ များစွာရှိသော်လည်း တစ်ဦးမှ ဖြည့်ရမယ့်ပုံစံ မတွေ့ဖူးဘူး၊ ကိုယ်တိုင်မဖြည့်ရဘူး။

"နောက်တစ်ခါ ဒီလိုအင်မတန်အရေးကြီးတဲ့ ကိစ္စကို နိုင်ငံခြားရေး၊ ပြည်ထဲရေးဝန်ကြီးတွေနဲ့ တွေ့ဆုံပြီး ဆွေးနွေးဖို့ပါပဲ၊ တကယ့်အဖြစ်အပျက်တွေကို ဆွေးနွေးနိုင်မှ ရှေ့ကိုဆက်ပြီး အခက်အခဲတွေ ကျော်လွှားပြီး လျင်လျင်မြန်မြန် ပူးပေါင်းဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ရရှိဖို့အတွက် ကျွန်တော်တို့ သွားတာဖြစ်ပါတယ်၊ ဒီလို ရည်ရွယ်ချက် နှစ်ခုနဲ့သွားတာဖြစ်ပါတယ်၊ ပူးပေါင်းဆောင်ရွက်ဖို့ ကိစ္စတွေလည်း ဆွေးနွေးခဲ့ပါတယ်။

"နောက်တစ်ချက်က ကျွန်တော်တို့ ဘာတွေ နောက်ဆုံးပြင်ဆင်ပြီးပြီလဲဆိုတာပါပဲ၊ ဒါကလည်း ကျွန်တော်တို့ရဲ့ နှစ်နိုင်ငံ သဘောတူညီချက်ထဲမှာ ပါဝင်တာတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ စာချုပ်ထဲမှာပါတဲ့အတိုင်း ဇန်နဝါရီ ၂၃ ရက်ကစပြီး လက်ခံလို့ရအောင် အဲဒီမှာ အဆင်သင့်ဖြစ်အောင်လုပ်တယ်။

"အခုပိုပြီးတော့ အဆင်သင့် ဖြစ်လာတယ်၊ အဲဒီအတွက်ကြောင့်မို့ အခုလောလောဆယ်အချိန်မှာ ကျွန်တော်တို့အနေနဲ့ ပြန်လည်ဝင်ရောက်လာသူတွေအတွက် လိုအပ်တဲ့ကိစ္စတွေမှန်သမျှကို ဖြည့်ဆည်းနိုင်ဖို့ ပြည့်ပြည့်စုံစုံ ဖြစ်နေပြီလို့ ပြောချင်ပါတယ်။

"ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်တွေကို အကောင်အထည်ဖော်နေတာလည်း ထိထိရောက်ရောက်ပါပဲ၊ လွတ်လပ်စွာ သွားလာခွင့်၊ ဥပဒေနဲ့အညီ နိုင်ငံသားဖြစ်ခွင့်နဲ့ ၂၀၁၂ ခုနှစ် ကတည်းက တည်ရှိခဲ့တဲ့ ဒုက္ခသည်စခန်းတွေ ပိတ်သိမ်းရေးကြိုးပမ်းမှုတွေက ပြန်လည်ဝင်ရောက်လာရေး၊ လက်ခံရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေအတွက် များစွာအထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်"ဟု ရှင်းလင်း ဖြေကြားသည်။ **သူရဇော်**

# ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေး ကိုယ်စီ အသိတရားဖြင့် ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်

**နေပြည်တော် မေ ၂၀**

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ် လူ့အသက်ပေါင်းများစွာနှင့် လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးနေရသည်။ အထူးသဖြင့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားပြီး ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုများသည်လည်း နှစ်စဉ်တိုးတက် များပြားလျက်ရှိသည်။

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC)အနေဖြင့် ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် နှစ်သစ်ကူးကာလများအတွင်း ပြည်သူအများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်လိုင်းကြီးကြပ်ရေးကော်မတီ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းရဲတပ်ဖွဲ့) စသည့် အဖွဲ့စုံပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးပညာပေးကြပ်မတ်မှုများ အင်တိုက်အားတိုက် ဆောင်ရွက်စေခဲ့သည်။ အဆိုပါ ပူးပေါင်းအဖွဲ့များသည် အရက်သေစာသောက်စားထားခြင်းရှိ၊ မရှိကို Alcohol Tester ဖြင့် စစ်ဆေးခြင်း၊ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်ထားခြင်း ရှိ၊ မရှိနှင့် သတ်မှတ်အရှိန်နှုန်းထက်ပို၍ မောင်းနှင်ခြင်းမရှိစေရေး ဆွေးနွေးအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့ကြီးအားလုံး၌ ဖြန့်ခွဲစစ်ဆေးကြပ်မတ်မှု စုစုပေါင်း ၁၁၄ ကြိမ် ဆောင်ရွက်ခဲ့သည်။ ထိုသို့ အလေးထားဆောင်ရွက်မှုနှင့် ပြည်သူအများစု၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှုစာရင်းများသည် ပြီးခဲ့သည့်နှစ် သင်္ကြန်ကာလထက် လျော့နည်းကျဆင်းခဲ့သည်ကို အောက်ပါစာရင်းများအရ စိစစ်တွေ့ရှိရသည်-

| စဉ် | ခုနှစ် | ယာဉ်တိုက်မှု | ဒဏ်ရာရမှု | သေဆုံးမှု |
|---|---|---|---|---|
| (က) | ၂၀၁၇ | ၃၅၇ | ၁၃၉ | ၇၅၉ |
| (ခ) | ၂၀၁၈ | ၃၁၇ | ၁၀၆ | ၆၄၂ |
| သုံးသပ်တွေ့ရှိချက် | | (-၄၀) | (-၃၃) | (-၁၁၇) |

ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယာဉ်တိုက်မှု၊ ဒဏ်ရာရမှု၊ သေဆုံးမှုများသည် ၂၀၁၇ သင်္ကြန်တွင်းကာလထက် များစွာလျော့နည်းကျဆင်းခဲ့ပြီး အထူးသဖြင့် စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှုများ သိသာစွာလျော့နည်းကျဆင်းခဲ့ကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း အနည်းငယ်လျော့နည်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော် မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်မူ ယာဉ်မတော်တဆမှုများ လျော့ကျမှုမရှိဘဲ များပြားလာသည်ကိုလည်း စိစစ်တွေ့ရှိရသည်။

သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို အလေးထားကြပ်မတ်ဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နှစ်စဉ်ယာဉ်မတော်တဆမှုကြောင့် လူမှုစီးပွားဆုံးရှုံးမှုများနှင့် လူ့အသက်ပေါင်းများစွာ ပျက်စီးဆုံးရှုံးနေရခြင်းများမှ ကာကွယ်နိုင်ရေးအတွက် မိမိတို့၏ ကိုယ်စီအသိတရားဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လေးစားလိုက်နာလျက် ပူးပေါင်းဆောင်ရွက်ကြပါရန် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ဘီးလင်း မေ ၂၀**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မေ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာတွင် မူခင်းအသိပညာပေး (ပြခန်း)ယာဉ် ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပရာ ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်က သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးနှင့် မူခင်းများ မဖြစ်ပွားစေရန် ဆောင်ရွက်စေရေးကိုလည်းကောင်း၊ ဘီးလင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ဝင်းစိန်က မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ရောင်းချသူများ ပပျောက်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မောင်းနှင်သွားလာနိုင်ရေးအတွက်ကိုလည်းကောင်း အသိပညာပေးဟောပြောကြပြီး မူခင်းအသိပညာပေး လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်ရဲတပ်ဖွဲ့**



## မြို့နယ်အဆင့် ဒုတိယတန်းသင်ရိုးသစ် သင်တန်းဖွင့်လှစ်

**တောင်ငူ မေ ၂၀**

ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယတန်းသင်ရိုးသစ် မြို့နယ်အဆင့်သင်တန်းနှင့် ဆွေးနွေးပွဲဖွင့်လှစ်ခြင်းကို တောင်ငူမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဆရာကွန်းခန်းမ၌ မေ ၁၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင် ပညာရေးမှူးရုံး ခရိုင်ပညာရေးမှူး ဒေါ်နီလာညွန့်က ဒုတိယတန်းသင်ရိုးသစ် သင်တန်းတွင် တက်ရောက်သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ဘာသာရပ်များအလိုက် တိကျလိုက်နာမှတ်သားစေလိုကြောင်း၊ ယင်းအပြင် ကျောင်းသား ကျောင်းသူများအား ပြန်လည်သင်ကြားရာတွင် အလွတ်ကျက်မှတ်စနစ်မှ ကိုယ်တိုင်တွေးခေါ်စဉ်းစားနိုင်မည့် အလေ့အကျင့်ကောင်းများရရှိအောင် သင်ကြားစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကို မေ ၁၉ ရက်မှ မေ ၅ ရက်အထိ ၁၇ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၄၂ ဦးအား နည်းပြ ၃၂ ဦးဖြင့် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# FDA ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ စီမံကိန်းများနှင့်ပတ်သက်၍ အဆောက်အအုံများ အရည်အသွေးပြည့်မီမှုမရှိခြင်းနှင့် ဌာနအကြီးအကဲအချို့၏ ပြည်သူ့ဘဏ္ဍာများအပေါ် ကိုယ်ကျိုးသုံးစွဲမှုများအား ဖော်ထုတ်စစ်ဆေးပေးပါရန် တိုင်ကြားလာမှုအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်သည် ၎င်း၏လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ ၂၀၁၇ ခုနှစ်အတွင်း ၎င်းပိုင်ဆိုင်သည့် မြေကွက်ပေါ်ရှိ နေအိမ်အတွက် လိုအပ်သည့်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် နေအိမ်အတွင်း အသုံးအဆောင်ပစ္စည်းများအားလည်းကောင်း၊ ၎င်းပိုင်ဆိုင်သည့် အခြားမြေကွက်ပေါ်တွင် ခြံစည်းရိုးကာရံခြင်း၊ တစ်ထပ်တိုက်နေအိမ်တစ်လုံး၊ ကားဂိုဒေါင်ပါ နှစ်ထပ်နေအိမ်တစ်လုံး၊ ဂိတ်တဲတစ်လုံး၊ ရေကူးကန်တစ်ခုနှင့် ရေပန်းတစ်ခုတို့အားလည်းကောင်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၁၄၃၉၇၈၆ ကို အဆောက်အအုံများ ဆောက်လုပ်ရန် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီထံမှ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများသို့ Family Kit များ ပေးအပ်

**ကဝ မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများသို့ Family Kit များ ပေးအပ်ပွဲကို မေ ၁၉ ရက်က ရုံးကြီးရပ်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကဝမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှသန်းက ကဝမြို့နယ်ရှိ ကျေးရွာသုံးရွာသို့ Family Kit များ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကန်တော်၊ ဘန်ဒါ၊ မမောက်ကျေးရွာများအား ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှသန်းနှင့် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသိန်းတို့က Family Kit များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ငြိမ်းချမ်း (ပြန်/ဆက်)**

# ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် အောင်မြင်မှုရရန် မြန်မာအသင်း ပြင်ဆင်မည်

**ရန်ကုန် မေ ၂၀**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင်လတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၉ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲအကြိုလေ့ကျင့်မှုများ၊ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ပြိုင်ပွဲအတွက် နှစ်လနီးပါး ပြင်ဆင်ချိန်ရရှိမည်ဖြစ်သည်။ မေလ စတုတ္ထပတ်မှစ၍ ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇွန်လတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ရန်ကုန်မြို့၌ ခြေစမ်းပွဲများကစားရန် စီစဉ်ထားပြီး အဆင်မပြေပါက ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်ကာ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းအား တစ်ကျော့ပြန် တာဝန်ပေးအပ်ထားသည်။ မြန်မာ ယူ-၁၉ အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းသည် အသင်းဖွဲ့စည်းရန် လူငယ်လိဂ်ပြိုင်ပွဲများကို လိုက်လံကြည့်ရှုလျက်ရှိသလို ၂၀၁၇ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားများကိုလည်း ပြန်လည်ရွေးချယ်မည်ဖြစ်သည်။



**၂၀၁၇ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၁၈ အသင်း။**

မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ပဏာမလူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး မေ ၂ ရက်တွင် စခန်းဝင်လေ့ကျင့်မှုများ စတင်ပြုလုပ်ရန် စီစဉ်ထားသည်။ မြန်မာ ယူ-၁၉ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ၁၁ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် မလေးရှား၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ အုပ်စုအနေအထားအရ မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် သေချာသလောက်ရှိနေပြီး မလေးရှားအသင်းနှင့်သာ အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ ဦးမျိုးလှိုင်ဝင်းသည် မြန်မာ ယူ-၁၉ အသင်းကို ၂၀၁၆ ခုနှစ်က တစ်ကြိမ်ကိုင်တွယ်ဖူးပြီး ၂၀၁၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် အောင်မြင်မှုမရခဲ့သောကြောင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွှန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ၏ ပြည်သူ့အတွက် ဒုတိယ(၁) နှစ်တာကဏ္ဍ စာမျက်နှာ(စ)၌ မီတာလေးမျိုး ကြိုက်သလောက်သုံး ကျသလောက်ပေးခေါင်းစဉ်ခွဲ၏ စာကြောင်းရေ သုံးကြောင်းမြောက်တွင် ဖော်ပြပါရှိသည့် “မီတာခ ကောက်ခံသည့်” အစား “မီတာလေးမျိုး တပ်ဆင်မည့်”ဟု ပြင်ဆင်ဖတ်ရှုပါရန်။



**❋ ရန်ကုန်မြို့သစ်မှ**

စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

“ရန်ကုန်မြို့သစ် စီမံကိန်းပေါ်လာရင် အခွင့်အလမ်းများစွာရှိလာမှာဖြစ်ပါတယ်၊ မြို့သစ်စီမံကိန်းဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အလားအလာအများကြီးရှိပါတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ငွေအလုံးအရင်းနဲ့ မြှုပ်နှံမယ်ဆိုရင် အခွင့်အလမ်းများစွာရှိမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရေး အဓိကကျပါတယ်၊ ရန်ကုန်ကို မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု နယ်မြေကြီးတစ်ခုအဖြစ် အကောင်အထည်ဖော်သွားဖို့ရှိပါတယ်၊ ရန်ကုန်မြို့မှာ ရင်းနှီးမြှုပ်နှံလိုသူတွေကို ရှင်းပြနိုင်ဖို့ ခက်ခဲမှုအနည်းဆုံးနဲ့ လွယ်ကူချောမွေ့စေဖို့ ဖိတ်ခေါ်ဆောင်ရွက်ဖို့အတွက် ဒီဖိုရမ်ကိုကျင်းပရခြင်းပဲ ဖြစ်ပါတယ်၊ ဒီဖိုရမ်ကနေ အခွင့်အလမ်းကောင်းများစွာ ရလာမယ်လို့ မျှော်လင့်ပါတယ်”

ဟု ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါဖိုရမ်ကို ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး နှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဖိုရမ်သို့ ပြည်တွင်းပြည်ပ လုပ်ငန်းရှင် ၅၀၀ ခန့် တက်ရောက်ရန် လျာထားပြင်ဆင်ထားကြောင်း သိရသည်။

ယင်းဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် အရေးကြီးဆုံး စီးပွားရေးမြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်ရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ကာ အခွင့်အလမ်းကောင်းများစွာရှိနေခြင်းကို ထုတ်ဖော်ပြသရန်အတွက် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် (Yangon Investment Forum 2018) ကို ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

**ဝဝ၁**

# နေအိမ်မှ ထွက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် မေ ၂၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်နေသူ နှစ်ဦးတို့သည် နေအိမ်မှ မိဘအုပ်ထိန်းသူများ မသိအောင် ထွက်ခွာသွားကြောင်း မေ ၁၉ ရက် ညနေ ၃ နာရီခွဲခန့်တွင် အမှတ် (၁၂) အစုန်၊ မန္တလေး-ရန်ကုန် ရထားလုံခြုံရေး လိုက်ပါဆောင်ရွက်သည့် ရထားရဲတပ်ဖွဲ့ အမှတ် (၁၁) တပ်ခွဲ ပဲခူးရထားရဲစခန်းသို့ ၎င်းတို့၏ မိဘအုပ်ထိန်းသူများက ဖုန်းဖြင့်အကြောင်းကြားသဖြင့် ရထားလုံခြုံရေးအဖွဲ့က စစ်ဆေးရှာဖွေရာ အဆိုပါရထား ရိုးရိုးတန်းတွဲ(၂) ခုံအမှတ် (၅၁၊၆၂) တွင် တွေ့ရှိသဖြင့် ခေါ်ဆောင်လာပြီး ည ၇ နာရီ မိနစ် ၂၀ တွင် ပဲခူးဘူတာသို့ ရထားဆိုက်ရောက်စဉ် ရထားလုံခြုံရေးအဖွဲ့မှ ပဲခူးရထားရဲစခန်း စခန်းမှူး ရဲအုပ်စိုးမြင့်နှင့်အဖွဲ့ထံ အပ်နှံပေးခဲ့ရာ ရဲအုပ်စိုးမြင့်နှင့်အဖွဲ့က ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ဆက်သွယ်အကြောင်းကြားပေးခဲ့ပြီး မေ ၂၀ ရက် နံနက် ၅ နာရီတွင် ပဲခူးရထားရဲစခန်း၌ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၀**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး တောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေ ၅ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ဇီးအုပ်ကျေးရွာအုပ်စု ကံကြီးကုန်းကွက်သစ် (၅၀×၅၁)လမ်းကြား အေးမေတ္တာလမ်းနေ စည်သူဝင်းထက်(ခ)သောမက်(ခ)စည်သူ(ခ)ဇီးကွက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၇၀ (တန်ဖိုးငွေကျပ် ၅၄၀၃ သိန်း)ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ကျောက်သွေးတောင်ဘုရားအနီး ဘောလုံးကွင်းတွင် ရန်ကျော်စိုး(ခ)ရန်လေး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မနန်းခမ်းလောင်ဝ်(ခ)အေးနောင်း မောင်းနှင်ပြီး မမူမူအေး(ခ)မဘုတ် လိုက်ပါလာသည့် ဆိုင်ကယ် နှစ်စီးတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၉၇၀ ကို လည်းကောင်း။

ထို့အပြင် ည ၇ နာရီက မူးယစ်တပ်ဖွဲ့စု(၄၁) (ရန်ကုန်အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄) ရပ်ကွက် ဝဏ္ဏကျော်စွာလမ်းမပေါ်တွင် မျိုးမင်းကို(ခ)ဂြိုဟ်သားအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ အမှတ်(၁၄) ရပ်ကွက် ဝဏ္ဏကျော်စွာ(၂)လမ်းနေ ထွန်းထွန်းအောင်(ခ)ဇံကြီး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ တို့ကို လည်းကောင်း။

ဧပြီ ၁၅ ရက် နံနက် ၁၁ နာရီခွဲခန့်က စစ်ဗျူဟာ(အခြေချ)ကွတ်ခိုင်မှ ဗိုလ်မှူး ရဲမြင့်သောင်း ဦးစီးအဖွဲ့သည် နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာအုပ်စု ဟန်ရှန်ကျေးရွာပျက်တွင် ကောင်းခါး ပြည်သူ့စစ်ဌာနေအဖွဲ့မှ ယာယီအခြေပြု စခန်းငယ်တွင် ပြည်သူ့စစ်အဖွဲ့ဝင်များဖြစ်သော တန်ဘောင်ဒေါင်ခေါင်၊ ဂေါ်ရိန်း(ခ)ဇော်ဘောမ်နှင့် မာလ(ခ)မာဘရမ် တို့အားတွေ့ရှိပြီး ဝင်ရောက်ရှာဖွေရာ အီသိုင်းအီသာ ၄၅၄ ဒသမ ၂၅ လီတာကို လည်းကောင်း။

ထို့အတူ ဧပြီ ၁၉ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း အိုရီယမ်တယ် တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် အိုက်လျှို မောင်းနှင်ပြီး ဇော်ဝင်းလွင်(ခ)အောင်လီ လိုက်ပါလာသော မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၅၄ ခွက် (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၆၉၄ ကီလို)ကို လည်းကောင်း။

ယနေ့နံနက် ၇ နာရီခွဲကလည်း ဖယ်ခုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့ ဈေးရှေ့ရပ်နေ မခင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**စည်သူဝင်းထက်(ခ)သောမက်(ခ)စည်သူ(ခ)ဇီးကွက်အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**



# မဲဆောက်မြို့မှ ဘန်ကောက်မြို့သို့ ထွက်ခွာလာသည့် မြန်မာအလုပ်သမားများပါဝင်သော ခရီးသည်ယာဉ်တိမ်းမှောက် နှစ်ဦး သေဆုံးပြီး ၃၇ ဦး ဒဏ်ရာရ

**နကော်စဝမ် ဧပြီ ၂၀**

ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့မှ မြို့တော်ဘန်ကောက်သို့ မောင်းနှင်လာသည့် မြန်မာအလုပ်သမားများပါဝင်သော ခရီးသည်တင်ယာဉ်မှာ ယနေ့နံနက် အစောပိုင်းက လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ကြောင်း မြို့တော်ဘန်ကောက်ရှိ အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၀၀ နာရီ ၅ မိနစ်ခန့်က ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့မှ မြို့တော်ဘန်ကောက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်အမှတ်-----(ဘန်ကောက်) ယာဉ်တစ်စီးမှာ နကော်စဝမ် ပြည်နယ်ရှိ ဗဟိုရိုသင် အဝေးပြေးလမ်းမကြီးပေါ်၌ မတော်တဆ လမ်းဘေးထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်ပေါ်လိုက်ပါလာသော အမျိုးသမီးနှစ်ဦး သေဆုံးခဲ့ကာ ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ ၃၇ ဦးအနက် ငါးဦးမှာ ဒဏ်ရာရ(စိုးရိမ်ရ)ဖြစ်ခဲ့သောကြောင့် အတွင်းလူနာအဖြစ် စဝမ်ပရချာရဆေးရုံသို့ တင်ပို့ကုသထားကြောင်း သိရပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားသူနှစ်ဦးမှာ မြန်မာအလုပ်သမား မနီနီအောင် ၃၂ နှစ်နှင့် ထိုင်းနိုင်ငံသူ ပင်လမာ ကွိုင်နတလှိုင် ၂၄ နှစ်ဖြစ်ကြောင်း လူမှုကယ်ဆယ်ရေးအဖွဲ့၏ ထုတ်ပြန်ထားချက်အား အလုပ်သမားသံအရာရှိရုံးမှ ဦးစန်းမောင်ဦး၏ပြောချက်အရ သိရသည်။

ထိုင်းနိုင်ငံသား ယာဉ်မောင်းမစ္စတာ Suriyamon Samantha က ယာဉ်ရှေ့၌ ဆိုင်ကယ်တစ်စီးဖြတ်မောင်းလာမှုကို မတိုက်မိအောင်တိမ်းရှောင်ရင်း ယခုကဲ့သို့ လမ်းဘေးထိုးကျ တိမ်းမှောက်ခဲ့ရခြင်းဖြစ်ကြောင်း စစ်ဆေးမှုခံယူခဲ့သော်လည်း ထိုင်းရဲတပ်ဖွဲ့က အဆိုပါယာဉ်မှာ အရှိန်ပြင်းစွာမောင်းနှင်လာမှု ရှိ၊ မရှိနှင့် ယာဉ်မောင်းသူမှာ မူးယစ်ဆေးဝါးနှင့် အရက်သေစာသုံးစွဲထားမှု ရှိ၊ မရှိ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဒဏ်ရာရ ၃၇ ဦး၏ အမည်စာရင်းအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရပြီး ယခုအခါ အမိနေရပ်ပြန်မြန်မာအလုပ်သမားများမှာ သင်္ကြန်အပြီးကာလဖြစ်သည့်အတွက် မြို့တော်ဘန်ကောက်သို့ ပြန်လာသူများပြားနေကြောင်းနှင့် အခင်းဖြစ်စဉ်အတွက် မြို့တော်ဘန်ကောက်ရှိ အလုပ်သမားသံအရာရှိရုံးမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပွင့်သစ္စာ**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၈၄ စီး၊ သွင်းကုန် ၆၃၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၀၊ သွင်းကုန် ၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၀၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၂၀၇)သန်းခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၁၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းဖြစ်သည့် စွပ်ပွန်းမုပ္ပလင်းအထွက်လမ်းတွင် ခရီးသည်တင် မော်တော်ယာဉ်သုံးစီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Refined Suger (50Kg) (26) Bags၊ "P57" Hoodia တံဆိပ်ပါ ပိန်ဆေး (450)Pcs၊ Brand Lin၊ Fondant Icing (For Cake Decoration (750 gm) (100) U နှင့် အနှိပ်စက် Massager of Neck Kneading (DC.12V)(15)U စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၆၀၇ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်၌ လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် အိမ်ခြေ ၁၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း ထပ်မံသိရှိရ

**ပေါင်းတည် ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းတွင် ဧပြီ ၁၉ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် နေအိမ် ၁၂၈ လုံးကျော် အမိုးလန် ပြိုလဲပျက်စီးခဲ့ကြောင်း ယနေ့နံနက်ပိုင်းက ထပ်မံသိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပုံချိတက်အုပ်စု ညောင်နီပင်ကျေးရွာတွင် လူနေအိမ် ၉၄ လုံး၊ အင်္ဂရာပြည့်အုပ်စု အတွင်းရှိ လူနေအိမ် ၁၂ လုံး၊ သစ်ပုတ်အုပ်စု ရွာခွဲလေးရွာတွင် လူနေအိမ် စုစုပေါင်း ၁၅ လုံး၊ ဇီးပင်လှအုပ်စု ကျောက်တန်းကျေးရွာဟောင်းတွင် စာသင်ကျောင်း တစ်ကျောင်း၊ လူနေအိမ် ခြောက်လုံး စုစုပေါင်း အိမ်ခြေ ၁၂၈ လုံးကျော် အမိုးလန် ပြိုလဲမှုများဖြစ်ပေါ်ခဲ့ကြောင်း ထပ်မံသိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ခံရသည့် ကျေးရွာများသို့ ပေါင်းတည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ မြို့နယ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများ၊ မှတ်တိုင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မှတ်တိုင်နယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက သွားရောက်ပြီး ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်အတူ သစ်ပင်ခုတ်ထွင်ရှင်းလင်းခြင်း၊ ပျက်စီးနေသော အမိုးအကာများနှင့် နေအိမ်တိုင်များအား ဖယ်ရှားပြောင်းရွှေ့ခြင်း လုပ်ငန်းများအား ကူညီဆောင်ရွက်ပေးသည်။ အဆိုပါ လေပြင်းတိုက်ခတ်သည့် ကျေးရွာများမှာ တောင်ပေါ်ဒေသများဖြစ်ပြီး ပေါင်းတည်မြို့နှင့် ၂၃ မိုင် ကွာဝေးကြောင်း သိရသည်။

**တင်ဝင်းဇော်**

# စားသောက်ဆိုင်မီးဖိုချောင် ဂက်စ်အိုးများမီးလောင်

**မုံရွာ ဧပြီ ၂၀**

မုံရွာမြို့ အောင်ချမ်းသာရပ် ဖန်စီတူး (Fancy-2)စားသောက်ဆိုင် မီးဖိုချောင်ရှိ ဂက်စ်အိုးများ ဧပြီ ၂၀ ရက် ညနေ ၄ နာရီကျော်က မီးလောင်မှုဖြစ်ပွားရာ အချိန်မီငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်သည့် အကြောင်းရင်းကို စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

"စားသောက်ဆိုင် မီးဖိုချောင် အများစုက သွားရလာရခက်တဲ့ နောက်ဖေးမှာရှိတော့ အခုလိုဖြစ်ရင် အရေးပေါ်ဆောင်ရွက်ဖို့ ခက်ပါတယ်၊ အခုက ဂက်စ်အိုးတွေသုံးတာများတော့ အန္တရာယ်ကလည်း ပိုများပါတယ်၊ အဲဒီ အခက်အခဲတွေမရှိအောင် သက်ဆိုင်ရာက စားသောက်ဆိုင်တွေကို ဝင်စစ်တာတွေ ကြပ်မတ်သင့်ပါတယ်"ဟု မုံရွာဒေသခံ ဦးဇော်ထွန်းက အကြံပြုပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၀-၄-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ Weekly Sport Info
- ၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (အမျိုးသားလွှတ်တော်)
- ၉း၀၀ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (နယ်စပ်ရေးရာဝန်ကြီးဌာန)
- ၉း၃၀ ပန်းပျိုးခင်း (အပိုင်း-၃၉)
- ၉း၄၅ "သာယာအေးချမ်းခြင်းနှင့်အတူ ကြည်နူးရင်ခုန်စရာ ဆုံမှတ်ကမ္ဘာ"
- ၁၀း၃၀ လုံမမှတ်စု (အပိုင်း-၃၃)
- ၁၀း၄၅ ကဗျာရိုပ်မြုံ "ရောင်စုံဂျုံရုပ်"
- ၁၁း၀၀ NHK Program "Pythatora Switch 2" (Invisible Power) (မမြင်ရသောစွမ်းအား)
- ၁၁း၁၀ ဆေးဖက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "ဆေးဖက်ဝင်သဘော်ပင်"
- ၁၁း၂၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၃) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးနန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၁၃း၅၀ ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၀) (ကိုလေး-အင်းဝဂုဏ်ရည်၊ ကျော်လွန်၍)
- ၁၄း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၆)

**ညပိုင်း**

- ၁၆း၃၅ သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ယတြာ" (အားသစ်၊ နန်းဆုဦး၊ စုမြတ်နိုးဦး၊ ရွှေသမီး၊ ရတနာဗို၊ ဆောင်းယွန်းစံ၊ မြတ်သူသူဇင်၊ ခေးဆက်သွင်) (ဒါရိုက်တာ- ပြည်ဟိန်းသီဟ)
- ၁၇း၀၀ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၇း၁၅ NHK Program "Mathematica" (2) (Feeling Out Big Numbers) (ဂဏန်းနံပါတ် အကြီးကြီးများ)
- ၁၇း၃၀ "မြန်မာဂျပန် ခရီးသွားကဏ္ဍ မြှင့်တင်ဖို့ နှစ်သစ်နှင့်အတူ ကြိုးပမ်းစို့"
- ၁၇း၄၀ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၄၃)
- ၁၈း၃၀ Tasty Trip
- ၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်" (အပိုင်း-၈၂)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယနှစ်တာ (ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန) - The Big Step (18) (Singer - Htam Hkay) - "ကလေးစာပေပွဲတော် စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲ"(စာရေးဆရာမ-မဝင်းဝင်းမြင့်- နန်းတော်ရှေ့) - အစီအစဉ်ပြီး၏။

ကြေးမုံ



# ပေါ့ဘာနှင့် မိုရာတာတို့နှစ်ဦးကို လာမည့်နွေစျေးကွက်အတွင်း ဂျူဗင်တပ် ပြန်လည်ခေါ်ယူမည်

ဂျူဗင်တပ်အသင်း အမှုဆောင်ချုပ် မာရော့တာက လာမည့် နွေစျေးကွက်အတွင်း အသင်း၏ ကစားသမားဟောင်းများ ဖြစ်သည့် ပေါ့ဘာနှင့် မိုရာတာတို့နှစ်ဦးကို ပြန်လည်ခေါ် ယူရန်စီစဉ်နေပြီဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ ပေါ့ဘာမှာ မန်ယူနည်းပြ မော်ရင်ဟိုနှင့် ဆက်ဆံရေး အဆင်မပြေဖြစ်နေပြီး မန်ယူမှထွက်ခွာရန် ဆန္ဒရှိနေသလို မိုရာတာမှာလည်း ချယ်လ်ဆီးတွင် သွင်းဂိုး နှုန်း ကျဆင်းနေသောကြောင့် ချယ်လ်ဆီးပရိသတ်များ၏ ဝေဖန်မှုခံနေရသူဖြစ်ရာ အဆိုပါကစားသမားနှစ်ဦးကို ပြန်လည်ခေါ်ယူမည်ဆိုပါက လွယ်ကူမည့်သဘောရှိသည်။

မိုရာတာမှာ ရီးယဲလ်မှ ဂျူဗင်တပ်သို့ အငှားဖြင့် လာရောက်ကစားနေသည့် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် အတွင်း ပေါ့ဘာနှင့်အတူ စီးရီးအေဖလားကို ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။ ပေါ့ဘာမှာ နည်းပြ မော်ရင်ဟိုနှင့် ဆက်ဆံရေး မပြေလည်မှုကြောင့် မန်ယူမှထွက်ခွာရန်ပင် ယတိပြတ်ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း အားကစားသတင်း ရင်းမြစ်များက ဖော်ပြခဲ့ကြသည်။




မိုရာတာမှာလည်း ပြီးခဲ့သည့်နွေစျေးကွက်အတွင်း ရီးယဲလ်မှ ချယ်လ်ဆီးသို့ ပေါင်သန်း ၆၀ ဖြင့် ရောက်ရှိလာ သူဖြစ်ပြီး ရာသီအစတွင် ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ပြီးနောက်ပိုင်း ခြေစွမ်းပိုင်း သိသိသာသာ ကျဆင်းသွားခဲ့သည်။ မိုရာတာခြေစွမ်းပျောက် နေချိန်တွင် နည်းပြ ကွန်တီ နေရာမပေးဘဲ ရောင်းချခဲ့သည့် ကော်စတာ၊ အငှားချခဲ့သည့် ဘက်ရှူအာရီတို့၏ ပြောင်းရွှေ့ သွားသည့် အသင်းသစ်များတွင် ခြေစွမ်းပြနိုင်မှုကလည်း မိုရာတာအပေါ် ချယ်လ်ဆီးပရိသတ်များ ပိုမိုငြိုငြင်စေသည့် အကြောင်းအရာ ဖြစ်ခဲ့သည်။

မိုရာတာမှာ ဘန်လေနှင့်ပွဲစဉ်တွင် အနီးကပ် ကန်သွင်းခွင့်ရရှိခဲ့သည်ကိုပင် ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ရာ ချယ်လ်ဆီးပရိသတ်များက "ပရီမီယာလိဂ်ရဲ့ အညံ့ဆုံး တိုက်စစ်မှူး" "အဆုံးသတ်ပိုင်း အလွဲချော်ဆုံးတိုက်စစ်မှူး" စသဖြင့် အမျိုးမျိုး ရေးသားဝေဖန်ခဲ့ကြသည်။

မာရော့တာ ကိုယ်တိုင်ကလည်း လက်ရှိစျေးကွက် အနေအထားအရ အဆိုပါကစားသမားနှစ်ဦးကို တစ်ပြိုင်နက်တည်း ခေါ်ယူမည်ဆိုပါက ခက်ခဲမည်ဆိုသည် ကို ဝန်ခံခဲ့သော်လည်း "ကျွန်တော့်အနေနဲ့ အသင်းပြောင်း သွားတဲ့ ကစားသမားတွေ ပြန်ရောက်လာမယ်ဆိုရင် ယုံဖို့ ခက်ခက်ပါ၊ ဒါပေမယ့် နေရာတိုင်းမှာ ခြွင်းချက်ဆိုတာ ရှိပါတယ်၊ သူတို့နှစ်ဦးဟာ ကျွန်တော်တို့ကို အမှတ်တရ ကောင်းတွေ ချန်ခဲ့တဲ့ ပရော်ဖက်ရှင်နယ်ကစားသမားတွေပါ။ ဒါပေမယ့် လက်ရှိစျေးကွက်အနေအထားအရ ကျွန်တော် တို့ကို အံ့ဩစရာတွေဖြစ်နေတယ်"ဟု ပြောကြားခဲ့သည်။

မေလှဲ့သင်း - ရေးသားသည်



# ဂျေဇီး၏ ရော့နေရှင်အေဂျင်စီနှင့် စာချုပ်ချုပ်ဆိုခဲ့သည့် ပထမဆုံးပရီမီယာလိဂ် ကစားသမားဖြစ်လာသည့် လူကာကူ

မန်ယူတိုက်စစ်မှူး လူကာကူဟာ အမေရိကန်နာမည်ကြီး အဆိုတော် ဂျေဇီးပိုင် ရော့နေရှင် အားကစားအေဂျင်စီနဲ့ စာချုပ်ချုပ်ဆိုနိုင်ခဲ့တာကြောင့် ရော့နေရှင်နဲ့ ပထမဆုံး စာချုပ်ချုပ်နိုင်တဲ့ ပရီမီယာလိဂ်ကစားသမား ဖြစ်လာခဲ့ပါ တယ်။ ရော့နေရှင်ဟာ လူကာကူအပြင် မန်ယူလူငယ် တိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်ကိုလည်း စာချုပ်ချုပ်ဆို နိုင်ဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အခုလို စာချုပ်ချုပ်လိုက်တာကြောင့် ရော့နေရှင်ဟာ လူကာကူရဲ့ ခြေစွမ်းအတက်အကျကို ဂရုထားရတော့မှာ ဖြစ်သလို တစ်ဖက်မှာလည်း စီးပွားရေးပိုင်း အကျိုးအမြတ် တွေ ရရှိလာတော့မှာဖြစ်ပါတယ်။ လူကာကူက ယခုလို စာချုပ်ချုပ်ဆိုနိုင်ခဲ့မှုကို သူဟာ ရော့နေရှင်အေဂျင်စီရဲ့ မိသားစုဝင်သစ်ဖြစ်လာခဲ့ပြီဆိုတဲ့ စာသားနဲ့အတူ တွစ်တာ ကနေတစ်ဆင့် အတည်ပြုခဲ့တာ ဖြစ်ပါတယ်။

# အက်သလက်တီကိုမက်ဒရစ်က ဆိုစီဒက်ကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဘာစီလိုနာ (၂၅) ကြိမ်မြောက် လာလီဂါချန်ပီယံဖြစ်လာ

ရီးယဲလ်ဆိုစီဒက်အသင်းနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန် လာလီဂါ ပွဲစဉ်(၃၃)တွင် အက်သလက်တီကိုမက်ဒရစ် အသင်းက ဆိုစီဒက်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်း ကြောင့် ဘာစီလိုနာအသင်းမှာ အက်သလက်တီကို မက်ဒရစ်အသင်းကို ၁၂ မှတ်ဖြတ်ကာ စပိန်လာလီဂါ ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပွဲစဉ်(၃၃)အပြီးတွင် ရမှတ် ၈၃ မှတ်အထိ ရယူစုဆောင်းနိုင်ခဲ့ကာ စပိန် လာလီဂါ ဆုဖလားကို ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုရရှိ ခဲ့သည့် စပိန်လာလီဂါဆုဖလားသည် ဘာစီလိုနာအသင်း အတွက် (၂၅)ကြိမ်မြောက် ရယူဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့်ဘောလုံး ရာသီက အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည် နိုင်ခဲ့ပြီး စပိန်လာလီဂါချန်ပီယံမှာ ရီးယဲလ်မက်ဒရစ် အသင်းဖြစ်လာခဲ့သည်။ သို့ရာတွင် ယခုနှစ်ဘောလုံး ရာသီတွင်မူ ပြိုင်ပွဲမပြီးဆုံးခင်မှာပင် ချန်ပီယံ ပေါ်ထွက် ခဲ့ခြင်းဖြစ်ပြီး အဆိုပါချန်ပီယံဆုဖလားကို ဘာစီလိုနာ အသင်းအနေဖြင့် ဒီပို့တီဗိုအသင်းနှင့် ကစားမည့် ပွဲစဉ်တွင် ရယူမည်ဖြစ်ကြောင်း သိရသည်။

ရီးယဲလ်ဆိုစီဒက်အသင်းအား သုံးဂိုးပြတ် ရှုံးနိမ့် ခဲ့သည့် အက်သလက်တီကိုမက်ဒရစ်အသင်းမှာ မေ ၁၆ ရက်တွင် ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်ကြောင်း သိရသည်။





# ဥရောပလိဂ်ငါးလိဂ်တွင် ပထမဆုံးတန်းဆင်းခဲ့ရသည့် အသင်း မာလာဂါအသင်းဖြစ်လာ

မာလာဂါအသင်းသည် လီဗန်တေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် လီဗန်တေး အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် စပိန်လာလီဂါပြိုင်ပွဲမှ တန်းဆင်းသွားခဲ့ ရပြီဖြစ်ကြောင်း သိရသည်။ ယင်းသို့ တန်းဆင်းသွားရခြင်းမှာ ဥရောပတစ်ဝန်းရှိ လိဂ်ပြိုင်ပွဲ ငါးခုတွင် ယခုဘောလုံးရာသီ၏ ပထမဆုံးတန်းဆင်းသွားခဲ့ရသည့်အသင်းလည်း ဖြစ်လာခဲ့သည်။ မာလာဂါအသင်းသည် ၂၀၀၈ ခုနှစ်နောက်ပိုင်း လာလီဂါပြိုင်ပွဲတွင် ၃၃ ပွဲကစားအပြီးတွင် ရမှတ် ၁၇ မှတ်သာ ရရှိခဲ့ခြင်းဖြစ်သည်။

မာလာဂါအသင်းကို အနိုင်ရရှိခဲ့သည့် လီဗန်တေးအသင်းသည် တန်းဆင်းဇုန်အထက် ခုနစ်မှတ်အကွာတွင် အဆင့်(၁၇)နေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် လက်ကျန်ငါးပွဲကို ဆက်ကစားရမည်ဖြစ်သော်လည်း တန်းဆင်းဇုန်နှင့် နီးကပ်နေခြင်းကြောင့် တန်းဆင်းဇုန် အတွင်းသို့ ပြန်လည်ကျရောက်သွားနိုင်သည့်အသင်းဖြစ်သည်။ လီဗန်တေးသည် မာလာဂါ အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဂိုးရယူနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ဘိုတန်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

# ၂၀၁၈ ကမ္ဘာ့ဖလားတွင် ဗီဒီယိုလက်ထောက်ဒိုင်များ၏ ဆုံးဖြတ်ချက်ကို ပထမဆုံးအကြိမ် ပြန်လည်ပြသမည်



ဗီဒီယို လက်ထောက်ဒိုင်များ၏ ဆုံးဖြတ်ချက် များနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ် ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ကြီးမားသည့်ဖန်သားပြင် များပေါ်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

ဗီဒီယို လက်ထောက်ဒိုင်များသည် ပြည်တွင်းပြိုင်ပွဲများတွင် ဝေဖန်မှုများ မြင့်တက်နေသော်လည်း ရုရှားနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး အကြိမ်အဖြစ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့ ပြန်လည်ပြသရခြင်းမှာ ရုပ်မြင်သံကြားပေါ်တွင် မကြည့်ရှုလိုသည့် ပရိသတ်များအတွက်နှင့် ပြဿနာများကို ပြေလည်စွာဖြေရှင်းနိုင်ရန်ဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ ပြသမည်ဖြစ်သော်လည်း ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ပြသမည်မဟုတ်ကြောင်းနှင့် ဗီဒီယိုလက်ထောက်ဒိုင်များ အသုံးပြုရန် အတွက်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# သတိပြုစရာ အပူလျှပ်လေဖြတ်ခြင်း






ရုတ်တရက် လဲကျသွားပြီး စကားမပြောနိုင်သူ၊ သတိလစ်သွားသူများကို လေဖြတ်သွားသည်ဟု ဆိုကြသည်။ အမှန်တော့ လေဖြတ်ခြင်း (Stroke) မှာ ခြေ၊ လက်၊ ကိုယ်တစ်ခြမ်းသာ ဖြစ်လေ့ရှိသည်။ နွေရာသီမှာ အပူဒဏ်ကိုခံရပြီးဖြစ်သော (Heat Stroke) ခေါ် အပူဒဏ်ကြောင့် လေဖြတ်ခြင်းမှာ အဖျားကြီးပြီး သတိလစ်သွားခြင်းမျိုးဖြစ်သည်ကို တွေ့ရသည်။ လေဖြတ်သူအများစုမှာ အဖျားမရှိကြဘဲ အပူလျှပ်၍ လေဖြတ်ခြင်းမှာ အဖျားကြီးခြင်း၊ ကိုယ်အပူချိန် အလွန်တက်ခြင်းကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် တန်ခူး၊ ကဆုန်၊ နယုန် (မတ်၊ ဧပြီ၊ မေ) သုံးလသည် အပူဆုံးလများဖြစ်သည်။ နေပူထဲထွက်ရသူများ သတိပြုရမည့်လဖြစ်သည်။ သင်္ကြန်ကျသည့်လတွင် အပူဆုံးဖြစ်သည်။ တစ်ခါတစ်ရံ မိုးရွာသည်။ မိုးရွာသော်လည်း ပူမြဲပင်ဖြစ်နေတတ်သဖြင့် သတိပြုသင့်သည်။

အပူလျှပ်ခြင်းဆိုသည်မှာ ပြင်းထန်သော အပူဒဏ် (နေပူဒဏ်)နှင့် ထိတွေ့ပြီး အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်သွေးကြောများ အတွင်းသို့ အပူဓာတ်လွန်ကဲစွာရောက်သွားပြီး ဖျားလာခြင်း၊ ထို့နောက် ဦးနှောက်သွေးကြောပေါက်ကာ သတိလစ်ခြင်း၊ ဦးနှောက်အတွင်း သွေးယိုစိမ့်မှုကြောင့် လေဖြတ်ပြီး ခန္ဓာကိုယ်တစ်ခြမ်း (သို့မဟုတ်) တစ်စိတ်တစ်ဒေသ မလှုပ်ရှားနိုင်တော့ခြင်း၊ စကားပီသအောင် မပြောနိုင်ခြင်းဆိုသော (သို့မဟုတ်) လုံးဝစကားမပြောနိုင်တော့ခြင်းဆိုသော ဖြစ်ရပ်များ ဆက်တိုက်ဆိုသလို ဖြစ်ပွားခြင်းကို ခေါ်သည်။

**အပူလျှပ်၍ လေဖြတ်ခြင်း နှစ်မျိုး**

(က) နေပူထဲမှ ပြန်လာပြီး အအေးထဲသို့ ဝင်ရောက်ခြင်း၊ ရေအေးသောက်ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်မိခြင်း။

(ခ) အအေးခန်းအတွင်း နေထိုင်ရာမှရုတ်တရက် ပူပြင်းသော နေရောင်အောက်သို့ ထွက်ခြင်း။ (ဥပမာ- အဲကွန်းကားစီးပြီး ဆင်းလိုက်သောအခါ ပူပြင်းသော နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း)

အပူအအေး ဝိရောဓိဖြစ်ခြင်းဟုခေါ်သော ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း သွေးစီးကြောင်းများတွင် သွေးကြောများ ရုတ်ခြည်းပြောင်းလဲမှုဒဏ်ကို မခံနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲခြင်း၊ သွေးကြောငယ်လေးများ ပြတ်ထွက်ခြင်းဖြစ်နိုင်ပေသည်။ အသက်ကြီးသူများတွင် ပို၍ဖြစ်ရခြင်းမှာ ၎င်းတို့၏ သွေးကြောများမှာ ဟောင်းနွမ်းပြီး မာဆတ်မှုကြောင့် ပူ၍ ကျယ်ခြင်း၊ အေး၍ကျုံ့ခြင်းဒဏ်ကို မခံနိုင်ခြင်းဖြစ်သည်။ ပလတ်စတစ်ပိုက်များ ဟောင်းနွမ်းသောအခါ မာကျွတ်ဆတ်ပြီး ကွဲလွယ်ပေါက်လွယ်သည့် သဘောပင်ဖြစ်သည်။

အပူဒဏ်ကြောင့် သတိလစ်ခြင်း (သို့မဟုတ်) အပူလျှပ်၍ လေဖြတ်ခြင်း Heat Stroke မဖြစ်စေရန် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်ရန် လိုအပ်ပေသည်။

(က) နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့် မလွဲမရှောင်သာ၍ထွက်ရလျှင် လုံခြုံသောအဆောင်း၊ အကာ၊ ထီး၊ ဦးထုပ်ပါဖို့လိုသည်။

(ခ) စောင့်ဆိုင်းရသော အလုပ်ဖြစ်လျှင် သစ်ပင်အရိပ်၊ အဆောက်အအုံအရိပ်၊ အမိုးအကာအောက်မှ စောင့်ပါ။

(ဂ) ရေငတ်လျှင် ရိုးရိုးရေသောက်ပါ။ ရေခဲရေ မသောက်ပါနှင့်။

(ဃ) အဲကွန်းကားစီးပြီး လိုရာရောက်၍ နေပူရှိန်ပြင်းသော နေရာတွင် ဆင်းရမည်ဆိုလျှင် မဆင်းမီက ကြိုတင်၍ ရေသောက်ထားပါ။ အစာအိမ်အတွင်း ရေရှိလျှင် သွေးကြောများက ရေကိုစုပ်ယူထားသဖြင့် တော်ရုံ အပူဒဏ်ကို ခံနိုင်သည်။

(င) နေပူထဲမှ ပြန်လာပြီးလျှင် ရေခဲရေ (လုံးဝ) မသောက်ပါနှင့်၊ ရေမချိုးပါနှင့်၊ မျက်နှာ မသစ်ပါနှင့်။

(စ) ရေနွေးကြမ်းတွင် ဆားလှော်အနည်းငယ်ခတ် သောက်ခြင်းသည် ရှေးလူကြီးများ၏ အပူဒဏ် ကာကွယ်နည်း ဖြစ်ပါသည်။

**နေပူထဲမှပြန်လာပြီး ရေခဲရေမသောက်သင့်**

လွန်ခဲ့သောနှစ်ပိုင်းက အသက် ၃၀ ကျော်ခန့်သာရှိသေးသည့် လူငယ်တစ်ဦး နေပူထဲမှ ဆိုင်ကယ်စီးပြန်လာပြီး အိမ်အရောက်တွင် ရေခဲသေတ္တာအတွင်းမှ ရေခဲရေဘူးကိုယူ၍ ဘူးတစ်ဝက်နီးပါးမော့သောက်လိုက်သည်။ ပြီးနောက် ၁၅ မိနစ်အကြာတွင် မူးသည်ဟုဆိုကာ လဲကျသွားသဖြင့် ဆေးရုံသို့ အရေးပေါ်ကားခေါ်ပြီး တင်ပို့သော်လည်း အသက်ဆုံးရှုံးသွားသည်။ ဆေးစစ်ချက်အရ ဦးနှောက်သွေးကြော ရုတ်တရက် ပေါက်သွားသည်ဟု သိရသည်။

လွန်ခဲ့သော နှစ်များက ယခုကဲ့သို့ ပူပြင်းသော ဧပြီလ၊ မေလများကလည်း ဤသို့အလားတူ ရေခဲရေမော့ချ၊ လောင်းချပြီး မူးလဲသွားသူ၊ သတိလစ်သူ၊ တက်သွားသူ၊ လေဖြတ်သွားသူများနှင့် ဦးနှောက်သွေးကြောပေါက်ကာ အသက်ပါသွားရသူများ တွေ့ဖူး၊ ကြားဖူးပြီးဖြစ်ပါသည်။ သို့သော် သတိမမူ ဂူမမြင် ဆိုသကဲ့သို့ ယခုနှစ်မှာလည်း ထပ်မံကြုံတွေ့ရပြန်သည်။ သတိပြုကြစေရန် ထပ်မံတင်ပြလိုပါသည်။

ဒေသနာနာယဆေးပညာခေါ် ဗုဒ္ဓနည်း၏ အခြေခံသည့် မြန်မာရိုးရာ ဆေးပညာအယူအဆအရ နွေရာသီ၏ အပူဓာတ်သည် ဥဏှာတေဇောလွန်ကဲပြီး ရေခဲရေ၊ စိမ့်ရေ၊ စိမ့်စမ်းရေ၊ ညသိပ်ရေတို့သည် သီတတေဇော ကိန်းအောင်းသော ဓာတ်ရှိသည်။ အပူနှင့်အအေးသည် သာမန်ထိတွေ့ရုံဖြင့် ဘာမှမဖြစ်နိုင်သော်လည်း လွန်ကဲသော ဆန့်ကျင်ဘက်နှစ်ခု ရုတ်တရက်ထိတွေ့လျှင် ပေါက်ကွဲတက်သော သဘောရှိပါသည်။ မီးလောင်ကျွမ်းထားသော ပြာပူများအတွင်းသို့ ရေအေးလောင်းချသောအခါ ရုတ်တရက်ပြာပူများ အထက်သို့ကန်တက်သည့် ဥပမာကို သတိပြုနိုင်ပေသည်။ ပူသောအချိန်တွင် ရေခဲရေသောက်ရသည်မှာ အလွန်ပင်ဇိမ်ရှိသည်။ အရသာရှိသည်ဟုဆိုကြသည်။ ထိုသို့ ဇိမ်ရှိခြင်းမှာ လျှာပေါ်တွင်သာ ဇိမ်ရှိခြင်းဖြစ်သည်။ အစာအိမ်အတွင်း ရောက်သွားလျှင် ဇိမ်မရှိတော့ပေ။ အစာအိမ်အတွင်း အောင်းနေသော အပူဓာတ်သည် ရေခဲရေလောင်းထည့်လိုက်ချိန်မှစ၍ ပျက်ပြယ်သွားသည်။ အစာချေခြင်း အလုပ်ရပ်စဲသွားသဖြင့် အစာမကြေဖြစ်ရသည်။

ထို့အပြင် အစာအိမ်မှ အပူများ အထက်သို့ပျံ့လွင့်၍ တက်ခြင်းတို့ကြောင့် အာခေါင်ခြောက်ခြင်း၊ ရေငတ်ခြင်းဖြစ်လာပြန်သည်။ ရေငတ်သဖြင့် ရေခဲရေထပ်သောက်ရပြန်သည်။ ဤသို့ဖြင့် အပူပြန်ခြင်း၊ ရေငတ်ခြင်း သံသရာမှာမဆုံးနိုင်တော့ဘဲ ဖြစ်ရလေသည်။ ပင်လယ်ရေသောက်သူ ရေငတ်မပြေသကဲ့သို့ ရေခဲရေသောက်သူများမှာလည်း ရေငတ်မပြေနိုင်ကြပေ။

ရှေးက ဓာတ်ဆရာကြီးများ၏ စကားမှာ “အပူကိုအပူနှင့် ချေမှုကြသည်” ဟုဆိုသည်။ နေပူထဲမှလာပြီး ရေငတ်လာသူကို မြေကရားအိုးနှင့် တည်ထားသော ရေနွေးကြမ်းအဖန်ရည်ကို တိုက်လိုက်သောအခါ ငုတ်နေသော အပူများကန်၍ ချွေးများထွက်လာပြီးနောက် ရင်ထဲအေးလာသည်ကို တွေ့ရသည်။ အချို့က ထွက်သွားသော ချွေးမှ ဆားဓာတ်ကို ဖြည့်ဆည်းနိုင်ရန် အဖန်ရည်တွင် ဆားအနည်းငယ် ထည့်လေ့ရှိသည်။ တောရွာများတွင် ဤဓလေ့ကို ယနေ့တိုင်တွေ့နိုင်ပေလိမ့်မည်။

နေပူပြင်းချိန်တွင် အိမ်အတွင်းမှာပင်နေပြီး နေပူမထိသူများ၊ လေအေးပေးစက်နှင့် နေသူများအတွက် ရေခဲသေတ္တာထဲမှ ရေကိုသောက်ခြင်းမှာ အန္တရာယ်မရှိနိုင်သော်လည်း နေပူထဲမှ ပြန်လာသူများအတွက် အန္တရာယ်ရှိသည်။ အခန့်မသင့်လျှင် ဦးနှောက်သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းများဖြစ်နိုင်သဖြင့် အိမ်များတွင် မြေသောက်ရေအိုးများ ထားသင့်သည်။ မြေသောက်ရေအိုးအတွင်းမှ ရေမှာအေးသော်လည်း ဘေးမဖြစ်နိုင်ပေ။

မြေသောက်ရေအိုးမရှိသဖြင့် ရေခဲသေတ္တာထဲမှ ရေပုလင်းကို သောက်လိုသူများသည် ထိုရေပုလင်းကို ချက်ချင်းမသောက်ဘဲ အခန်းအပူချိန်တွင် ခေတ္တထားပြီး အအေးဓာတ်လျော့သွားမှ သောက်သုံးခြင်းဖြင့်လည်း ဦးနှောက်သွေးကြောပေါက်ခြင်းမှ ကာကွယ်နိုင်သည်။ ရေအေးကို အလျင်အမြန်မသောက်ဘဲ ဖြည်းဖြည်း သောက်ခြင်းသာ အကောင်းဆုံးဖြစ်ပါသည်။

**ရေနွေးကြမ်းသောက်ခြင်း၏ အကျိုးကျေးဇူး**

နွေရာသီရောက်လာသောအခါ လူအတော်များများသည် အပူဒဏ်ခံရသဖြင့် ရေအေးကိုသာ သောက်လိုကြသည်။ အမှန်မှာ ရေအေးသောက်ခြင်းထက် ရေနွေးသောက်ခြင်းကပို၍ ခန္ဓာကိုယ်အတွက် အကျိုးရှိသည်ကို မသိကြ၍ ဖြစ်သည်။ အစာအိမ်နှင့် အူလမ်းကြောင်းရှိ ဝမ်းမီးခေါ် သက်စောင့်ဓာတ်သည် ရုတ်တရက်အအေးဓာတ်နှင့် တွေ့ရှိသောအခါ ဝမ်းမီးပျက်သွားတတ်သည်။ ဝမ်းမီးဆိုသည်မှာ သက်စောင့်ဓာတ်တစ်မျိုးဖြစ်သည်။ သာမန်အားဖြင့် အစာကြေဖို့ တာဝန်တစ်ခုသာရသည်ဟု ထင်ရသော်လည်း အသက်ရှည်ကျန်းမာရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးတာဝန်ကို ယူထားရသည်။ ရောဂါမှန်သမျှ အစာမကြေခြင်းမှစသည်ဟု ဆိုခြင်းကြောင့် ရေအေးသောက်ပြီး ဝမ်းမီးငြိမ်းသွားလျှင် အစာမကြေရောဂါစ၍ ဖြစ်လာနိုင်သည်။ ရောဂါတစ်ခုကိုကုသရာတွင် လူနာသည် အစာစားချင်စိတ် ကောင်းစွာ ပေါ်ပေါက်လာပြီး စားလိုက်သော အစာလည်းကြေ ဝမ်းလည်းမှန်မှသာလျှင်ရောဂါအမြစ် ပြတ်ပျောက်ကင်းသည်ဟုယူဆနိုင်သည်။

နေပူထဲမှပြန်လာသူတစ်ဦးသည် အိမ်ရောက်သောအခါ ရေခဲသေတ္တာအတွင်းမှ ရေသန့်တစ်ဘူးကိုယူပြီး မော့ချလိုက်သည်။ ထိုသူသည် နောက်တစ်နေ့တွင် အသံဝင်လည် ချောင်းနာဖြစ်ပြီး အစာမစားချင် ဖြစ်ရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ရေခဲရေက ဝမ်းမီးကို ငြိမ်းလိုက်သဖြင့် အစာအိမ်အတွင်းမှ သက်စောင့်အပူဓာတ်မှာ အအေးနှင့်ဖလှယ်ပြီး အထက်သို့ ကန်တက်သွားခြင်းကြောင့် လည်ချောင်းနာရခြင်းဖြစ်သည်။ အပူကန်၍ အသံအိုးရောင်သွားလျှင် ရက်သတ္တပတ်ကြာသည်ထိ အသံပြန်မထွက်သည်ကို တွေ့ရသည်။ ထိုကဲ့သို့ဖြစ်သော လူနာမျိုးကို ရေနွေးပူပူတွင် ဆားထည့်ပြီး ပလုတ်ကျင်းခြင်း၊ ငုံထွေးခြင်း၊ လည်ချောင်းဆေးခြင်းဖြင့် အသံပြန်ထွက်လာအောင် ကုသနိုင်သည်။

ရှေးက မြန်မာလူမျိုးများသည် တပေါင်း၊ တန်ခူး နွေရာသီအပူရှိန်ပြင်းသော ကာလတွင် နေ့ခင်း၊ နေ့လယ် အလုပ်မလုပ်ဘဲ အနားယူကြသောအခါ မန်ကျည်းပင်ရိပ်၊ ထနောင်းပင်ရိပ်၊ ကုက္ကိုပင်ရိပ်တွင် ရေနွေးကြမ်းဝိုင်းချပြီး ဆားလှော်ကို ခွက်ငယ်ကလေးဖြင့် ထည့်ထားကာ ရေနွေးကြမ်းအဖန်ရည်ဖြင့် ရောစပ်၍ သောက်လေ့ရှိကြသည်။ ထိုနည်းဖြင့် အသံဝင်ခြင်း၊ လည်ချောင်းနာခြင်းမှ ကာကွယ်ရုံသာမက နွေရာသီတွင်ဖြစ်လေ့ရှိသော ကျောက်ရောဂါ၊ ဝက်သက်ရောဂါ၊ မိတ်အိုင်းခေါ် မိတ်ကြီးထွက်သည့် ရောဂါများမှ ကာကွယ်နိုင်သည်ဟုဆိုသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဖော်ပြထားသည်မှာ- ရေနွေးနှင့် သင့်သူ။ ဘေးထိုးရင်ကျပ်နာရှိသောသူ၊ နှာစေးသောသူ၊ လေနာရှိသောသူ၊ ကုပ်ခိုင်တောင့်သောသူ၊ ဝမ်းရောင်သောသူ၊ ကြက်မျက်သင့်သောသူ၊ ဝမ်းသက်သောသူ၊ အဖျားသစ်ရှိသောသူ၊ ရှူဟိုက်သော အနာရှိသောသူ၊ ဆီ၊ ထောပတ်များစွာ စားသောသူ၊ သလိပ်နာရှိသောသူ၊ ဝမ်းကိုက်သောသူ၊ ဂူနာရှိသောသူ၊ ချောင်းဆိုးနာ၊ ပန်းနာရှိသောသူ၊ နှုတ်မမြိန်သောသူ၊ အမာပေါက်သောသူတို့သည် ရေအေးကို ကြဉ်ရှောင်အပ်ကုန်၏။ ထိုသူတို့သည် ရေအေးသောက်ခြင်း၊ ချိုးခြင်းကို မပြုအပ်ကုန်၊ ရေနွေးကိုသာ သုံးဆောင်အပ်ကုန်၏။ (ရေနွေး၏ ဂုဏ်ကို ပြဆိုခြင်းအကြောင်းမှ)

စာရေးသူ၏ဖခင် အသက် ၈၅ နှစ်တွင် ကွယ်လွန်ခဲ့သည့် သတင်းစာဆရာအသင်း သက်ကြီးကန်တော့ခံ သတင်းထောက်ကြီးသည် အသက်ထင်ရှားရှိစဉ်က ရေအေးမသောက် ရေနွေးကြမ်းကိုသာ နံနက် အိပ်ရာထမှ ညအိပ်ရာဝင်သည့်အချိန်ထိ သောက်သည်။ သူငယ်စဉ် သတင်းထောက်တာဝန်ထမ်းဆောင်စဉ်ကာလကလည်း မည်သည့်အရပ်သို့ရောက်ရောက် ရေအေးမသောက် ရေနွေးကြမ်းကို သောက်သည်ဟုဆိုသည်။ ရေအမျိုးမျိုးရှိသည်။ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ တွင်းရေ၊ စိမ့်စမ်းရေ စသည်တို့သည် မိမိသောက်နေကျမဟုတ်လျှင် အစာမကြေခြင်း၊ အော့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်နိုင်သည်။

စာမျက်နှာ ၂၀ သို့

> ရေနွေးကြမ်းဝိုင်းချပြီး ဆားလှော်ကို ခွက်ငယ်ကလေးဖြင့် ထည့်ထားကာ ရေနွေးကြမ်းအဖန်ရည်ဖြင့် ရောစပ်၍ သောက်လေ့ရှိ…
> ထိုနည်းဖြင့် အသံဝင်ခြင်း၊ လည်ချောင်းနာခြင်း မှ ကာကွယ်ရုံသာမက နွေရာသီတွင်ဖြစ်လေ့ရှိသော ကျောက်ရောဂါ၊ ဝက်သက်ရောဂါ၊ မိတ်အိုင်းခေါ် မိတ်ကြီး ထွက်သည့် ရောဂါများမှ ကာကွယ်နိုင်…

## သောက်ရေပြတ်လပ်မှုမရှိစေရန် ကျေးရွာသို့ရေသန့်ဘူးများဖြန့်ဝေ

**တပ်ကုန်း မေ ၂၀**
နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မြေအောက်ရေ အထွက်နည်းပါးသည့် ကျေးရွာများတွင် နွေရာသီသောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ကျေးရွာများအရောက် မော်တော်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၉ရက် ညနေပိုင်းက ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းဝေနှင့် ဝန်ထမ်းများက မြေအောက်ရေ အထွက်နည်းပါးသော လယ်ပြင်မကျေးရွာအုပ်စု လယ်ပြင်မကျေးရွာသို့ (၂၀ လီတာရှိ YMK ) ရေသန့် စုစုပေါင်း ဘူး ၃၅၀ အား အိမ်ထောင်စုအလိုက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက သောက်သုံးရေအသုံးပြုသူဦးရေနဲ့ မြေအောက်ရေ ရရှိမှုမညီမျှလို့ နွေရာသီဆို သောက်သုံးရေအခက်အခဲရှိပါတယ်၊ ဒီရွာမှာရှိတဲ့ သောက်သုံးရေကတော့ ရွာမြောက်ဘက်ခြမ်းအိမ်ထောင်စုတွေက (ကပစ- ၁) က လှူဒါန်းတဲ့ စက်ရေတွင်းကို အားကိုးရလို့ အဆင်ပြေကြပါတယ်၊ ရွာတောင်ဘက်ခြမ်း အိမ်ထောင်စုတွေကတော့ ဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်းမှာ ရှိတဲ့ ရေတွင်းကို အသုံးပြုနေရလို့ နွေရာသီကာလမှာ သောက်သုံးရေအခက်အခဲဖြစ်ကြပါတယ်၊ နွားလှည်း၊ ဆိုင်ကယ်ပိုင်ဆိုင်တဲ့ အိမ်ထောင်စုများက ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာအုပ်စု ရွာသာကျေးရွာမှာ ကိုယ့်အားကိုးဆောင်ရွက်ထားတဲ့ စက်ရေတွင်းရေစုကန်မှ သောက်သုံးရေအဖြစ် သယ်ယူအသုံးပြုကြပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၂၉၉ ခန့်ရှိပြီး လူဦးရေ ၁၂၃၀ နေထိုင်ကြ၍ တစ်ပိုင်တစ်နိုင်ဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် မိသားစု စားဝတ်နေရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်

**ချမ်းမြသာစည် မေ ၂၀**
၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ မန္တလာသီရိအားကစားခန်းမ၌ ကျင်းပသည်။

အဖွင့်ပွဲစဉ်အဖြစ် အမရပူရမြို့နယ် အမျိုးသားအသင်းနှင့် စဉ့်ကူးမြို့နယ် အမျိုးသားအသင်းတို့ယှဉ်ပြိုင်ကစားကြသည်။ ထူးချွန်အားကစားသမားများအား တိုင်းဒေသကြီး ကိုယ်စားပြုလက်ရွေးစင်အားကစားသမားများ အဖြစ် ရွေးချယ်၍ စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်ကာ ၂၀၁၈ ခုနှစ် မေလအတွင်း နေပြည်တော်တွင် ကျင်းပမည့် အသက် (၂၅) နှစ်အောက် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များ၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွေးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ၂၈ မြို့နယ်အသင်း အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဘော်လီဘောအားကစား ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

**သီဟကိုကို(မန္တလေး)**

## ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်သူများလာ



**ကျောက်ပန်းတောင်း မေ ၂၀**
ယခုအချိန်သည် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများစာမေးပွဲဖြေဆိုပြီးချိန်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပုပ္ပားတောင်ကလပ်သို့ ယခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်ကြသူများ တစ်နေ့ထက်တစ်နေ့ များပြားလျက်ရှိပြီး ပြည်ပခရီးသွားဧည့်သည်များပင် လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

ဘုရားဖူးအလာများသဖြင့် ဘုရားစောင်းတန်းတစ်လျှောက် ဈေးဆိုင်ခန်းများနှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ ဘုရားပန်း ရောင်းချသည့်ပန်းသည်များနှင့် ဆေးမြစ်ရောင်းနေသည့်ဈေးသည်များ၊ မျောက်စာရောင်းသည့် ဈေးသည်များ၊ ပုပ္ပားတောင်ကလပ်ရောက် အမှတ်တရပစ္စည်းများ ဝယ်ယူသူများပြားသည့်အတွက် ဈေးသည်များ နေ့စဉ်ဝင်ငွေရရှိကာ တွက်ခြေကိုက်နေကြကြောင်း ဒေသခံဈေးသည်များထံမှ သိရသည်။

ပုပ္ပားတောင်ကလပ် အောက်ခြေတွင် စားသောက်ဆိုင်ဖွင့်ထားသည့် ဒေသခံတစ်ဦးက "အခုရက်ပိုင်းမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာတဲ့သူတွေ အတော်များတယ်။ ဘုရားဖူးလာကြတဲ့သူတွေကလည်း ညအိပ်ရပ်နားကြပြီး ညနေပိုင်းမှ အေးအေးဆေးဆေး တက်ရောက်ဘုရားဖူးကြတယ်၊ ဘုရားဖူးတွေလာရောက်သူများပြားတဲ့အတွက် ဆိုင်ကယ်ကယ်ရီသမားတွေရော ဈေးသည်တွေရော၊ အသုပ်စုံရောင်းချတဲ့ ဈေးသည်တွေပါ ဈေးရောင်းလို့အဆင်ပြေနေတယ်" ဟု ပြောသည်။

ဘုရားဖူးများလေလေ ဈေးရောင်းသူများပိုအဆင်ပြေလေလေဖြစ်ကြောင်းနှင့် ပြည်ပခရီးသွားဧည့်သည်များလည်း နေ့စဉ်လာရောက်လျက်ရှိကြောင်း ပုပ္ပားတောင်ချစ်သူများအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းဆွေက ပြောသည်။

**ကိုထိန် (ငါ့သရောက်)**

## ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်ကြုံနေ၍ သွားရောက်လှူဒါန်း

**ညောင်ဦး မေ ၂၀**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ခြောက်ကန်ကျေးရွာတွင် သောက်သုံးရေအတွက် မှီခိုအားထားရသည့် အဝီစိစက်ရေတွင်း ပျက်စီးနေ၍ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရှိရသဖြင့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ/သွေး) ပရဟိတအသင်းမှ အသင်းအဖွဲ့သားများက မေ ၂၀ ရက် နံနက် ၁၀ နာရီက ရေဂါလန် ၁၅၀၀ ဆံ့ရေသယ်ယာဉ်နှစ်စီးဖြင့် သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ညောင်ဦးမြို့နယ် ခြောက်ကန်ကျေးရွာတွင် ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ရည်ရွယ်၍ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ/သွေး) ပရဟိတအသင်းမှ အသင်းသားများက စက်ရေတွင်း အုတ်ရေလှောင်ကန်အတွင်း ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် ဖြည့်တင်းဆောင်ရွက်ပြီး ကျေးရွာရှိ အိမ်ထောင်စု ၄၇၄ စုမှ လူဦးရေ ၁၉၅၀ အား စနစ်တကျဖြန့်ဝေ လှူဒါန်းပေးခဲ့ကြသည်။

ယခုကဲ့သို့ သောက်သုံးရေရှားပါးမှု အခက်ကြုံနေစဉ် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေး လာရောက်လှူဒါန်းပေးသည့်အတွက် ဒေသခံကျေးလက်နေပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိနေကြသော်လည်း နှစ်စဉ် ယခုလို နွေရာသီကာလများတွင် သောက်သုံးရေအတွက် မှီခိုအားထားရသည့် ကျေးရွာရှိ အဝီစိစက်ရေတွင်း ပျက်စီးနေမှုအား သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြန်လည်ကောင်းမွန်လာအောင် ပြုပြင်ပေးရန်အတွက် မျှော်လင့်လျက်ရှိနေကြကြောင်း ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ (ရေ/သွေး) ပရဟိတအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းမင်းထွန်း၏ ပြောကြားချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ပျဉ်းမနားမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သတိပေးပိုစတာကပ်ခြင်းနှင့် သစ်ပင်၊ သစ်ကိုင်းများရှင်းလင်း

**ပျဉ်းမနား မေ ၂၀**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးဇေလတ်မျိုးက ကြီးကြပ်၍ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ လမ်းဆုံလမ်းခွများနှင့် ထရန်စဖော်မာများတွင် လျှပ်စစ်နှင့် ပတ်သက်သည့် သတိထားဆောင်ရွက်ရမည့် အချက်များနှင့် လျှပ်စစ်အန္တရာယ်ဖြစ်စေတတ်သော အချက်များပါဝင်သည့် ပိုစတာများကပ်ခြင်းနှင့် ဒေသခံပြည်သူများအား လျှပ်စစ်အန္တရာယ်သတိပေး စာစောင်များကို ဖြန့်ဝေပေးသည်။

ထို့အပြင် သစ်ပင်၊ သစ်ကိုင်းများနှင့် ဓာတ်အားလိုင်းထိဆက်နေမှုကြောင့် လျှပ်စစ်ဓာတ်အားများ လေလွင့်ပျောက်ဆုံးခြင်း၊ ဗို့အားကျဆင်းခြင်းနှင့် ကြိုးများပျက်စီးမှု လျော့နည်းရေးအတွက် ဓာတ်အားလိုင်းတစ်လျှောက် အန္တရာယ်ရှိ သစ်ပင်၊ သစ်ကိုင်းများအား ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**စိုးမိုး (ပြန်/ဆက်)**

## ပြည်ပသစ်ခွများမြန်မာ့သစ်ခွဈေးကွက်သို့ဝင်ရောက်၊ သစ်ခွမှာယူရောင်းချသူများဝင်ငွေကောင်း

**စဉ့်ကူး မေ ၂၀**
ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ ထွက်ရှိသည့် မျိုးစပ်နိုင်ငံခြားသစ်ခွများ မြန်မာပြည်တွင်းသို့ ထိုင်းနယ်စပ် သထုံ-မော်လမြိုင်နှင့် တရုတ်နယ်စပ် မူဆယ်-ကျိုင်းတုံစသည့် နယ်စပ်မြို့တံခါးပေါက်များမှတစ်ဆင့် နေပြည်တော်-ရန်ကုန်-မန္တလေးနှင့် အခြားမြို့ကြီးများသို့ အဆက်မပြတ်ဝင်ရောက်နေပြီး သစ်ခွချစ်သူများမှ အိမ်ခြံတိုက်တာ အဆောက်အအုံတို့တွင် အလှတပ်ဆင်ခြင်း၊ သစ်ခွခြံများတည်ဆောက်ကာ တစ်ဆင့် ပြန်လည်ရောင်းချခြင်းတို့ကြောင့် နိုင်ငံခြားသစ်ခွများအဝယ်လိုက်ကာ ရောင်းအားကောင်းနေပြီး သစ်ခွမှာယူရောင်းချသူများ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ဒီသစ်ခွတွေက မျိုးစပ်နိုင်ငံခြား သစ်ခွတွေပါ၊ သထုံမြို့ကို အမှာစာနဲ့ငွေလွှဲပို့လိုက်တာနဲ့၊ ရန်ကုန်မြို့ကတစ်ဆင့် ကားနဲ့ ထုပ်ပိုးပြီး ပို့လိုက်တာပါ၊ ရောင်းအားကောင်းဆုံးကတော့ လိပ်ပြာ၊ မိုးခါရာ၊ ကက်တလီနဲ့ ဘန်နီသစ်ခွတွေပါ၊ အခုရောင်းနေတာကတော့ သစ်ခွ ကိုးမျိုးပါ၊ ကြိုတင်မှာယူထားသူတွေရှိလို့ ရောက်လာတာနဲ့ ရောင်းလို့ကုန်တာများပါတယ်၊ အခုကျန်နေတာတွေက အနိမ့်ဆုံးပေါက်ဈေး ကျပ် ၃၀၀၀ ရှိတဲ့ ဒန်တိုဗီယာသစ်ခွတွေပါ၊ ကတ်တလီယာ၊ မဟာဒေဝီနဲ့ လိပ်ပြာကတော့ အမြင့်ဆုံးပေါက်ဈေး ကျပ် ၈၀၀၀ နေ ၁၀၀၀၀ ရှိပါတယ်၊ ဘန်ဒါနှင့် ပနားမားဒန်းစင်းက ကျပ် ၇၅၀၀ ကနေ ၈၀၀၀ ထိရောင်းရတယ်။ မိုခါရာနဲ့ TMA သစ်ခွက ကျပ် ၅၀၀၀ ပါ၊ ပင်လယ်နီ (ကိုင်းဖြတ်) က တစ်ပင်ကို ကျပ် ၂၀၀၀ ရောင်းရတယ်၊ ဒန်တိုဗီယာသစ်ခွက ဈေးအနိမ့်ဆုံးဆိုတော့ အိမ်တိုင်းဝယ်ယူ အလှဆင်ကြတာများပါတယ်၊ တရုတ်သစ်ခွထက် ထိုင်းသစ်ခွက ပိုမာတယ်၊ ရောင်းအားလည်း ကောင်းတယ်၊ အရောင်းရဆုံးကတော့ ထိုင်းသစ်ခွတွေပါ" ဟု စဉ့်ကူးမြို့က သစ်ခွဝယ်ယူရောင်းချသူ စဉ့်ကူးမြို့မှ မခင်မြတ်ထွန်းက ပြောသည်။

**ဝင်းမောင် (စဉ့်ကူး)**



ကြေးမုံ



# ကယားပြည်နယ် ကျိုင်ငံရေထွက်သွား လမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်နိုင်ရေး ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး



**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ်သည် အေးချမ်းလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းလည်း များစွာဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်ရာ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက်လည်းကောင်း၊ ခရီးလမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသည်နှင့်အမျှ အခြားကဏ္ဍများလည်း တိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်အဖွဲ့သည် မေ ၁၉ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် ကျိုင်ငံရေထွက်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒီးမော့ဆို- ထူလွီးဘီလာကားလမ်းမှ ငံရိုးကျေးရွာအထိ လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်အခြေအနေများ၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နိုင်ရန် လမ်းဘေးဝဲယာရေမြောင်းများ စနစ်တကျ ထည့်သွင်းဖောက်လုပ်ရန် လိုအပ်သော Box Culvert များ ထည့်သွင်းဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါလမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ပါက ထူလွီးဘီလာ၊ ပတုံငံ၊ ဆိုဒွဲခူ၊ ဆီးသင့်ကုန်း၊ ကျိုင်ငံရွာသစ်၊ ငံရိုး စသည့် ကျေးရွာ ခြောက်ရွာအတွက် အကျိုးဖြစ်ထွန်းနိုင်မည့်အပြင် ကယားပြည်နယ်၏ ခရီးသွားလုပ်ငန်းတွင် ခရီးသွားပြည်သူများအား ဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သော ကျိုင်ငံရေထွက်သို့ သွားလာရာတွင်လည်းများစွာ အဆင်ပြေ ချောမွေ့မည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငံရိုးကျေးရွာမှ ကျိုင်ငံရေထွက်သို့ သွားရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ သဘာဝပျက်စီးဆုံးရှုံးမှုမရှိဘဲ ခရီးသွားလုပ်ငန်း ပိုမိုအသက်ဝင်အောင် ဖော်ဆောင်နိုင်မည့်အခြေအနေများအတွက် လေ့လာကြည့်ရှု၍ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက လုပ်ငန်းဆောင်ရွက်မည့် ကျိုင်ငံရေထွက်သို့ သွားရောက်သည့်လမ်းပိုင်း အဆင့်မြှင့်တင် ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ ဌာနများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးခရိုင်(မြို့နယ်အဆင့်)ဒုတိယတန်းသင်ရိုးသစ်ဆွေးနွေးပွဲနှင့်သင်တန်းဖွင့်ပွဲကျင်းပ

**ပဲခူး မေ ၂၀**

ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း YMBA ခန်းမ၌ မေ ၁၉ ရက် နံနက် ၉ နာရီက ၂၀၁၈-၁၉ ပညာသင်နှစ် ပဲခူးခရိုင်(မြို့နယ်အဆင့်)ဒုတိယတန်းသင်ရိုးသစ်ဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှဒုတိယညွှန်ကြားရေးမှူးဆရာမကြီးဒေါ်သန်းသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် တာဝန်ခံပညာရေးမှူးဆရာမကြီးဒေါ်မိုးသူဟန်ကဆွေးနွေးပွဲ၊ သင်တန်းစည်းကမ်းချက်များနှင့်ပတ်သက်၍လည်းကောင်း၊ ပဲခူးမြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်လွင်လွင်ဦးက သင်တန်းသားသင်တန်းသူများ တည်းခိုဆောင်စည်းကမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ပဲခူးခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး၊ သင်တန်းမှူး ဆရာမကြီးဒေါ်အေးစီက သင်တန်းနှင့်ပတ်သက်၍ လည်းကောင်းရှင်းလင်းပြောကြားသည်။



အခြေခံပညာကဏ္ဍသင်ရိုးသစ်နှင့်ပတ်သက်၍ KG+12 ကို၂၀၁၆-၁၇ မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၆-၁၇တွင် KG တန်း၊၂၀၁၇-၁၈တွင် G-1ကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၈-၁၉တွင် G-2 ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပဲခူးခရိုင်(မြို့နယ်အဆင့်)ဒုတိယတန်း သင်ရိုးသစ်ဆွေးနွေးပွဲ သင်တန်းအား ဆရာ ဆရာမများအနေဖြင့် မူလတန်းသင်ရိုးသစ်တစ်ခုလုံး၏ သွင်ပြင်လက္ခဏာများနှင့် အားသာချက်များကို နားလည်ရန်၊ ကျောင်းသုံးစာအုပ်သစ်နှင့် ဆရာလမ်းညွှန်သစ်များကို မည်သို့အသုံးပြုရမည်ကိုနားလည်ရန်၊ သင်ကြား သင်ယူမှုအသစ်၏ ထိရောက်မှုနားလည်ရန်၊ မူလတန်းသင်ရိုးသစ်တွင် ကျောင်းသားများကိုမည်သို့စစ်ဆေးအကဲဖြတ်ရမည်ကိုနားလည်ရန်၊ ဆရာများသည် သင်ခန်းစာပြင်ဆင်စဉ်တွင် ကျောင်းသားများရရှိမည့်သင်ခန်းစာရည်ရွယ်ချက်ကိုကောင်းစွာ နားလည်သိရှိစေရန် ရည်ရွယ်ပြီး မေ ၁၉ ရက်မှ မေ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားဆွေးနွေးကြမည်ဖြစ်ပြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ကဝ၊ သနပ်ပင်၊ ဝေါ၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ရွှေကျင်၊ ကျောက်တံခါးစသည့် မြို့နယ် ရှစ်မြို့နယ်မှ သင်တန်းသား သင်တန်းသူဆရာ ဆရာမ ၄၅၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# လေဘေးသင့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မေ ၁၇ ရက် ညနေပိုင်းက မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့ကြသော မိသားစုဝင်များအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၁၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က သဘာဝဘေးဒဏ်ခံကြရသူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆွာမင်းလမ်း၊ ကုန်းကြီး၊ သပြေတန်း၊ ကွင်းကြီး၊ ဂုံမင်းကွင်း ကျေးရွာအုပ်စုများမှ အိမ်ထောင်စု ၁၅ စုတို့အား ထောက်ပံ့ငွေကျပ် ၁၀၄၀၀၀၀ နှင့် မိသားစုသုံး ပစ္စည်းများ ပေးအပ်ခဲ့သည်။ **ကိုလွင်(ဆွာ)**

# သုံးခွမြို့နယ်တွင် မြေသားလမ်းဖောက်လုပ်နေမှု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ကွင်းဆင်းစစ်ဆေး

**သုံးခွ မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် တူးမြောင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေများဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ပြည်သူများသွားလာရေးအဆင်ပြေစေရန်အရှည် ၄၅၀၀ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ၂ ပေ ရှိမြေသားကို စက်ယန္တရားဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရှိသည်။

အဆိုပါလုပ်ငန်းခွင်သို့ အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးဇော်လင်းနိုင်နှင့် ဝန်ထမ်းများက မေ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# အခြေခံပန်းချီနှင့် ကာတွန်းရေးဆွဲနည်းသင်တန်း မြောင်းမြခရိုင်တွင် အခမဲ့ဖွင့်လှစ် သင်ကြား

**မြောင်းမြ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ အခြေခံပန်းချီနှင့် ကာတွန်းရေးဆွဲနည်းသင်တန်းကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီက စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းရေး၊ ကျောင်းသား ကျောင်းသူများ ပန်းချီပညာကို မြတ်နိုးတန်ဖိုးထားတတ်စေရေး၊ စိတ်ကူးစိတ်သန်း တိုးတက်ကောင်းမွန်စေရေးအတွက် ရည်ရွယ်၍ဖွင့်လှစ်ပေးသော အဆိုပါအခြေခံပန်းချီ သင်တန်းကို ဆရာကြည်ဇော်မင်း(ကာတွန်းဖိုးရှုပ်)က အခြေခံပန်းချီနှင့် ကာတွန်းရေးဆွဲမှုကို မေ ၁၉ ရက်မှ ၂၈ ရက်ထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးကာ စိတ်ပါဝင်စားသူ ကျောင်းသားကျောင်းသူ ၂၂ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ သင်တန်းကာလအတွင်း ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများကို မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



"မြောင်းမြခရိုင်Community Centre ကို ပြည်သူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တွေသာမကဘဲ ကျောင်းသား ကျောင်းသူတွေရဲ့ အရင်းနှီးဆုံး ဝင်ထွက်သွားလာ ဗဟုသုတရှာမှီးရာ နေရာတစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်၊ ပန်းချီ ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ပေါ်ထွက်လာအောင် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်" ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက ပြောသည်။ **အောင်မင်း(မြောင်းမြ)**

# မိုးတွင်းကာလမတိုင်မီ အိမ်ဆောက်ပစ္စည်းများ အရောင်းအဝယ်သွက်

**ဝါးခယ်မ မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ အိမ်ဆောက်ပစ္စည်းများ ရောင်းချသော ဆိုင်များ၌ မိုးတွင်းကာလမတိုင်မီ အိမ်ဆောက်ပစ္စည်းများ အရောင်းအဝယ်သွက်လျက်ရှိသည်။

သင်္ကြန်မတိုင်ခင် အိမ်ဆောက်ပစ္စည်းရောင်းချသော ဆိုင်များ၌ အိမ်ဆောက်ပစ္စည်း ဝယ်ယူသူ ပုံမှန်သာရှိပြီး အခုရက်ပိုင်းအတွင်း ဘိလပ်မြေ၊ သွပ်၊ သံများအပြင် အခြားသော အိမ်ဆောက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ပိုမိုရောင်းရလျက်ရှိကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

အလားတူပင် သစ်၊ ဝါး၊ ဓနိရောင်းချသော ဆိုင်များ၌ ယခုရက်ပိုင်းအတွင်း ပိုမိုအရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

"မိုးတွင်းမတိုင်မီ အိမ်ပြုပြင်နေတာ၊ သွပ်တွေက ကြာပြီဆိုတော့ အသစ်လဲဖို့အတွက် သွပ်လာဝယ်တာ၊ အိမ်နီးချင်းနဲ့အတူ ရွာက စက်လှေနဲ့ လာခဲ့တာ၊ သူက တိုက်ခံအိမ်ဆောက်နေတာ ဘိလပ်မြေလိုတာနဲ့ အတူလာ ဝယ်ဖြစ်တာပါ၊ အပြန်ကျရင်တော့ နွားတင်းကုပ်အတွက် ဓနိနဲ့၊ ဝါးတော့ ဝင်ဝယ်သွားဖို့ ရှိပါတယ်"ဟု အဂတ်လက်ပန်ကျေးရွာမှ ဦးမောင်ထူးက ပြောသည်။
**လွမ်းသီဟ(ဝါးခယ်မ)**

# မြို့နယ်သုံးမြို့နယ်၌ ပိုမိုလုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှုဧရိယာ မကြာမီရရှိလာတော့မည်

စိုးမင်းဦး(ပြန်/ဆက်)



ပုသိမ်-မုံရွာလမ်းမကြီး ငါးသိုင်းချောင်းမြို့အဝင် ငဝန်မြစ်ကူးတံတားပေါ်မှ မြို့အတွင်းပိုင်းရှိ ငဝန်မြစ်အရှေ့ဘက်ကမ်းရေကာတာရိုးပေါ်သို့ လှမ်း၍ကြည့်မိလျှင် စက်ယန္တရားများ၊ မြေမှုန် ဖုန်စများ၊ တာ တံတိုင်းအုတ်ရိုးသစ်အချို့နှင့် ရေကာတာပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်လှုပ်ရှားမှုများကို တွေ့မြင်ရမည်ဖြစ်သည်။ လွန်ခဲ့သောနှစ်နှစ်တာကာလ မိုးရာသီငဝန်မြစ်ရေကြီးမြင့်စဉ်အခါက ဤနေရာဒေသတွင် ရေကာတာကြံ့ခိုင်မှုကောင်းမွန်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဝိုင်းဝန်းကူညီသူများ၊ ဒေသခံပြည်သူများစုပေါင်းအားဖြင့် နေ့ညမပြတ်ရေကာတာရေယိုစိမ့်ပေါက်များကို ရှာဖွေ၊ ဖာထေး၊ စောင့်ကြည့်ပြုပြင်ခဲ့ကြရပေသည်။ ယခုလက်ရှိအချိန်တွင် နှစ်စဉ် မိုးရာသီကာလ ငဝန်မြစ်ရေလျှံတက်မှုအား ကာကွယ်တားဆီးခဲ့သော ငါးသိုင်းချောင်းမြို့တွင်းနှင့်ပတ်ဝန်းကျင်ရှိမြေသားတာတမံတို့အား ပိုမိုတောင့်တင်းခိုင်မာလုံခြုံစိတ်ချရသောအခြေအနေရရှိစေရန် တာတမံအကြီးစား ပြင်ဆင်မွမ်းမံမှုများပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

**ငဝန်ရေကာတာ၏ သမိုင်းအစ**

၁၈၅၂ - ၁၈၅၃ ခုနှစ် အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲအပြီး အောက်မြန်မာပြည်အား အင်္ဂလိပ်တို့သိမ်းယူခဲ့ကြသည်။ ထိုအချိန်ကာလအထိ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွင်း တာတမံများမရှိသေးဘဲ လယ်သမားများက စပါးစိုက်ပျိုးရေးအတွက် စုပေါင်းကာရံတည်ဆောက်ခဲ့သော လယ်သမားတာအချို့သာ ရှိခဲ့ပေသည်။ ၁၈၆၂ ခုနှစ် အရောက်တွင် အောက်မြန်မာပြည်ဗြိတိသျှအစိုးရက ဗိုလ်မှူးကြီးရှော့ခ်(Colonel Short)ဆိုသူအား တာတမံများတည်ဆောက်ရန် ဖြစ်နိုင်ခြေရှိ၊ မရှိ စူးစမ်းလေ့လာစေခိုင်းသည်မှစ၍ တာတမံသမိုင်းစတင်ခဲ့လေသည်။

၁၈၆၄ ခုနှစ်တွင် ဟင်္သာတမြို့အနီးတွင် အလျားတစ်မိုင်ရှိသော တာတမံတစ်ခုကိုစတင်စမ်းသပ်တည်ဆောက်ခဲ့ပြီး ၁၈၆၄-၁၈၆၈ ခုနှစ်အတွင်းတွင် အလျားခြောက်မိုင်ရှိသောကြံခင်းတာနှင့် အလျား ၄၄ ဒသမ ၅ မိုင်ရှိသောမြန်အောင်တာများကို တည်ဆောက်ခဲ့သည်။ ၁၈၇၁-၁၈၇၆ ခုနှစ်အတွင်း ဟင်္သာတမြို့အထက်ဘက် ပေါက်တောကျေးရွာမှစတင်၍ ငဝန်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက် အလျား ၇၅ မိုင် ၄ ဖာလုံ ရှိသော ဧရာဝတီဟင်္သာတတစ်ဖက်ကမ်းတာကို တည်ဆောက်ခဲ့သည်။ ထိုသို့ဟင်္သာတလွင်ပြင်အားမြင်းခွာသဏ္ဌာန် ငဝန်တာနှင့် ဧရာဝတီဟင်္သာတတစ်ဖက်ကမ်းတာတို့ကို တည်ဆောက်ခဲ့ခြင်းအားဖြင့် လယ်မြေဧကပေါင်း ရှစ်သိန်းကျော်ကို ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးလျက်ရှိပါသည်။ ထိုရေကာတာတို့အနက်မှ ငဝန်ရေကာတာသည် ဧကနှစ်သိန်းကျော်ကာကွယ်ပါသည်။

**ရေကာတာများပြုပြင်ထိန်းသိမ်းခြင်း**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအနီး ဧရာဝတီမြစ်ကြီးမှခွဲထွက်လာသော ငဝန်မြစ်သည် ဟင်္သာတမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်များကိုဖြတ်သန်းပြီး ပင်လယ်အတွင်းသို့ စီးဝင်သည်။ ဧရာဝတီမြစ်ရေကြီးမှုဖြစ်စဉ်များဖြစ်ပေါ်လာသည်နှင့်အမျှ ငဝန်မြစ်ရေသည်လည်း တစ်ရှိန်ထိုးမြင့်တက်လာပြီး မြစ်၏အရှေ့ဘက်ကမ်းတစ်လျှောက်တွင် တည်ဆောက်ထားသော ငဝန်မြစ်ရေကာတာအား အန္တရာယ်ပေးခဲ့သည့်အချိန်များ ရှိခဲ့သည်။

ရေကာတာများကျိုးပေါက်ပါက လူ၊ တိရစ္ဆာန်များသေကျေပျက်စီးနိုင်ပြီး သီးနှံစိုက်ခင်းများ၊ လူနေအိမ်ခြေ တိုက်တာအဆောက်အအုံများ၊ လမ်းတံတားများရေနစ်မြုပ်ပျက်စီးဆုံးရှုံးနိုင်ပါသည်။ ထို့ကြောင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရေကာတာများအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လုပ်သားများ၊ စက်ယန္တရားများဖြင့် နှစ်စဉ်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအချိန်ကာလတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ် လုံခြုံစိတ်ချရမှုရရှိစေရေးအတွက် အထူးဂရုပြု အလေးထားဆောင်ရွက်ပေးလျက်ရှိရာ တာတမံများဖြင့်မြစ်ရေကြီးမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ရေကြီးနစ်မြုပ်မှုလျှော့ချရေးလုပ်ငန်းများဖြစ်သော ချောင်းကော၊ မြောင်းကောများပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ တာတမံများဖြင့် မြစ်ရေကြီးမှုကာကွယ်ရေးလုပ်ငန်းမှာ ပို၍အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်သောကြောင့် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငဝန်မြစ်ရေကာတာသည် ဟင်္သာတခရိုင်နှင့် ပုသိမ်ခရိုင်နှစ်ခု၌ ငဝန်မြစ်ရိုးအရှေ့ဘက်ကမ်းတစ်လျှောက် လိပ်ချောင်းကျေးရွာအနီးမှခွဲထွက်ပြီး တာမိုင်အမှတ်(၂/၀)မှစ၍ ဟင်္သာတ၊ လေးမျက်နှာနှင့် ရေကြည်မြို့နယ်တို့ကိုဖြတ်သန်း၍ သာပေါင်းမြို့နယ်အဆုံး တာမိုင်အမှတ်(၇၅/၇)အထိ အလျား ၇၃ မိုင် ၇ ဖာလုံ ရှည်လျားသည်။ ရေကြည်မြို့နယ်အတွင်း၌ ငဝန်ရေကာတာသည် ဘုတ်ချောင်းကျေးရွာ တာမိုင်(၃၉/၀)မှ မြေရဲကွင်းကျေးရွာ တာမိုင်(၆၁/၀)အထိ အလျား ၂၂ မိုင် ရှည်လျားပြီး ရေဘေးကာကွယ်မှုဧရိယာအတွင်း၌ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်း မြို့နယ်သုံးခု စုစုပေါင်းဧရိယာဧက ၂၀၀၂၇၄ ဧက ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်များတွင် ငဝန်မြစ်ရေသည် နှစ်နှစ်ဆက်တိုက် ထူးခြားစွာမြင့်တက်ခဲ့ခြင်း၊ မြေသားတာတမံအမျိုးအစားဖြစ်ပြီး နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိခြင်း၊ မြစ်ရေအချိန်ကြာမြင့်စွာ တိုက်စားမှုဒဏ်၊ လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များကြောင့် တာထိပ်နိမ့်ကျခြင်း၊ မြစ်ဘက်ခြမ်းတာစောင်းများ ကြံ့ခိုင်မှုယိုယွင်းလာခြင်း၊ သတ်မှတ်တာထိပ်အမြင့်များ မပြည့်မီခြင်းအပြင် နှစ်စဉ်မိုးရာသီမြစ်ရေကြီးမြင့်ချိန်၌ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ နေ့/ညအဆက်မပြတ်ရေကာတာကြံ့ခံမှု စစ်ဆေးပြုပြင်ရခြင်း၊ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးစခန်းများ အရေးပေါ်ဆောင်ရွက်ဖွင့်လှစ်ပေးရခြင်းနှင့် ရေဘေးအန္တရာယ်စိုးရိမ်ကြောင့်ကြရမှုများ နှစ်စဉ်ကြုံတွေ့ခံစားခဲ့ကြရခြင်းတို့ကြောင့် တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ သက်ဆိုင်ရာလွှတ်တော်အသီးသီး၌ ငဝန်ရေကာတာ ပြုပြင်မွမ်းမံမှုလုပ်ငန်းဆောင်ရွက်နိုင်ရန် အဆိုပြုတင်ပြချက်၊ သက်ဆိုင်ရာဆည်၊ ရေပညာရှင်များ၏ ကွင်းဆင်းတိုင်းတာတွက်ချက်မှုများနှင့်အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေကြည်မြို့နယ်အတွင်း ငါးသိုင်းချောင်းမြို့တွင်းငဝန်ရေကာတာနှင့် မြို့ပတ်ဝန်းကျင် ငဝန်ရေကာတာ စုစုပေါင်းမိုင်အရှည်အလျား ၁၆ မိုင်ကို ပြင်ဆင်ဆောင်ရွက်ခွင့် ရရှိခဲ့သည်။

**ပိုမိုလုံခြုံစိတ်ချရသောအခြေအနေသို့**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလပထမပတ်နှင့် နောက်ဆုံးပတ်များအတွင်း ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ သက်ဆိုင်ရာမြို့နယ်ဆည်/ရေဦးစီးဌာနတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငါးသိုင်းချောင်းမြို့အတွင်းငဝန်ရေကာတာအနီးရှိ ဒေသခံပြည်သူများ နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေး၍ ငါးသိုင်းချောင်းမြို့အတွင်း ငဝန်ရေကာတာပြုပြင်ရန်အတွက် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခဲ့ရပါသည်။

၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်း ငဝန်ရေကာတာပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ငါးသိုင်းချောင်းမြို့အပြင်ပိုင်းရေကာတာ တာမိုင်(၃၉/၀ မှ ၄၆/၆)နှင့်(၄၈/၀ မှ ၅၅/၀)အတွင်း စုစုပေါင်းတာမိုင်အရှည် ၁၅ မိုင်ခွဲတွင် မြေသားတာခြေကန်တာမြှင့်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ၈၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။

ငါးသိုင်းချောင်းမြို့အတွင်း ငဝန်ရေကာတာ တာမိုင်(၄၆/၆ မှ ၄၇/၃+၅၀၀)ပေ စုစုပေါင်းတာအရှည်ပေ ၅၁၅၀ တွင် ရေကာတာအနီးရှိ ဒေသခံပြည်သူများ၏ အိမ်ခြေများနှင့်အများပိုင်အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေအနည်းဆုံးနှင့် ရေကာတာကြံ့ခိုင်မှုအခြေအနေ အကောင်းဆုံးရရှိစေရန် သက်ဆိုင်ရာ ဆည်/ရေ(ဒီဇိုင်းဌာန)ပညာရှင်များမှ သုံးကြိမ်တိုင်တိုင် စိစစ်တွက်ချက်ဒီဇိုင်းထုတ်လုပ်၍ ကုန်းဘက်ခြမ်းတာခြေတွင် ကွန်ကရစ်မြေထိန်းနံရံ၊ မြစ်ဘက်ခြမ်းတာခြေတွင် အုတ်စီမြေထိန်းနံရံတာပေါင်မြေသားဖြည့်ခြင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် မြို့တွင်းရေကာတာ ပြုပြင်ခြင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါရေကာတာပြုပြင်မွမ်းမံမှုလုပ်ငန်းအားလုံး ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီ ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ပြီး သက်ဆိုင်ရာဆည်/ရေဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများ အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြည်မြို့နယ် ငဝန်ရေကာတာ၏ ရေဘေးကာကွယ်မှုဧရိယာဧကအတွင်းရှိ ရေကြည်၊ ကျုံပျော်၊ ကျောင်းကုန်း မြို့နယ်သုံးခုရှိ စုစုပေါင်းဧရိယာဧက ၂၀၀၂၇၄ ဧက၌ ပိုမိုလုံခြုံစိတ်ချရသောရေဘေးကာကွယ်မှုဧရိယာကို မကြာမီရရှိလာတော့မည်ဖြစ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်ခဲ့ကြသောအဖွဲ့အစည်းများနှင့်ဒေသခံပြည်သူလူထုအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ရေကာတာရေရှည်တည်တံ့ခိုင်မြဲကောင်းမွန်နေစေရေးနှင့် ရေကြီးရေလျှံမှု ကြိုတင်ကာကွယ်ရေးအတွက် အခြားလိုအပ်သော ရေထုတ်မြောင်းများ တူးဖော်ခြင်း၊ ချောင်းကောမြောင်းကောများတူးဖော်ခြင်းအစရှိသည့် လုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်က ပြောကြားခဲ့သည်။

ငဝန်ရေကာတာဖြတ်သန်းတည်ရှိရာ ငဝန်မြစ်အရှေ့ဘက်ကမ်း ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ပတ်ဝန်းကျင်၌ ရေကာတာ၏ရေဘေးကာကွယ်မှုဧရိယာအတွင်း ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၁ စု၊ ရေကာတာရေဘေးကာကွယ်မှုဧရိယာပြင်ပ ရပ်/ကျေး ၂၇ အုပ်စု စုစုပေါင်း ၃၈ အုပ်စု ရေကာတည်ရှိပြီး ရေဘေးကာကွယ်မှုဧရိယာအတွင်း ပိုမိုလုံခြုံစိတ်ချရသော အခြေအနေနှစ်စဉ်ရရှိလာစေရန် တာတမံဥပဒေများအားလေးစားလိုက်နာဆောင်ရွက်မှု၊ ရေကာတာသန့်ရှင်းရေးနှင့် ရေရှည်ကောင်းမွန်ခိုင်မာရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့အစဉ်မပြတ်ချိတ်ဆက်ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ခြင်းများဖြင့် ပိုမိုလုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှုအကျိုးကျေးဇူးများ ရေရှည်ခံစားကြရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**ကိုးကား - ရေကြည်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**

# သမီးလေးရဲ့ ၁၂ နှစ်ပြည့်မွေးနေ့ ကျင်းပပေးခဲ့တဲ့ ကေတီဟုမ်းစ်

ဟောလိဝုဒ်ရဲ့ နာမည်ကျော် ကြယ်ပွင့်တစ်ဦးဖြစ်သူ ကေတီဟုမ်းစ်ဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ သမီးဖြစ်သူ ဆူဗီခရူးစ်ရဲ့ ၁၂ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်ပြုလုပ်ပေးခဲ့ကြောင်း မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

သမီးလေးရဲ့ မွေးနေ့မှာတော့ ကေတီဟုမ်းစ်က သမီးဖြစ်သူရဲ့ အဖြူအမည်းဓာတ်ပုံတစ်ပုံကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ကာ ပျော်ရွှင်စရာမွေးနေ့ဖြစ်စေကြောင်း ဆုတောင်းပေးခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာတော့ ဆူဗီဟာ မျက်နှာကို အောက်ငုံ့ထားပြီး ကင်မရာကို မျက်နှာလွှဲနေခဲ့ကာ ယင်းဓာတ်ပုံမှာတော့ ဆူဗီဟာ မိခင်ဖြစ်သူနဲ့ အတော်လေးဆင်တူတာကိုလည်း တွေ့ရပါတယ်။ ခေါင်းပေါ်မှာတော့ "Happy Birthday"လို့ ရေးသားထားတဲ့ စာတန်းပါ သရဖူကို ဆောင်းထားပြီး ဖဲပြားတွေကိုလည်း ခေါင်းမှာ ပန်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ ဓာတ်ပုံရဲ့ အောက်ခြေမှာတော့ ကေတီဟုမ်းစ်က ပျော်ရွှင်စရာမွေးနေ့ပါ ဆူဗီလို့ ရေးသားဖော်ပြထားပါတယ်။






# သရုပ်ဆောင်အဖြစ်မှ အနားယူလိုကြောင်း မင်းသားကြီး နီကိုလက်စ်ကေ့ဂျ် ဖွင့်ဟ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသားကြီး နီကိုလက်စ်ကေ့ဂျ်က လတ်တလောမှာတော့ သူ့ရဲ့ရုပ်ရှင်သစ်အတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ရင်း သူ့အနေနဲ့ သရုပ်ဆောင်တစ်ဦးအဖြစ်မှ အနားယူလိုပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ဒီလို အနားယူလိုတဲ့ အကြောင်းအရင်းကတော့ သူ့အနေနဲ့ ဒါရိုက်တာတစ်ဦးအဖြစ်သာ ပိုမိုအာရုံစိုက်လုပ်ဆောင်သွားလိုတာကြောင့် ဖြစ်ကြောင်းလည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နီကိုလက်စ်ကေ့ဂျ်ဟာ လက်ရှိမှာတော့ သရုပ်ဆောင်တစ်ဦးအဖြစ်မှ အနားယူရန် ပြင်ဆင်နေပြီဖြစ်ပြီး ကင်မရာနောက်ကွယ်မှာ ရပ်တည်သွားဖို့ရာ ရည်ရွယ်နေတာလည်းဖြစ်ပါတယ်။ သူ့အနေနဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ခရီးရှည်ကြီး လျှောက်လှမ်းခဲ့ကာ အောင်မြင်မှုများစွာ ရရှိခဲ့ပြီးနောက် ဒါရိုက်တာတစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်လိုတာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ နီကိုလက်စ်ကေ့ဂျ်ဟာ "Saturn Films" လို့ အမည်ရတဲ့ ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ထားသူဖြစ်ပါတယ်။ သူပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်တွေမှာလည်း သူ့ရဲ့ကုမ္ပဏီက တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ထားပြီး လက်ရှိမှာတော့ ရုပ်ရှင် ငါးကားကို တာဝန်ယူထုတ်လုပ်ပေးနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ချစ်သူတွေမဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီးနောက် ကန်ဟန်နာနဲ့ ဒါရန်ဝန်းတို့ရဲ့ စုံတွဲဓာတ်ပုံများ ထပ်မံပေါ်ထွက်လာ

တောင်ကိုရီးယားမင်းသမီး ကန်ဟန်နာနဲ့ ထိုင်ဝမ်မင်းသား ဒါရန်ဝန်းတို့ဟာ ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်ခဲ့ပြီးနောက် ကာယကံရှင်တွေဘက်က ငြင်းချက်ထုတ်ခဲ့ကြပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦး အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာ ချစ်သူတွေ မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက်မှာမှ ထွက်ပေါ်လာခဲ့ပြန်တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာတော့ ကန်ဟန်နာနဲ့ ဒါရန်ဝန်းတို့ရဲ့ စုံတွဲဓာတ်ပုံတစ်ပုံဟာ အွန်လိုင်းမီဒီယာပေါ်မှာ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံမှာတော့ သူတို့နှစ်ဦးဟာ ဆယ်ဖီဓာတ်ပုံကို အတူရိုက်ကူးနေတာဖြစ်ပြီး ဓာတ်ပုံဖော်ပြခဲ့တဲ့ ပရိသတ်ရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ ဗာတီကန်မြို့တော်မှာ ရောက်ရှိနေတာဖြစ်တယ်လို့လည်း သိရပါတယ်။ ချစ်သူတွေမဟုတ်ကြောင်း ငြင်းဆိုခဲ့ပေမယ့် သူတို့နှစ်ဦးဟာ အလည်အပတ်ခရီးထွက်လာတဲ့ ချစ်သူနှစ်ဦးပုံစံမျိုးဖြစ်နေကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့နှစ် ဧပြီလအတွင်း ကန်ဟန်နာနဲ့ ဒါရန်ဝန်တို့ရဲ့ ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တာပါ။ သူတို့ရဲ့ စုံတွဲဓာတ်ပုံတွေ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့ခဲ့ပြီးနောက် ချစ်သူတွေဖြစ်နေကြကြောင်း ဝေဖန်သံတွေပေါ်ထွက်ခဲ့တာပါ။ ယခုနှစ် ဧပြီလအတွင်းမှာလည်း သူတို့နှစ်ဦး ထိုင်ဝမ်မှာ ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေ ပေါ်ထွက်လာခဲ့ပြီး ကောလာဟလတွေ ပြန်လည်စတင်ခဲ့ပါတယ်။ ဒါပေမယ့် နှစ်ဖက်အေဂျင်စီတွေက အဆိုပါ သတင်းတွေဟာ မှန်ကန်မှုမရှိကြောင်းနဲ့ သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့ခြင်းမရှိကြောင်း ပြန်လည်ဖြေရှင်းခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့် - စုစည်းသည်



# Jurassic World: Fallen Kingdom ရဲ့ နောက်ဆုံးသော အစမ်းရုပ်ရှင်ထုတ်လွှင့်

ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Jurassic World: Fallen Kingdom"အတွက် နောက်ဆုံးသော အစမ်းရုပ်ရှင်ကို လတ်တလောမှာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ထုတ်လွှင့်ပြသပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ အဆိုပါ အစမ်းရုပ်ရှင်ဟာ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ အစမ်းရုပ်ရှင်တွေမှာ ပါဝင်တဲ့ ရိုက်ကွင်းတွေနဲ့ မတူညီတာကိုလည်း တွေ့ရပါတယ်။

ဒိုင်နိုဆောတွေနဲ့ ဇာတ်လမ်းဆင်ဖန်တီးထားတဲ့ "Jurassic World: Fallen Kingdom"ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ အစမ်းရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ကလိုင်ရီဟာ ဒိုင်နိုဆောကာကွယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေသူဖြစ်ပြီး မျိုးစိတ်အချို့ကို ကာကွယ်နိုင်မယ့်အခွင့်အရေးတစ်ရပ် ကမ်းလှမ်းခံခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ကမ်းလှမ်းခဲ့သူတွေဟာ ဒိုင်နိုဆောတွေကို ရောင်းစားနေကြသူတွေဖြစ်ကြကြောင်း သိခဲ့ရတာလည်း ဖြစ်ပါတယ်။

"Jurassic World: Fallen Kingdom"ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ဇွန် ၂၂ ရက်မှာ စတင်ပြသသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# BTS နှင့် ဇက်ဒ်တို့တွဲဖက်ကာ တေးသီချင်းသစ်ဖန်တီးမည်

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" နဲ့ ပူးပေါင်းကာ ရုရှားဒီဂျေပညာရှင်တစ်ဦးဖြစ်သူ ဇက်ဒ်က တေးသီချင်းသစ်တစ်ပုဒ်ကို ဖန်တီးသွားမှာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ "BTS"ဟာ ဇက်ဒ်နဲ့ တွဲဖက်ကာ တေးသီချင်းဖန်တီးလိုခြင်းဟာ သူတို့ရဲ့ အိပ်မက်တစ်ခုဖြစ်ပြီး ဇက်ဒ်က တေးသီချင်းကို အတူဖန်တီးထုတ်လုပ်သွားဖို့ရာ သဘောတူလိုက်ပြီဖြစ်တာကြောင့် "BTS" အနေနဲ့တော့ အိပ်မက်တွေ ပြည့်ဝခဲ့ရပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းမှာ "BTS" က အဖွဲ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ သူတို့ဟာ ဇက်ဒ်ရဲ့ အနုပညာလက်ရာတွေကို အလွန်ကြိုက်နှစ်သက်ပြီး သူ့ရဲ့အမာခံပရိသတ်တွေဖြစ်ကြကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် သူတို့နဲ့ လက်တွဲကာ တေးသီချင်းသစ်ကို ဖန်တီးသွားဖို့ ဖိတ်ခေါ်ခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ ဇက်ဒ်က လက်ခံလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာလည်း ဖြစ်ပါတယ်။

ဒီဂျေပညာရှင် ဇက်ဒ်က သူဟာ အဖွဲ့ဝင်ခုနစ်ဦး ပါဝင်တဲ့ "BTS" နဲ့ တေးသီချင်းတစ်ပုဒ် တွဲဖက်ဖန်တီးနေကြောင်း တရားဝင် ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဇက်ဒ်က သူ့အနေနဲ့ တေးသီချင်းတွေကို ဖန်တီးရာမှာ များသောအားဖြင့် အချိန်ယူ ဖန်တီးလေ့ရှိကြောင်း၊ "BTS" နဲ့ နောက်ထပ်တေးသီချင်းသစ်တွေကိုလည်း တွဲဖက်ဖန်တီးလိုကြောင်းနဲ့ တေးသီချင်းထုတ်လွှင့်ဖို့ရာ သင့်တော်မှန်ကန်တဲ့အချိန်ကို ရှာဖွေနေကြောင်းလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒီလို တွဲဖက်ဖန်တီးထားတဲ့ ပထမဆုံးသော တေးသီချင်းကိုတော့ ယခုနှစ် နှစ်ကုန်ပိုင်းမှာ ထုတ်လုပ်သွားမှာဖြစ်တယ်လို့ ခန့်မှန်းကြောင်းလည်း အဆိုပါ မီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။








## ဘွဲ့ရပြီးလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မည့် စီမံကိန်းစီမံခန့်ခွဲမှုသင်တန်းများ ယခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စုပေါင်းလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) နှင့် တယ်လီနော၏ ပူးပေါင်းမှုဖြင့် ဒေသခံလူငယ်များအတွက် ဖွင့်လှစ်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် စီမံကိန်း စီမံခန့်ခွဲမှုသင်တန်း အပတ်စဉ်အသစ်များကို ၂၀၁၈ ခုနှစ်တွင် ဆက်လက်ဖွင့်လှစ်သင်ကြားရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။ သင်တန်းအပတ်စဉ် ငါးခုကို ယခုနှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မေ ၇ ရက်တွင် စတင်မည့် အပတ်စဉ် ၁၁ သင်တန်း အတွက် လျှောက်လွှာများကို စတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းရဲ့ အဓိကဦးတည်ချက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးဖို့နဲ့ ဒေသခံလူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာဖို့အတွက်ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိမယ့် ကျွမ်းကျင်မှုရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဒီသင်တန်းကနေ မွေးထုတ်ပေးနိုင်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်၊ ဒီအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် တယ်လီနောအနေနဲ့ လူမှုပတ်ဝန်းကျင်မှာရှိတဲ့ လူတိုင်းရဲ့ဘဝတွေ တိုးတက်ကောင်းမွန်လာဖို့အတွက် စွမ်းရည်မြှင့်တင်ပေးရာမှာ ပံ့ပိုးကူညီနိုင်မယ်လို့လည်း မျှော်မှန်းထားပါတယ်" ဟု တယ်လီနောမြန်မာ၏ ရေရှည်တည်တံ့သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍ တာဝန်ခံ ဦးမင်းသူက ပြောသည်။

သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း ဖွံ့ဖြိုးရေး သဘောတရားနှင့် အယူအဆများ၊ စီမံကိန်း စီမံခန့်ခွဲမှု ဘာသာရပ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာဘာသာရပ်၊ သဘာဝ သယံဇာတစီမံခန့်ခွဲမှု ဘာသာရပ်၊ နိုင်ငံရေးဘောဂဗေဒဘာသာရပ်၊ ကျေးလက် အခြေခံအဆောက်အအုံဆိုင်ရာ ဘာသာရပ်၊ သဘာဝဘေးဒဏ်လျော့ပါးရေးဆိုင်ရာ ဘာသာရပ်၊ ဒေသခံများကိုယ်တိုင် ပူးပေါင်းပါဝင်နိုင်သော နည်းလမ်းများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ပြန်ကြားဆက်သွယ်ရေး ဘာသာရပ်နှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံမှုများ (ကျား/မ ပူးပေါင်းပါဝင်မှု၊ မခွဲခြားရေး) စသည့်ကဏ္ဍများကို လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်သည်ဟု ဆိုသည်။

သင်တန်းကာလ တစ်လကြာမြင့်မည့် အဆိုပါအချိန်ပြည့်သင်တန်းကို တက်ရောက်ရန်အတွက် အသက် ၂၀ မှ ၃၅ နှစ်အတွင်းရှိ ဘွဲ့ရလူငယ် မည်သူမဆို လျှောက်ထားနိုင်သည်။ သင်တန်းကြေးမှာ ငွေကျပ် တစ်သိန်းကျသင့်မည် ဖြစ်သော်လည်း အရည်အချင်းပြည့်မီသော သင်တန်းသားအားလုံးအတွက် ပညာတော်သင်ဆုငွေ ငါးသောင်းကျပ်နှင့် နေထိုင်စရိတ်ကိုပေးအပ်သွားမည် ဖြစ်သည်။ ထို့အပြင် သင်တန်းကာလပြီးဆုံးပါက ထူးချွန်သော သင်တန်းသားများအတွက် အခကြေးငွေရရှိမည့် ခြောက်လကြာ အလုပ်သင်အခွင့်အလမ်းလည်း ရှိသည်ဟု သိရသည်။ ယခုအချိန်အထိ သင်တန်းအပတ်စဉ် ၁၀ ခု ပြီးမြောက်ခဲ့ပြီး သင်တန်းသား ၃၀၀ နီးပါးကို ပို့ချခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် သင်တန်းသား ၇၅ ဦးကို အလုပ်သင်အခွင့်အလမ်းပေးအပ်ခဲ့ပြီး ၄၄ ဦးကို NAG က ဝန်ထမ်းအဖြစ် ခန့်အပ်ပေးခဲ့ကြောင်း သိရသည်။

ALEX

## Xiaomi ၏ပထမဆုံး Gaming စမတ်ဖုန်းအား မကြာမီစတင်ရောင်းချတော့မည်

စမတ်ဖုန်းအမျိုးအစားများစွာကို မကြာခဏထုတ်လုပ်ရောင်းချလျက်ရှိပြီး အာရှဈေးကွက်ကိုထိုးဖောက်ရန် ကြိုးစားလျက်ရှိသော Xiaomi သည် ဂိမ်းကစားသူများအတွက် Gaming စမတ်ဖုန်းတစ်မျိုးကို မကြာမီတွင် စတင်ရောင်းချသွားတော့မည်ဖြစ်ကြောင်း သိရသည်။ ကြိုတင်မှာကြားမှုများပြုလုပ်နိုင်ပြီး ယခုအခါ ကြိုတင်မှာကြားထားသူအရေအတွက်မှာ တစ်သန်းခန့်ရှိပြီဖြစ်သည့် အဆိုပါ စမတ်ဖုန်းမှာ ဈေးနှုန်းသက်သာသည့် Gaming စမတ်ဖုန်းတစ်မျိုး ဖြစ်လာနိုင်ဖွယ်ရှိပြီး ပါဝင်သည့်လုပ်ဆောင်ချက်အချို့ကို ဖော်ပြပေးလိုက်သည်။

ဘေးပေါင်နေရာအနည်းပါးဆုံးဖြစ်ပြီး မျက်နှာပြင်အကျယ် ၅ ဒသမ ၉၉ လက်မအထိ နေရာယူထားသော LCD မျက်နှာပြင် ပါဝင်ကာ အလေးချိန် ၁၉၀ ဂရမ်ရှိပြီး ၉ ဒသမ ၃ မီလီမီတာအထူရှိသည်။ Qualcomm SDM845 Snapdragon 845 ပရိုဆက်ဆာထည့်သွင်းပေးထားပြီး ဖုန်းအတွင်း Android 8.0 စနစ်ဖြင့် မောင်းနှင်လည်ပတ်မည် ဖြစ်သည်။ RAM 6 GB သိုလှောင်သိမ်းဆည်းမှု 64GB အမျိုးအစားနှင့် RAM 8GB သိုလှောင်သိမ်းဆည်းမှုအတွက် 128GB ဟူ၍ အမျိုးအစားနှစ်မျိုး ရွေးချယ်နိုင်ပြီး Micro SD ထပ်မံထည့်သွင်းအသုံးပြု၍မရဘဲ ဂရပ်ဖစ်ပရိုဆက်ဆာအတွက် Adreno 630 ကို ထည့်သွင်းပေးထားသည်။



ကင်မရာပိုင်းအတွက် ကျောဘက်တွင် 12MP+20MP ကင်မရာနှစ်လုံးပါဝင်ပြီး အရှေ့ဘက်ကင်မရာ 20MP ပမာဏ ပါဝင်သောကြောင့် ကင်မရာပိုင်းစွမ်းဆောင်ရည်ကောင်းမွန်မည့်စမတ်ဖုန်းအမျိုးအစားဖြစ်သည်။ အရှေ့ဘက်တွင် လက်ဗွေဖတ်စနစ်ပါဝင်ပြီး နားကြပ်ပေါက်ပါဝင်ခြင်းမရှိဘဲ ကောင်းမွန်သည့် စပီကာနှစ်လုံးထည့်သွင်းတပ်ဆင်ပေးထားသည်။ ဘက်ထရီစနစ်အတွက် Gaming ဖုန်းဖြစ်သည့်အလျောက် 4000mAh ပမာဏရှိသော ဘက်ထရီပါဝင်ပြီး လျင်မြန်သည့် အားသွင်းစနစ်လည်း ပါဝင်သည်။ ရရှိနိုင်သောအရောင်များမှာ အနက်ရောင်နှင့် ခဲရောင်နှစ်မျိုးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄၈၀ ဝန်းကျင်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ဘောဘီ

## စာရေးသားနိုင်သည့် Digital Paper ဒုတိယမော်ဒယ်ကို Sony မိတ်ဆက်



စာရေးသားနိုင်ပြီး သိုလှောင်သိမ်းဆည်းထားနိုင်သည့် Digital Paper ဒုတိယမော်ဒယ်ကို ၂၀၁၈ ခုနှစ်အတွက် Sony က ထပ်မံမိတ်ဆက်ပေးလိုက်သည်ဟု သိရသည်။ ပထမမော်ဒယ်ကို ယခင်နှစ်ကရောင်းချပေးခဲ့ပြီး ယခုနှစ်တွင် အရွယ်အစား အနည်းငယ်သေးကာ ထပ်မံထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မျက်နှာပြင် ၁၀ ဒသမ ၃ လက်မရှိကာ အထူ ၅ ဒသမ ၉ မီလီမီတာရှိပြီး E-Ink အမျိုးအစားဖြင့် စာရေးသားနိုင်သော ဒစ်ဂျစ်တယ်ဘောပင်ကိုပါ တွဲဖက်ထုတ်လုပ်ပေးထားကြောင်းသိရသည်။ ယခင်မော်ဒယ်မှာ ၁၃ ဒသမ ၃ လက်မဖြစ်ပြီး ယခုမော်ဒယ်မှာ အနည်းငယ်သေးငယ်သွားကာ နည်းပညာပိုမိုအဆင့်မြှင့်ထားပေးသည်ဟု ဆိုသည်။ ၎င်း Digital Paper တွင် စာရေးသားခြင်း၊ ပုံဆွဲခြင်းအပြင် အခြားစာရွက်စာတမ်းများကိုလည်း ထည့်သွင်းသိမ်းဆည်းခြင်း၊ E-Book များ ဖတ်ခြင်းများပြုလုပ်နိုင်သည်ဟု သိရသည်။

သိုလှောင်သိမ်းဆည်းရန်အတွက် 16GB Storage ပမာဏထည့်သွင်းပေးထားပြီး တစ်ကြိမ်အားသွင်းရုံဖြင့် အနည်းဆုံး ရက်နှစ်ဆယ်ကျော်ခန့် အသုံးပြုနိုင်မည်ဟု သိရသည်။ ထို့အပြင် စမတ်ဖုန်းများနှင့်လည်းချိတ်ဆက်နိုင်ပြီး စမတ်ဖုန်းအတွင်းရှိ အချက်အလက်များကိုကူးပြောင်းဖလှယ်နိုင်ကြောင်း သိရသည်။

ဇာဏီ

## သတိပြုစရာ အပူလျှပ် လေဖြတ်ခြင်း

စာမျက်နှာ ၁၅ မှ

ရေနွေးကြမ်း သောက်ခြင်းဖြင့် (တစ်နည်းအားဖြင့်) ရေကိုကျိုချက်၍သောက်ခြင်းဖြင့် မည်သည့် အရပ်ကရေဖြစ်စေ အန္တရာယ်ကင်းစေနိုင်သည်ဟု ဆိုသည်။ အစာမကြေခြင်း၊ ဝမ်းပျက်ခြင်းဘေးမှလည်း ကာကွယ်ရာရောက်သည်ဟု ဆိုသည်။

**နေပူထဲထွက်လျှင် သတိပြုရမည့်အချက်များ**

ယခုနှစ် နွေရာသီအပူရှိန်လွန်ကဲမည်ဟု မိုးလေဝသ ပညာရှင်များက သတိပေးလျက်ရှိသည်။ အထူးသဖြင့် အထက်အညာဒေသ နေထိုင်သူများအတွက် ပို၍သတိရှိရန်လိုသည်။ မြို့နေလူတန်းစားများအတွက် ထီး၊ ဦးထုပ်၊ နေကာမျက်မှန် စသည်တို့ဖြင့် အပူဒဏ်ကာကွယ်ဖို့ သတိပေးနေချိန်တွင် လယ်ထဲကိုင်းထဲအလုပ်လုပ်ကြရသော တောသူတောင်သားများအား မည်သို့ကာကွယ်ပေးမည်နည်း။ စိတ်ပူပန်ရန်မလိုပါ။ ရှေးဘိုးစဉ်ဘောင်ဆက်ကပင် တောသူတောင်သားတို့တွင် နေပူဒဏ်ကာကွယ်နည်းရှိပါသည်။ အကာအကွယ်ရှိပါသည်။ ထိုအကာအကွယ်မှာ သနပ်ခါးဘဲကျား ထူထူလိမ်းခြင်းနှင့် ဝါးခမောက်တို့ဖြစ်သည်။

မြန်မာ့ရိုးရာသနပ်ခါးသည် မျက်နှာနှင့် လက်၊ ခြေများ ပါလိမ်းထားလျှင် နေပူဒဏ်(ခေတ်အခေါ် ခရမ်းလွန်ရောင်ခြည်ဒဏ်) သာမက လေတိုက်ပြီး အသားပပ်ခြင်း၊ ဖုန်မှုန့်များကပ်ခြင်းကိုပါ ကာကွယ်သည်။ သနပ်ခါးအမြစ်တွင် အအေးဓာတ်(သီတဓာတ်) ပါသဖြင့် အပူကန်ပြီး မိတ်ဖုများထွက်ခြင်းကိုပါ အကာအကွယ်ပေးသည်။ ရှေးက လူကြီးများသည် ကလေးများကို ရေမိုးချိုးပြီးသည်နှင့် ကျောက်ပျဉ်တွင် သနပ်ခါးသွေးပြီး လိမ်းပေးသည်။ လိမ်းပေးရုံသာမက သန့်ရှင်းသောရေဖြင့် သွေးထားသော သနပ်ခါးအနည်းငယ်ကို ကလေး၏ ပါးစပ်အတွင်းသို့ ခွံ့ပေးသည်။ ကလေးငယ်များသည် စ၍ခွံ့ပေးခါစက သနပ်ခါးသည် ခါးသက်သက်အရသာရှိသဖြင့် မကြိုက်သော်လည်း နောင်တွင် ကြိုက်သွားလေ့ရှိသည်။ သနပ်ခါးစားခြင်းသည် အပူဒဏ်ကာကွယ်သည့်အပြင် ကလေးငယ်များကို ရေကျောက်နှင့် ဝက်သက်ပေါက်ခြင်းမှလည်း အကာအကွယ်ပေးနိုင်သည်။

ကန်စွန်းရွက်သည် ရာသီမရွေးရနိုင်သော အစာဖြစ်သည်။ နွေအခါ ကုန်းကန်စွန်း၊ မိုးအခါ ရေကန်စွန်း စသည်ဖြင့် ပေါပေါများများရနိုင်သည်။ ကန်စွန်းရွက်ကို နေ့စဉ်စားခြင်းဖြင့် အပူဒဏ်မှကာကွယ်နိုင်သည်။ ကန်စွန်းရွက်သည် အဆုတ်အားကောင်းစေသည့် အာပေါစာဖြစ်သည်။ နွေရာသီအပူငုပ်၍ ချောင်းခြောက်ဆိုးခြင်း၊ အသံဝင်ခြင်းကို သက်သာစေနိုင်သည်။ ကန်စွန်းရွက်ကို မန်ကျည်းမှည့်နှင့် ချဉ်ရည်ဟင်းချက်စားလျှင် အပူဒဏ်ကာကွယ်သော ရာသီစာဖြစ်သည်။ မိတ်ကိုက်ပြီး ပူစပ်ပူလောင်ဖြစ်လျှင် ကန်စွန်းရွက် အရည်ညှစ်ပြီး ဆားအနည်းငယ်ထည့်၍ ဖျော်လိမ်းပေးလျှင် သက်သာစေနိုင်သည်။

**နေပူဒဏ်ကာကွယ်ဖို့**

၁။ သနပ်ခါးလိမ်းပါ။ မြန်မာ့ရိုးရာသနပ်ခါးသည် အပူဒဏ်ကို ကာကွယ်သည်။

၂။ မိတ်ထွက်လျှင် သနပ်ခါးအနည်းငယ် စားပေးပါ။ ခရေပွင့်ခြောက်နှင့် သနပ်ခါးရောသွေးလိမ်းပါ။

၃။ ရေတစ်ခွက်သောက်ပြီးမှ အပြင်ထွက်ပါ။

၄။ အပြင်မှ ပြန်လာလျှင် ရေခဲရေမသောက်ပါနှင့်။ ပုံမှန်သဘာဝ ရေအေးကိုသာသောက်ပါ။

၅။ ခြေထောက်ရေမဆေးပါနှင့်။ ရေမစိမ်ပါနှင့်။

၆။ မျက်နှာမသစ်ပါနှင့်။ ရေအေးဖတ်ဖြင့် မကပ်ပါနှင့်။

၇။ နေပူထဲမှ ပြန်လာလျှင် ချက်ချင်းရေမချိုးပါနှင့်။

၈။ ဦးခေါင်း၊ ဆံပင်ဖြန့်၍ ပန်ကာလေမခံပါနှင့်။

၉။ ရေခဲသေတ္တာထဲမှ ရေဘူးကို သောက်လိုလျှင် အပြင်မှာ (၁၅) မိနစ်ခန့် ထုတ်ထားပြီးမှ သောက်ပါ။

၁၀။ ပူပြင်းသောရာသီတွင် ဝမ်းချုပ်လျှင် ညအိပ်ရာဝင် မန်ကျည်းမှည့်နှင့် ထန်းလျက်ဖျော်ရည်သောက်ပါ။ ဝမ်းနုတ်ဆေးအပြင်းများ မသောက်ပါနှင့်။

၁၁။ ဝမ်းပျက်လျှင် သကြားသုံးဇွန်း၊ ဆားတစ်ဇွန်း၊ လက်ဖက်ခြောက် လက်တစ်ဆုပ် သံဒယ်အိုးဖြင့် လှော်ပြီး ရေနွေးဆူဆူတွင် ခတ်သောက်ပါ။ ဝမ်းအရည်သွားခြင်းကို ရပ်စေပါသည်။

# ဆီမ်မျိုးနွယ်စုများ၏ ဘောလုံးပြိုင်ပွဲ ချင်းပြည်နယ်ဝန်ကြီးချုပ် ဖွင့်လှစ်

**ဖလမ်း မေ ၂၀**

နေရာဒေသအသီးသီးတွင် နေထိုင်ကြသော ဆီမ်မျိုးနွယ်စုများ စည်းလုံးခြင်း၊ ညီညွတ်ခြင်းနှင့် လူငယ်များက အားကစားကို စိတ်ပါဝင်စားပြီး အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ ကျင်းပသော ဆီမ်မျိုးနွယ်စုများ၏ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဖလမ်းမြို့နယ် ရဲလ်စီန်းကျေးရွာ ဘောလုံးကွင်း၌ မေ ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ ဒေသခံပြည်သူများက ချင်းရိုးရာ (Khuai Ngal Eih Lam) အကဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်တို့က အမှာစကားပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေး ဝန်ကြီးတို့က ကျေးရွာယဉ်ကျေးမှု အကအဖွဲ့နှင့် အားကစားသမားများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကာ အမျိုးသားဘောလုံးပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဲလ်စီန်းကျေးရွာခန်းမ၌ကျေးရွာဒေသခံ ပြည်သူများနှင့် တွေ့ဆုံပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လူမှုရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယန်းဖဲလ်တို့က အမှာစကားပြောကြားကြသည်။

တက်ရောက်လာကြသူများကကျေးရွာအတွက် လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးရန် တင်ပြကြရာ တင်ပြချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ပြည်နယ်လူမှုရေးဝန်ကြီးက အဝတ်အထည်များ ထောက်ပံ့ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့သည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖလမ်းမြို့ရာပြည့် အားကစားကွင်းပွဲကြည့်စင်တည်ဆောက်ပြီးစီးမှုနှင့် မီတာ ၄၀၀ ပြေးလမ်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တာချီလိတ်၌ ရွှေ့ပြောင်းသွားလာသူများ၏ အခက်အခဲများ ဖော်ထုတ်ကာ ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ရေး စည်းဝေး

**တာချီလိတ် မေ ၂၀**

မြန်မာနိုင်ငံကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနက စီစဉ်ပြုလုပ်သည့် ရွှေ့ပြောင်းသွားလာသူများ၏ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များ ဖော်ထုတ်ကာ ဒေသတွင်း ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် နံနက် ၉ နာရီခွဲက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ် (တာချီလိတ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်နှုတ်ခွန်းဆက် စကားပြောကြားရာတွင် နယ်စပ်ဒေသဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်အလုပ်လုပ်သူများ အများအပြားရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် နေ့စဉ်အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ယင်းအခက်အခဲများကို ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များက အလျဉ်းသင့်သလို ဆောင်ရွက်ပေးနေသော်လည်း လိုအပ်ချက်များရှိနေသေးကြောင်း၊ ယခုလို မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန် သတင်းအချက်အလက်များရရှိရေး ဆောင်ရွက်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကျေးရွာအုပ်စုအဆင့်အထိ ဖွဲ့စည်းဆောင်ရွက်ပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေလိုအပ်ချက်ရရှိရေးနှင့်အတူ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက လုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းငွေက ယနေ့အစည်းအဝေးမှရရှိသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် ကူညီပေးနိုင်မည့် အချက်အလက်များအား မြန်မာနိုင်ငံတစ်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း မိသားစုပြန်လည်ဆက်သွယ်ပေးရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုလင်းက ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ ကျိုင်းတုံရုံးမှ ကွင်းဆင်းကိုယ်စားလှယ် Mr.Andrea Zanfretta က ဆွေးနွေးပွဲတွင် အဓိကဆွေးနွေးသင့်သည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ခရိုင်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်ကြက်ခြေနီ တပ်ဖွဲ့မှူး ဦးဘမိုးမြင့်နှင့် လူမှုရေးအသင်းအဖွဲ့များက ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေအနေများ၊ ဌာနများနှင့် အဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်နေမှုများ၊ အဖွဲ့အစည်းများ ဖွဲ့စည်းတည်ရှိမှုအခြေအနေများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကိုရှောင်ကြဉ်ပါ။

၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈

**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၀ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၀၀ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

**အခန်း(၁)**
**အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤအမိန့်ကြော်ငြာစာတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း ဆိုရာတွင် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က သတ်မှတ်ပြဋ္ဌာန်းသည့် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်ပါသည်။

(ခ) ပုဂ္ဂလိကကျောင်း ဆိုသည်မှာ နိုင်ငံတော်က သီးသန့်ဆောင်ရွက်သော ကျောင်းမှတစ်ပါး အခြားသောကျောင်းအားလုံးကို ဆိုသည်။

(ဂ) အခြေခံပညာပုဂ္ဂလိကကျောင်း ဆိုသည်မှာ နိုင်ငံသားတိုင်းတတ်မြောက်ရန် သတ်မှတ်ထားသော ပညာအခြေခံကို သင်ယူတတ်မြောက်ရန်နှင့် နည်းပညာနှင့် သက်မွေးပညာရပ်တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်စေရန် သင်ကြားလေ့ကျင့်ပေးသည့် ကျောင်းကို ဆိုသည်။

(ဃ) နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပုဂ္ဂလိကကျောင်းဆိုသည်မှာ လက်တွေ့နည်းပညာကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့်သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို စနစ်တကျ မွေးထုတ်ပေးသည့် ကျောင်းကိုဆိုသည်။

(င) အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီး သူများကို လေ့ကျင့်သင်ကြားပေးသည့်ကျောင်းကို ဆိုသည်။

(စ) ဘာသာရပ်သင် ပုဂ္ဂလိကကျောင်းဆိုသည်မှာ ကျောင်းဝင်ခွင့်သင်တန်း၊ လုပ်ငန်းခွင်ဝင်ခွင့်သင်တန်း၊ ဘာသာစကားသင်တန်း၊ နိုင်ငံတော်က တည်ထောင်ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ သင်တန်းတွင် သင်ကြားသော ဘာသာရပ်ကိုဖြစ်စေ၊ စာမေးပွဲတစ်ခုခုအတွက် သတ်မှတ်ထားသော ဘာသာရပ်ကိုဖြစ်စေ လူတစ်ဦး သို့မဟုတ် လူအများက ကိုယ်ပိုင်အကျိုးစီးပွားအလို့ငှာ သင်ကြားသည့် ကိုယ်ပိုင်သင်တန်းများ ဖွင့်လှစ်သည့်ကျောင်းကို ဆိုသည်။

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ပုဂ္ဂလိကကျောင်း ပြည်ထောင်စုအစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ အခါအားလျော်စွာ သတ်မှတ်သည့်ကျောင်းကို ဆိုသည်။

**အခန်း(၂)**
**ပညာရေးဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားများ**

၂။ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အောက်ပါ ပညာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားများကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့က သတ်မှတ်သည့် သင်ရိုးညွှန်းတမ်း သို့မဟုတ် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများအဖြစ် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်-

(က) အခြေခံပညာပုဂ္ဂလိကကျောင်း။

(ခ) နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးပုဂ္ဂလိကကျောင်း။

(ဂ) အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်း။

(ဃ) ဘာသာရပ်သင် ပုဂ္ဂလိကကျောင်း။

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ပုဂ္ဂလိကကျောင်း။

**အခန်း (၃)**
**ရင်းနှီးမြှုပ်နှံမှုပုံစံ**

၃။ ပညာရေးဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားများစာရင်းပါ ပုဂ္ဂလိကကျောင်းများကို ဖွဲ့စည်းရာတွင် တည်ထောင်သူ၏ မတည်ငွေရင်းပေါ် အခြေခံ၍ အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်နိုင်သည်-

(က) မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသား အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် မြန်မာနိုင်ငံသားအဖွဲ့အစည်းများက မတည်ငွေရင်းရာခိုင်နှုန်းအပြည့်ဖြင့် ပြုလုပ်သော ပုဂ္ဂလိကကျောင်း။

(ခ) မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသား အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် မြန်မာနိုင်ငံသားအဖွဲ့အစည်းများ သို့မဟုတ် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းနှင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားအစိုးရအဖွဲ့အစည်းက မတည်ငွေရင်း ဖက်စပ်ပြုလုပ်သော ပုဂ္ဂလိကကျောင်း။

(ဂ) နိုင်ငံခြားသားများ သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားအစိုးရအဖွဲ့အစည်းက မတည်ငွေရင်း ရာခိုင်နှုန်းအပြည့်ဖြင့် ပြုလုပ်သည့် ပုဂ္ဂလိကကျောင်း။

၄။ အဆိုပါကျောင်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထား ရှိသည့် အမိန့်ကြော်ငြာစာများနှင့် အမျိုးသားပညာရေးဥပဒေ(၂၀၁၄)တို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှင့် သက်ဆိုင်သော ဥပဒေ၊ အဆင့်မြင့်ပညာရေးနှင့် သက်ဆိုင်သော ဥပဒေတို့ ပြဋ္ဌာန်းခြင်း မပြုမီအချိန်အထိ အကျိုးသက်ရောက်ပြီး အဆိုပါဥပဒေများ ပြဋ္ဌာန်းပြီးသည့်အခါ ရင်းနှီးမြှုပ်နှံသူသည် သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**(ကျော်ဝင်း)**
**ဥက္ကဋ္ဌ**

## နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာ

ချစ်ဖေဖေ **ဦးဦးရွှေမောင်**-B.Ecom(PD) 1966,HGP,RL(ကုန်သွယ်ရေးမန်နေဂျာ-ငြိမ်းတရားရုံးချုပ်ရှေ့နေ)နှင့် ချစ်မေမေ **ဟာဂျီမဒေါ်ခင်ခင်လှ**တို့၏ (၂၁-၄-၂၀၁၈)ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာမှသည်ချစ်သောသားသမီး၊ မြေးများနှင့်အတူ စိန်ရတုတိုင်ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့်လျှောက်လှမ်းနိုင်ကြပါစေ။

ချစ်သားသမီးများ-

သမီးကြီး - ဒေါ်ခင်စန္ဒာရွှေ(အလယ်တန်းပြ-အလက(၁)၊ မင်္ဂလာတောင်ညွန့်)-ဦးဇေယျာသိန်း(M.D Zarni Chin Co.,Ltd)

မြေး - မောင်နေဇာသိန်း(Zarni Chin Co.,Ltd)

သမီးငယ် ဟာဂျီမဒေါ်ခင်သူဇာရွှေ-Al,Hajဦးခင်မောင်(M.D,ရှိုင်းတံခွန်ဆောက်လုပ်ရေး)

မြေးများ Dr. မြတ်နိုးမောင်(အလုပ်သင်ဆရာဝန်-သယ်ံန်းကျွန်းစံပြဆေးရုံ)၊ မခင်ရတနာမောင်-ဒုတိယနှစ်(ဆေးတက္ကသိုလ်-၂)၊

သားကြီး - Capt;အောင်နိုင်ရွှေ-ဒေါ်စုစုသက်(LL.B)

မြေးများ - မောင်ဇွဲသက်နိုင်၊ မောင်ဇူးသက်နိုင်၊ မရွှေရတီသက်နိုင်

သားငယ် - Capt;အောင်ထူးရွှေ-ဒေါ်စမ်းဟေမာဝေ(B.Sc)

မြေးများ - မဆောင်းကြယ်စင်ထူး၊ မောင်ဆောင်းဝံသထူး

ရွှေအိုးကြီး

09421073634, 777636630

ဆုံသစ္စာ
Car rental
Ph : 09799566761
095504667

KN
Air-Con
Ph: 09-400788135
09-762276128

## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ပဉ္စမအကြိမ် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲဖိတ်ကြားခြင်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၇၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်များ ကန်တော့ခံကြွရောက်ပါရန်နှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများ အောက်ပါအစီအစဉ်အတိုင်း ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် ။ ။ ၂၈-၄-၂၀၁၈(စနေနေ့)

အချိန် ။ ။ နံနက်(၀၉း၀၀)နာရီတိတိ။

နေရာ ။ ။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်အရောင်းခန်းမ။ (ယခင်EMPORIUM Hall) အမှတ်(၆၆)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။

ဆက်သွယ်ရန်ဖုန်း ၀၉-၉၇၂၇၁၁၉၉၉၊ ၀၉-၂၅၀၈၂၂၉၄၆၊ ၀၉-၅၁၀၀၈၀၉၊ ၀၉-၅၀၅၆၀၃၁၊ ၀၉-၄၃၁၀၀၅၃၂၊ ၀၉-၄၂၁၀၆၆၈၁၈၊ ၀၉-၄၄၈၅၄၄၈၉၆၊ ၀၉-၇၃၀၅၁၇၄၄

**ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
10', 15', 16'
09 5024774
09 73179228
09 49155515
09 49225338

အမှတ်တရ ဟံသာဝတီဦးဝင်းတင်

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၀၁/၂၀၁၈ ကြိမ်မြောက် အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ ကျွန်းခွဲသားအရွယ်စုံ (တတိယတန်းနှင့်အထက်)(၃၆၀. ၄၄၇၆)တန်၊ ကျွန်းလျှာထိုး (၈. ၅၆၃၂)တန်၊ ပျဉ်းကတိုး(၁၅. ၆၇၈၄)တန်နှင့် ကညင်(၃၉. ၅၇၈၀)တန်တို့အား အမေရိကန်ဒေါ်လာ (US$)ဖြင့် အိတ်ဖွင့်လေလံကို အောက်ဖော်ပြပါ အတိုင်းရောင်းချသွားမည်ဖြစ်ပါသည်။

(က) ရောင်းချမည့်ရက်နှင့်အချိန် (၇-၅-၂၀၁၈) ၊ နံနက်(၁၀း၀၀)နာရီ

(ခ) ရောင်းချမည့်နေရာ သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း၏ website ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သော်လည်းကောင်း၊ ဖုန်းနံပါတ်၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅ များတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ကလေးမြို့ ညောင်ပင်သာရပ်ကွက်ရှိ ဂိုဒေါင်ရောင်းမည်

ကလေးမြို့ ညောင်ပင်သာရပ်ကွက်၊ မိုးလေဝသရုံးအနီး ပေ(၅၂×၁၂၀)ခြံအတွင်း၌ (၃)ပေအမြင့်ကွန်ကရစ်ခုံပေါ်တွင် ပျဉ်းကတိုးသစ်မာဖြင့် တည်ဆောက်ထားသော ကြမ်းခင်းအထူ (၂)လက်မ၊ နံရံ အထူ(၁)လက်မရှိပြီး (၁)ခန်းလျှင် ပေ(၁၈× ၁၈× ၁၈)ရှိသည့် အခန်း(၄)ခန်းတွဲ အကျယ်အဝန်းပေ (၇၂× ၁၈)ရှိ ဝမ်းလောင်း၍ရသောဂိုဒေါင်ကိုရက်အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ အကျယ် (၆)ပေ၊ အမြင့် (၃)ပေရှိ အမိုးပါသော ဂိုဒေါင်မျက်နှာစာပရပ်နှင့် ဂိုဒေါင်စောင့်အိမ်ငယ်ပါသည်။

**ဆက်သွယ်ရန်-**

၀၉-၅၀၁၃၂၂၂၈၊ ၀၉-၇၆၅၀၁၃၂၂၂၈၊ ၀၁-၃၆၈၀၆၂၃

အားလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေးဆေး
ဒေါ်ကြွယ် အမှုငြိမ်း ဆေးဆေး
TMR001516(1019)

PUN HLAING SILOAM HOSPITALS

အားနည်းသူကို ပေးမကေ့ လူထုအကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှု

Only JCIA Hospital in Myanmar



တစ်နေ့ ၁၅,၀၀၀ ကျပ်

အပြီးအစီး ကုန်ကျစရိတ်

(၈) သောင်း မှ

(၆) သိန်းခွဲကျပ် အတွင်းသာ

Pun Hlaing Siloam Hospital (Yangon) : Pun Hlaing Estate Avenue, Hlaing Tharyar Township, Yangon, Myanmar. Tel: +95 1 368 4320, 368 4323, 368 4336, 368 3015, 368 3060 +95 9 421 042 679

Since 1986

KMD Institute

ISO 9001:2008 လက်မှတ်ရ

ISO

kmdedu.mm

အရည်အသွေးပြည့်မီသော
ကွန်ပျူတာပညာရပ်များကို အချိန်တိုအတွင်း
အထူးနည်းထားများဖြင့်တက်ရောက်လိုသူများအတွက်
သင်တန်းများဖွင့်လှစ်ပေးနေပါသည်။

အစိုးရဌာနများ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ အသင်းအဖွဲ့များအတွက် သင်တန်းများကို လိုအပ်ချက်ပေါ် မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။

(ပန်းဆိုးတန်း) (မြေနီကုန်း) (လမ်းမတော်) (တာမွေ) (လှည်းတန်း ၁၊ ၂) (သိမ်ကြီးဈေး)

## ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းစံပြကျေးရွာနေ (ဦးစောလှိုင်-ဒေါ်ခင် ညွန့်)၊ နရွဲချောင်းကျေးရွာနေ (ဦးမြအောင်-ဒေါ်သန်းမြင့်)တို့၏ မြေး၊ မင်္ဂလွန်းစံပြကျေးရွာ၊ သီရိရတနာရပ်ကွက်၊ ပတ္တမြားလမ်း၊ အိမ်အမှတ်(၇၃၉)နေ ဦးညွန့်ရွှေ-ဒေါ်မြမြသန်းတို့၏သား၊ ကိုအောင်မျိုးကျော် (Electronic Service)၏ညီ၊ မောင်သူရကျော် Second year (Geo;)(ခေတ္တစင်ကာပူ)၏အစ်ကို

**မောင်မျိုးမင်းကျော် B.A (Myanmar)**

နှင့်

739 Hemlock Avenue Hampton Virginia 23661, USAနေ ဦးစိန်လှိုင်-ဒေါ်မြမြစိုးတို့၏သမီး ရန်ကုန်တိုင်းဒသေကြီး၊ ပုလဲမြို့သစ်နေ ဦးခင်မောင်တင့်-ဒေါ်ဝင်းသိဂီ (စိုးမိသားစုအထွေထွေကွန်ကရစ်လုပ်ငန်း)တို့၏ ညီမ

**မမြသီတာ**

(Early Childhood Education 2nd year Monpgomery College)

တို့၏ (၁၉-၄-၂၀၁၈)ကြာသပတေးနေ့တွင် မြမြင့်မိုရ်(Hotel) မီးပွိုင့်အနီး၊ သန်လျင်မြို့တွင် ကျင်းပသော မင်္ဂလာညှော့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းတို့နှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**မောင်မျိုးမင်းကျော်-မမြသီတာ**

## တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့်မြေလမ်း(၁၂)လမ်း၊ ကျောက်ခင်းလမ်း(၂၈)လမ်း၊ ကတ္တရာလမ်း(၄)လမ်း၊ ကွန်ကရစ်လမ်း(၄၅)လမ်း၊ သံကူကွန်ကရစ်တံတား(၂၇)စင်း၊ Box Culvert (၂၁)ခု၊ ရေပြွန် (၈)ခု၊ သောက်သုံးရေရရှိရေး(၁၇)ရွာ၊ စက်ရေတွင်း(တွင်းနက်) (၃)တွင်းနှင့် ဆိုလာ မီးလင်းရေး(၃၈၇) စုံလုပ်ငန်းများအားဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအားရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းတင်သွင်းနိုင်ပါသည်။

| | |
|---|---|
| အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် | ၂၃-၄-၂၀၁၈(တနင်္လာနေ့)မှ စတင်၍ရုံးချိန်အတွင်း |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် | ၂၃-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) (၁၆း၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ | တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ထားဝယ်မြို့<br>ဖုန်း-၀၅၉-၂၀၂၂၁၂၆၊ ၀၅၉-၂၀၂၃၉၃၄၊ ၀၉-၂၅၄၃၀၃၀၁၈ |
| အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | ၂၉-၅-၂၀၁၈(အင်္ဂါနေ့) (၉း၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ | စက်မှုလက်မှုသင်တန်းကျောင်း၊ ထားဝယ်မြို့။ |

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

လုပ်ငန်းအတွက် ဝန်ထမ်းခေါ်ယူမည်
(၁) Assistant Manager ကျား - ၃ ဦး
(၂) [illegible] ကျား/မ - ၃ ဦး
(၃) ယာဉ်မောင်း ကျား - ၁ ဦး
(၄) [illegible] ကျား - ၃ ဦး
01 558 420 , 01 552 648

Khine ကိုရီးယားဘာသာသင်တန်းကျောင်း
E.P.S (TOPIK)
Ph : 09-73026940, 09-250641687
09-5162790

WIN Japanese Language School

| | | |
|---|---|---|
| Intermediate | 24-4-2018 | Tue~Fri |
| N2Grammar(Conver:) | 2-5-2018 | Wed~Fri |
| N3,N2Grammar(Vocab:) | 5-5-2018 | Sat,Sun |
| Baisc,Inter,Pre-Adv(I) | 5-5-2018 | Sat,Sun |
| Basic , Intermediate | 9-5-2018 | Wed~Fri |
| N1 Grammar | 19-5-2018 | Sat,Sun |
| Basic | 23-5-2018 | Wed~F.i |

Tel: 01-299493
Tel: 09-780390093,09780390094

Holiday
Ph:09-422206157, 09-422206158, 09-8672114

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
25'x60'= (45)သိန်း၊ 40'x60'= (65) သိန်း
Ph: 09-795 518 355,09-450 302 310, 09-799 716 395

မြေတူးစက်(Backhoe)ရောင်းမည်
လက်ရှိအသုံးပြုနေဆဲ
အပြောင်း / အကောင်း
20 Ton (Kobelco) = 260 သိန်း
4.5 Ton (Comatsu) = 160 သိန်း
Ph: 09-785084831

မင်္ဂလာပါ
09-450042704
09-250095116
09-420096296

ရောင်ခြည်ထစ်
10',14',15'
Ph:09-450454771
09-450454772
09-450454773

အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ
ထူးခြားမှုများ
1. Handphone ပြုပြင်ခြင်းသင်တန်း
2. [illegible]
3. TV , DVD , EVD ပြုပြင်သင်တန်း
4. [illegible]
5. [illegible]
6. [illegible] Electrical Control သင်တန်း
7. [illegible]
8. [illegible]
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. Microcontroller သင်တန်း
13. [illegible] သင်တန်း (3G, 4G, 3F, 4F)
14. [illegible]
15. Marine Electrical / Fitter / Welding သင်တန်းများ
GLORY No. 3/4 ၊ 09-73121717,09-5197817 www.glory-education.com

[illegible]

| | [illegible] | [illegible] | [illegible] |
|---|---|---|---|
| ၁။ | [illegible] | [illegible] | [illegible] |
| ၂။ | MMN -၅၂၃၀၈၇ (မ) | [illegible] | [illegible] |
| ၃။ | MMN -၅၂၃၀၈၇ (မ) | [illegible] | [illegible] |
| ၄။ | [illegible] | [illegible] | [illegible] |
| ၅။ | [illegible] | [illegible] | [illegible] |
| ၆။ | [illegible] | [illegible] | [illegible] |
| ၇။ | [illegible] | [illegible] | [illegible] |
| ၈။ | [illegible] | [illegible] | [illegible] |

## ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအနောက်ရပ်ကွက်၊ အလုံလမ်း၊ အမှတ်(၁၁၈/A)ဟုခေါ်တွင်သည့် မြေနှင့်အိမ် အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်အိမ်သည် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၄၆-A) မြေကွက်အမှတ်- (၈၉ စီ-၁)၊ ဧရိယာ(၀. ၁၀၄)ဧကရှိ မြေပိုင်မြေကွက်နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆-A)၊ မြေကွက်အမှတ်(၈၉/၂)၊ ဧရိယာ(၀. ၀၄၁)ဧကရှိ ဂရန်ရှိ မြေပိုင်မြေကွက်(၂)ကွက်ပေါင်း ဧရိယာ(၀. ၁၄၅)ဧက ကျယ်ဝန်းသော မြေကွက်များဖြစ်ပြီး ဦးဇော်ဘိုခန့် [၁၀/မလမ(နိုင်)၀၅၉၄၇၄]နှင့် ဒေါ်မာလာဖြူ[၁၂/လမန(နိုင်)၀၀၀၃၂၆]တို့ အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်လျက်ရှိသည့် မြေကွက်များပေါ်တွင် တည်ရှိသော မြေနှင့်အိမ်ဖြစ်ပါသည်။

ဖော်ပြပါ မြေကွက်များနှင့် အိမ်ကိုကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ(တန်ဖိုးငွေ)၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူတို့ထံ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက မြေ၊ အိမ်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ အကျိုးသက်ဆိုင်သူ မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အရောင်းအဝယ်ကိစ္စ၊ ပိုင်ဆိုင်မှုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်သူမရှိပါက ဤမြေ၊ အိမ်အရောင်းအဝယ် ဥပဒေနှင့်အညီပြီးဆုံးသည်ထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးထင်ကျော် | ဒေါ်သက်လေးချို | ဒေါ်သီရိနန္ဒာဝင်းနွဲ့ |
| B.Sc, H.G.P,R.L | LL.B.,D.B.L,D.I.L,D.M.L | LL.B |
| | WIPO (Switzerland) | WIPO (Switzerland) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၃၁၅/၉၀) | (စဉ်-၁၀၂၀၈/၁၄) | (စဉ်- ၄၉၂၅၅/၁၇) |

အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉- ၄၂၀၀၂၄၂၈၉


မိနစ်များများ ပြောလေ
အလှူငွေက များများလှူပေးလေ
ကလေးတွေရဲ့အိပ်မက်တွေ တကယ်ဖြစ်လာဖို့
၁ မိနစ် ဖုန်းပြောတိုင်း အလှူငွေမှ
၁ ကျပ် လှူဒါန်းပေးသွားပါမည်
ooredoo




ဒေါ်ကန်
အကျိုးဆောင်
09 7878 666 77 , 09 429 999 811

**လမ်းမတန်းအိမ်ခြံမြေ**
**ပိုင်ရှင်ကိုယ်တိုင်မှ ငှားမည်/ရောင်းမည်**

မ/ဒဂုံ၊ ဗိုလ်မှူးဗထူးလမ်းမကြီး၊ အမှတ်(၇၈၆)၊ (၄၇)ရပ်ကွက်၊ ပေ(၄၀×၆၀)၊ ဂရန်။ ရေ(၂)မျိုး၊ ခြံခတ်၊ ပေ(၁၈×၄၅)(၁½)တစ်ထပ်ခွဲ အုတ်ညှပ်တိုက် ကားဂိုဒေါင်ပါ။

**ဆက်သွယ်ရန်ဖုန်း-၀၁-၅၈၄၃၈၆၊ ၀၉-၂၅၄၃၁၃၁၉၉**

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

ထိပ်တန်း
အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း




## ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းလုပ်ငန်း အမည် အမှတ်တံဆိပ် မူပိုင်ခွင့်နှင့်ပတ်သက်၍ မိတ္ထီလာမြို့ ဦးကျော်ကျော်ထွေး၊ ၎င်း၏ရှေ့နေများနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကောင်းထက်အောင်[၉/မထလ(နိုင်)၁၆၉၁၇၅]၏ ညွှန်ကြားချက်အရ လူကြီးမင်း၏ ၉-၄-၂၀၁၈ရက်ထုတ်ကြေးမုံသတင်းစာ၊ ၁၀-၄-၂၀၁၈ ရက်ထုတ် မြန်မာ့လင်းသတင်းစာတို့၌ မမှန်မကန်ဖော်ပြထားခြင်းအတွက် နောက်ဆုံး အကြိမ် ရှင်းလင်းသတိပေးကြေညာပါသည်။

ဦးကောင်းထက်အောင်သည် ပညာပန်းတိုင်အမည်ဖြင့် ဘော်ဒါဆောင်ကို ၁၉၉၉ ခုနှစ်မှစ၍ ပျဉ်းမနားမြို့တွင် တည်ထောင်ဖွင့်လှစ်ခဲ့ရာ ဘော်ဒါဆောင်လုပ်ငန်းလိုင်စင်ကို ၂၅-၁၀-၂၀၀၇ရက်၌လည်းကောင်း၊ ပညာပန်းတိုင်ဘာသာရပ် ကိုယ်ပိုင်သင်တန်းကို မှတ်ပုံတင်အမှတ်-၀၄၅ဖြင့် ၁၆-၃-၂၀၁၈ရက်၌လည်းကောင်း၊ ၃-၉-၂၀၁၂ရက်တွင် တစ်နိုင်ငံလုံး ကိုယ်ပိုင်အထက်တန်းကျောင်း ဖွင့်လှစ်ခွင့်ရရှိသည့်(၆၆)ကျောင်းအနက် "ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း"အမည်၊ မှတ်ပုံတင်အမှတ်-ကက၁၀/၂၉/၀၂၁ရက်စွဲ ၃-၉-၂၀၁၂ဖြင့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်သည်။ ၇-၈-၂၀၁၇ရက်၌လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာန မှတ်ပုံတင်အမှတ်-ကကယ-၁၈/၀၁/၀၀၂ "ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်း ကျောင်း" အမည်ဖြင့် ထပ်မံမှတ်ပုံတင်ပြီး ၁၂-၁၀-၂၀၁၇ရက်တွင် နေပြည်တော်၊ ပျဉ်းမနား မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး မှတ်ပုံတင်အမှတ်၇၁/၂၀၁၇ "ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း" အမည်၊ တံဆိပ်၊ အမှတ်အသားကို မူပိုင်ခွင့်မှတ်ပုံတင်ခဲ့ပြီး လည်းဖြစ်ပါသည်။

မြန်မာပြည်တစ်ဝန်းတွင် "ပညာပန်းတိုင်" အမည်ဖြင့် ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်လိုင်စင်မရှိဘဲ တည်ထောင်ဖွင့်လှစ်နေကြောင်းကြားသိရ၍ သိက္ခာငဲ့ကွက်၍ ၂၁-၁-၂၀၁၈ရက်ထုတ် သတင်းစာများမှတစ်ဆင့် ကျွန်ုပ်တို့၏မိတ်ဆွေက "ပညာပန်းတိုင်" အမည်၊ အမှတ်တံဆိပ်၊ အမှတ်အသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား သုံးစွဲခြင်းမပြုရန် ယင်းအမည်ကိုပင် အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျောင်းခွဲများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အသိပေး တားမြစ်ခဲ့ခြင်းကို သင်သိရှိခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ အသိပေးတားဖြစ်ကြေညာပြီးသည့်နောက်ပိုင်းတွင်လည်း လူကြီးမင်းက ကြော်ငြာစာပါအတိုင်း လိုက်နာခြင်းမရှိဘဲ "ပညာပန်းတိုင်" ဟူသည့် တိုက်ရိုက်အမည် "ပညာ့ပန်းတိုင်"ဟူသော ဆင်တူယိုးမှာ အမည်ကိုလည်းကောင်း၊ ပညာရေးဝန်ဆောင်မှု လုပ်ငန်းတွင်အသုံးပြုလျက်ရှိခြင်း၊ ဆင်တူယိုးမှားအသုံးပြုမည်ဟု ပြင်ဆင်ခြင်းတို့တွေ့ရှိ လာ၍ လူကြီးမင်းအပေါ် သတင်းစာများမှ ပွင့်လင်းစွာတားမြစ်ခဲ့ရသော်လည်း သင်က "ပညာပန်းတိုင်" အမည်ကို ယနေ့တိုင်စွဲမြဲအသုံးပြုနေကြောင်း သိရပါသည်။

လူကြီးမင်း၏ လုပ်ငန်းအောင်မြင်မှု ဆုံးရှုံးမှုကို ကျွန်ုပ်တို့၏ မိတ်ဆွေက စိတ်မဝင်စားပါ။

၉-၄-၂၀၁၈နှင့် ၁၀-၄-၂၀၁၈ထုတ် သတင်းစာတို့တွင်-

- ဦးကျော်ကျော်ထွေးသည်"ပညာပန်းတိုင်ဘော်ဒါနှင့် နေ့အထူးသင်တန်း" ကို၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ လူကြီးမင်းထက်စောစွာဖွင့်လှစ် သင်ကြားခဲ့ခြင်း။
- ကျွန်ုပ်တို့၏မိတ်ဆွေ၏ အောင်မြင်မှုကို ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည် ရွယ်ခြင်း၊
- လူကြီးမင်းမှ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်ရရှိပြီးမှ ကျွန်ုပ်တို့၏မိတ်ဆွေက ပညာပန်းတိုင်ဘော်ဒါနှင့် နေ့အထူးသင်တန်းကိုစတင် ဖွင့်လှစ်လေဟန်ဖြင့် လွဲမှားစွာတမင်ကြေညာခဲ့ခြင်း၊
- လူကြီးမင်းတို့မှ ကျွန်ုပ်တို့၏မိတ်ဆွေကို လူသိရှင်ကြား ခြောက်လှန့်ခြင်းဆိုသည့် လူကြီးမင်း ဖော်ပြချက်များမှာ မှန်ကန်မှုမရှိဘဲ မှားယွင်းသည့်စွပ်စွဲမှုများသာ ဖြစ်ပါသည်။

လူကြီးမင်းတို့၏ သတင်းစာပါကြေညာချက်တို့တွင် မလိုက်နာပါက တရားစွဲမည် ဖြစ် ကြောင်းကြေညာခြင်းမှာ လူကြီးမင်းတို့စကားအရ "တမင်ရည်ရွယ်ချက်ရှိရှိ လူသိရှင်ကြား ခြိမ်းခြောက်ခြင်း" ပင်ဖြစ်ပါသည်။

မူပိုင်ခွင့်အရ "ပညာပန်းတိုင်" အမည်၊ တံဆိပ်၊ အမှတ်အသားတို့ကို ပညာရေး ဝန်ဆောင်မှုလုပ်ငန်းတွင် မည်သူမျှတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ အတုအပအသုံးပြုခွင့်မရှိပါ။ တားဖြစ်ချက်ကို မလိုက် နာပါက မူပိုင်ခွင့်ချိုးဖောက်ခြင်း (Infringment of Copyright)ပင်ဖြစ်ပါသည်။ သို့ပါ၍ လူကြီးမင်း၏ လွဲမှားစွာကြေညာခဲ့ခြင်းကို အမြန်ဆုံးပြန်လည်ရုပ်သိမ်း၍ "ပညာပန်းတိုင် လုပ်ငန်းမူပိုင်ခွင့်" တိုက်ရိုက်သုံးစွဲခြင်း၊ တုပသုံးစွဲခြင်းကို နောက်နောင်မပြုပါဟု ဤ ကြော်ငြာချက်ပါသည့်ရက်မှ (၁၀)ရက်အတွင်း သတင်းစာမှတစ်ဆင့် ဝန်ချတောင်းပန်ပါ ရန်နှင့် မလိုက်နာပျက်ကွက်ပါက ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း လေးနက်စွာ ထပ်လောင်း သတိပေးလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကောင်းထက်အောင်** — **ဦးအောင်စိုး(စဥ်-၂၁၈၂)** — **ဦးစောမြင့်ကို(စဥ်-၄၂၃၂)**
**[၉/မထလ(နိုင်)၁၆၉၁၇၅]** — **(B.A,R.L,D.B.L,D.M.L,D.I.L)** — **(LL.B)**

**နိုင်ငံတော်ပဗ္ဗလစ်နှင့်တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်သီမာစိုး(စဥ်-၄၂၄၆၂)** — **ဦးပြေငြိမ်း(စဥ်-၄၆၄၆၉)** — **ဒေါ်နန်းဝေစိုး(စဥ်-၄၆၆၉၁)**
**LL.B.D.B.L** — **LL.B** — **LL.B**

**ဒေါ်သက်သက်(စဥ်-၄၆၉၂၈)**
**LL.B**

**အထက်တန်းရှေ့နေများ**
**ရန်အောင်(၁)မကျီးတောရပ်၊ နေပြည်တော် ပျဉ်းမနားမြို့။**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက်(၉၂)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူ တို့၏အဘိုးဖြစ်သူ ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေ အသက်(၉၂)နှစ်သည် ၁၈-၄-၂၀၁၈ရက်နေ့ (ဗုဒ္ဓဟူးနေ့)နံနက် ၆း၅၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်သန်းထွဋ်-ဒေါ်နီလာလှိုင်**
**ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ**

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ငွေစီ)၏ ချစ်လှစွာသော ခင်ပွန်း၊ နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော် တို့၏ ဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိပျံချီဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်နီနီ မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ (၉၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ငွေစီ)၏ ချစ်လှစွာသော ခင်ပွန်း၊ နေပြည်တော်နေ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ဖခင် ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် ဇနီး**
**ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်ဖွဲ့ဝင်နှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမန်းဒိုင်းနှစ်**

**အသက်(၈၃)နှစ်**

ဒေါက်တာ ဦးဝင်းနိုင် (ပါမောက္ခချုပ်၊ ဒဂုံတက္ကသိုလ်)၏ ဖခင်သည် ၁၁-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သမိုင်းဌာန**
**ဒဂုံတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဗိုလ်မှူးခင်စိုး (ငြိမ်း) (၈၂)နှစ်**

**ကြည်း-၁၀၁၇၂၊ OTS (30)**

**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅၁)လမ်း၊ အမှတ်(၁၀၅)၊ ဒုတိယထပ်နေ (ဦးရိုလင်း-ဒေါ်စိန်မြ)တို့၏ဒုတိယသား၊ ဒေါ်နှင်းကြည်(အထက-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးခင်စိုး (ငြိမ်း)သည် ၁၇-၄-၂၀၁၈ (အင်္ဂါနေ့) ည ၁၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးခင်စိုး(ငြိမ်း)**

**အသက်(၈၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးပြည်စိုး(ငြိမ်း)၏ ဖခင် ဗိုလ်မှူးခင်စိုး(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငြိမ်း)၊ အသက်(၈၂)နှစ်သည် ၁၇-၄-၂၀၁၈ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးSKတူးလွမ်(ခ)ဦးSK တိုးလုံ**

**(အရာခံဗိုလ် တီ/ကု-ငြိမ်း)**

**အသက်(၅၇)နှစ်**

မSK ခေါ်န်ဆိုင်းဂျာ(မြန်မာအမျိုးသားလေကြောင်းလိုင်း)၏ ဖခင် ဦးSK တူးလွမ်(ခ)ဦးSK တိုးလုံသည် ၁၇-၄-၂၀၁၈ ရက် ည ၉း၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**
**(မြန်မာအမျိုးသားလေကြောင်း)**

---

## ဦးသန့်ဇင် (လှိုင်မြို့နယ်)

**စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ငြိမ်း**

**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်နေ (ဦးသိန်း-ဒေါ်ကြင်မေ၊ ဒေါ်မြသိန်း)တို့၏သား၊ (ဦးPEဘိုးလှ-ဒေါ်မြဝေ)တို့၏သားသမက်၊ (ဒေါ်စိန်လှ)၊ (ဒေါ်လှမြိုင်)၊ (ဦးစိန်ဖူး)၊ (ဒေါ်အေးစိန်)တို့၏ညီ/မောင်၊ ဒေါ်မြအေး၊ (ဦးငွေမောင်း)တို့၏အစ်ကို၊ ဒေါ်ရီရီမေ [(အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ယခင်လှိုင်မြို့နယ်၊ ဒု/ဥက္ကဋ္ဌ)၊ (၂၀၁၂ ခုနှစ် ရန်ကုန်တိုင်းညီလာခံကျင်းပရေး ကော်မရှင်၊ အဖွဲ့ဝင်)၊ (ရန်ကုန်တိုင်းရုံး လုပ်ငန်း၊ အဖွဲ့ဝင်)]၏ ချစ်လှစွာသော ခင်ပွန်း၊ အင်/ယာ ဦးဇော်ထွဋ် (Mining) - ဒေါ်စုစုဇော်ဝင်း(MAX Cement)၊ ဒေါ်မြတ်မြတ်မင်း-ဦးမြင့်လှိုင်(Seion Myanmar)၊ ဦးထွန်းဇော် (AGTI-MP)-ဒေါ်နော်ဘွေထူး၊ ဦးမွန်အောင်မျိုးဇော်-ဒေါ်စမ်းမြတ်နွယ် (ကုန်းထိပ်စားသောက်ဆိုင်) တို့၏ ကျေးဇူးရှင် ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုး ဦးသန့်ဇင်သည် မှော်ဘီမြို့နယ်(ဝါးနက်ချောင်း)၊ ပျော်ဘွယ်စုရွာ ဖားအောက်ကျောင်းလမ်း၊ လင်းမိသားစု ဥယျာဉ်ခြံနေအိမ်၌ ၁၃-၄-၂၀၁၈ (သောကြာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပျော်ဘွယ်စုသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်စီ

**(ပုလော/ကျောက္ကာရွာ)**

**အသက် (၅၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ကျောက္ကာကျေးရွာနေ (ဦးကြည်စိန်-ဒေါ်ရင်ကြည်)တို့၏သမီး၊ ရှပ်ပုံကျေးရွာနေ (ဦးဂွမ်ဘီး-ဒေါ်အုန်းရှင်) တို့၏သမီးချွေးမ၊ ဦးကျော်မြင့်-ဒေါ်တင်ရီ၊ ဦးမောင်လှ-ဒေါ်ရှုလှိုင်၊ ဦးတင်ဟို-ဒေါ်ပိုရီ၊ ဦးကြည်ဂွမ်-ဒေါ်အင်ကြူ၊ ဒေါ်အင်ရီ၊ ဦးတင်ဂွမ်-ဒေါ်ယုယုလွင်၊ ဦးဂွမ်ဟို၊ ဦးကြည်ဟို-ဒေါ်ခင်ကြိုင် တို့၏ညီမ၊ ကိုထွန်းလင်းဦး-မခင်ခင်ချစ်၊ ကိုဖိုးဇော်-မအေးမီမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ဦးဂွမ်တိတ်၏ ချစ်လှစွာသောဇနီး၊ မြေးသုံးယောက် တို့၏အဘွား ဒေါ်မြင့်မြင့်စီသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှကြဲကျေးရွာအုပ်စု၊ စက်တော်ရာကျေးရွာ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးညီညီထွန်း (၄၈)နှစ်

**ဝမ်းတွင်းမြို့နယ်၊**
**ပဲခင်းကျော်အုပ်စု**
**တမာကုန်းကျေးရွာ၊သပြေပင်ရပ်ကွက်**

ဝမ်းတွင်းမြို့နယ်၊ တမာကုန်းကျေးရွာ၊ သပြေပင်ရပ်ကွက်နေ ဦးထွန်းရီ-ဒေါ်ကြင်မြိုင်တို့၏သား၊ ဦးချောင်-ဒေါ်သန်းကြည်တို့၏သားသမက်၊ ဗိုလ်မျိုးကျော်ကျော်(ဆေးမှူး)၊ မောင်ငြိမ်းသူ(VBE-Civil)၊ မယဉ်သူဇာမြင့်တို့၏ ဖခင်၊ ဒေါ်မြမြ၏ချစ်လှစွာသောခင်ပွန်း ဦးညီညီထွန်းသည် ၁၈-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ ရက် ညနေ ၃း၃၀ နာရီတွင် တမာကုန်းကျေးရွာသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မေကြူ(ခ)ဒေါ်ကြူကြူ (ရွှေကျင်)

**အသက်(၈၆)နှစ်**

ရွှေကျင်မြို့နေ (ဦးဘအုန်း-ဒေါ်ထားမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၅၀၃)၊ အောက်ပုဇွန်တောင်လမ်းမကြီးနေ (ဦးစိုးသိန်း)၏ ချစ်လှစွာသော ဇနီး၊ (ဒေါ်ဖွားရွှေ) (ရွှေကျင်အသင်းဥက္ကဋ္ဌဟောင်း)၏ တူမ၊ (ဦးသိန်းဆင့်)၏ ညီမ၊ (ဒေါ်မူမူ)၏ အစ်မ၊ ဦးဝင်းမြင့်-ဒေါ်သိန်းသိန်းအေး၊ ဦးသိန်းကြိုင်(ITBMU-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း၊ ဦးဇော်ထွေး-ဒေါ်ဝင်းဝင်းသိန်း၊ ဦးနိုင်ဝင်း-ဒေါ်ဝါဝါအောင်(Super One)၊ (ဦးဇာနည်လွင်)၊ ဒေါ်သန်းသန်းကြည်၊ ဦးမြင့်လှိုင် (SH Shipping Co.,Ltd.)-ဒေါ်ချိုချိုသိန်း၊ ဦးမောင်မောင်ဝင်း-ဒေါ်သိန်းသိန်းနိုင် တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၅ ယောက်၊ မြစ် ၁၀ ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်-၅၀၃၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွန်း (၇၅)နှစ်

**လက်ထောက်မန်နေဂျာ ဆောက်/လျှပ် (ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၀) ရပ်ကွက်၊ ဗိုလ်တေဇလမ်း အပိုင်း (၂) နေ (ဦးစိုးမောင်-ဒေါ်အေးစိန်) တို့၏သား၊ (ဦးခင်အုန်း)-ဒေါ်ပုမ၊ ဦးလငွေ- (ဒေါ်ညွန့်ရွှေ)၊ (ဦးကျော်သိန်း)-ဒေါ်သန်းမြ၊ (ဦးသိန်းကျော်)-ဒေါ်မြကြည်တို့၏ ညီ/မောင်၊ ဒေါ်နုနုရီ (အမက-၁၀ တ/ဥ၊ငြိမ်း) ၏ ခင်ပွန်း၊ မဥမ္မာထွန်း၊ မောင်နေလင်းထွန်းတို့၏ဖခင်သည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၄-၂၀၁၈ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ

## ဦးရဲဝဏ္ဏအေး (၄၇) နှစ်

**B.E (Petroleum) YIT**
**Post Graduate Diploma in Hotel Management and Tourism (S.H.M.S) Switzerland**
**Mastery Diploma in English (W.S.I) Switzerland**
**အ. ထ. က(၂) ဒဂုံ (မြို့မ) ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ တိုက်(၁၄)၊ အခန်း(၈)၊ ဦးဝိစာရအိမ်ရာနေ ဦးတင်မောင်အေး(ကောင်စီဝင်၊မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊Asahi Shibum သတင်းထောက်-ငြိမ်း)-ဒေါ်မြင့်မြင့်အေးတို့၏ချစ်လှစွာသော တစ်ဦးတည်းသောသား၊ ဒေါ်စောသီရိအေး-ဦးမျိုးအောင်သိမ်း(MD-Myo Auto Services)တို့၏အစ်ကို၊ စောမြတ်သဇင်သိမ်း (ခ) Yuki (ILBC)၊ စောမြတ်အိန္ဒြာသိမ်း (ခ) Sweety (ILBC) တို့၏ဘကြီး ဦးရဲဝဏ္ဏအေး( ANANDA LIN LETT Co.,Ltd, THUWUNNA LINLETT Co.,Ltd နှင့် AMARA LIN LETT Co.,Ltd) တို့၏ MDဖြစ်သူသည် အင်္ဂလန်နိုင်ငံ၊ Luton and Dunstable Hospital ၌ ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်တင်ကြည်(ခ)ဒေါ်သက်ရှည်**

**အသက်(၈၃)နှစ်**

ချစ်သူငယ်ချင်း သီတာလွင်-ကိုသိန်းဝင်း တို့၏ ချစ်လှစွာသော ကျေးဇူးရှင် မိခင်ကြီး ဒေါ်တင်ကြည်(ခ)ဒေါ်သက်ရှည်သည် ၁၂-၄-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၄၄ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**မီမီတိုးနှင့်မိုက်ကယ်**
**မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးလှမောင် (ခ) ဦးမောင်ကျော်အေး**

**အသက် (၅၈) နှစ်**

**နာယက-စစ်တွေမဟာစရိယတက္ကသိုလ်ကျောင်းတိုက်**
**မန်းနေးဂျင်းဒါရိုက်တာ၊ အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ်(၂၂၄)နေ ဒေါ်ယက်သဲ့ဖြူ၏ခင်ပွန်း ဦးလှမောင်သည် ၁၈-၄-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ**
**မဟာစရိယတက္ကသိုလ်ကျောင်းတိုက်၊စစ်တွေမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းမော်သန်း**

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျောက်ဆည်ခရိုင်၊ စာရင်းကိုင်အုပ်**

**အသက် (၅၆) နှစ်**

မန္တလေးနေ့စဉ်သတင်းစာ သတင်းထောက်၊ စာရေးဆရာ ကျော်မင်းသော်နှင့် မငွေးငွေးသန်းတို့၏အစ်ကိုကြီးဖြစ်သူ ဦးဝင်းမော်သန်းသည် ၁၆-၄-၂၀၁၈ ရက် ည ၈း၂၄ နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစောနိုင် (ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး)နှင့် ဇနီး**
**ဒေါ်လွင်လွင်ကျော် မိသားစု**

---

## ဦးအောင်မြင့်

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး(၈၉)လမ်း၊ အမှတ်(၃၃)၊(3A)နေ (ဦးအဖတ်-ဒေါ်အုန်းရှိန်)တို့၏သား၊ဒေါ်တင်တင်ရီ၊ ဒေါ်သန်းသန်းမြင့် တို့၏မောင်၊ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ခင်ချစ်မိုး တို့၏ အစ်ကို ဦးအောင်မြင့်သည် ၁၇-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၉ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်မြင့်မြင့်စီ

**(ပုလော/ကျောက္ကာရွာ)**

**အသက်(၅၆)နှစ်**

**အသင်းဝင်အမှတ်-၁၀၅၉**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု၊ စက်တော်ရာကျေးရွာနေ ဦးဂွမ်တိတ်၏ ဇနီး၊ ဦးမောင်လှ (ဥက္ကဋ္ဌ-ပုလောမြို့နယ်အသင်း-ရန်ကုန်)-ဒေါ်ရှုလှိုင်တို့၏ ညီမသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှစက်တော်ရာကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးပြုံးကြည်(ငြိမ်း)(၈၇)နှစ်

**မြန်မာ့လေကြောင်း(U.B.A)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဒါရိုဂါရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၁၀)နေ ဒေါ်ဘေဘီ(Peggy)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ပြုံး(BONNY)၊ဒေါ်မေရိုစ်(ANTY MAY)၊ဦးခင်မောင်ပြုံး(TEDDY)၊ဒေါ်မြမြဝင်း၊ ဦးလွင်မောင်ပြုံး (DANNY)၊ ဒေါ်သီတာပြုံး(JULIA)၊ ဦးညီမောင်ပြုံး(No Two)၊ ဒေါ်ခင်ခင်စိုး၊ ဦးမျိုးကြည် (Ko Yoe) ဒေါ်ဝင်းမာအေးတို့၏ ဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၆-၄-၂၀၁၈ရက် နံနက် ၉နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် နောက်ဆုံးပြုအပ်သောဝတ်ကို ၂၁-၄-၂၀၁၈ရက် နံနက် ၉နာရီတွင် သန်လျင် မြန်မာခရစ်ယာန် နှစ်ခြင်းအသင်းတော်၌ ဝတ်ပြု၍ ခရစ်ယာန်ဥယျာဉ်တော်(အမိုးနီ)သို့ ပို့ဆောင်၍ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်လှတင်(ဘားအံ/မုရစ်ကလေး)

**အသက်(၈၆)နှစ်**

ဘားအံမြို့နေ (ဦးအုန်းမောင်-ဒေါ်နှင်းကြွေ)တို့၏ သမီး၊ ဘီလူးကျွန်း မုရစ်ကလေးရွာနေ (ဦးဘိုးမျှင်-ဒေါ်အုံးသင်)တို့၏ သမီးချွေးမ၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်အမှတ်(၂၂၄)၊ အခန်း(၁)နေ ဦးမွန်တင်အေး (ဒု-ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စစစ)၏ဇနီး၊ ဦးကျော်ဇော-ဒေါ်မဥ္ဇူအေးတို့၏မိခင်၊ မဟန်သီ၊ မထက်အိဝေတို့၏ အဘွားသည် ၁၆-၄-၂၀၁၈ ရက် နံနက် ၈း၁၇ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း၊ မီးစက် ဒါယိကာမကြီး**

## ဒေါ်ခင်စန်း (ကြီးကြီး) (၈၂) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဝဲကြီးကျေးရွာနေ (ဦးအေးမောင်-ဒေါ်လုံမလေး)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်စိန်မေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၉)၊ လေးလွှာ၊ ဇဋ္ဌိလလမ်း၊ မလွကုန်းငွေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးစိုးတင့်(တပ်မတော်-ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်ညွန့်တို့၏ညီမ၊ ဦးမင်းဆွေဦး-ဒေါ်ထားထားချို၊ ဦးစိုးမင်းလတ်၊ ဦးတင်မောင်စိုး-ဒေါ်နီလာဝင်းတို့၏မိခင်၊ ကိုမျိုးမင်းထွန်း-မငုဝါ၊ ကိုဆွေထွန်း-မကြည်ပြာစိုးမင်း၊ ကိုစိုင်းထွန်းတစ်ပ်-မစံပယ်၊ ကိုကောင်းဝေယံစိုး၊ ကိုမိုးသက်ကို၊ ကိုထက်အောင်ရဲရင့်တို့၏အဘွား၊ မောင်မျိုးသူရထွန်း၊ မကြယ်စင်လင်းတို့၏ဘွားဘွားကြီးသည် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်း(မိတ္ထီလာ)

**လမ်းစဉ်လူငယ်တွဲဖက်အတွင်းရေးမှူး(ငြိမ်း)**

**အသက်(၇၉)နှစ်**

မိတ္ထီလာမြို့၊ အောင်ဇေယျရပ်ကွက်၊ (၁၃)နယ်မြေ၊ ပုလဲငွေရောင်လမ်း၊ အမှတ်(၁၀၈၉)နေ (ဦးချစ်ကြူး-ဒေါ်ကြည်)တို့၏ သမီးကြီး၊ (ဦးတင်လှိုင်)၏ နှမ၊ ဒေါ်ငွေးလှ၊ ဦးဘိုးချို-ဒေါ်ခင်သိန်း၊ ဦးလှမြင့်၊ ဒေါ်ခင်ဝင်းဝင်းမြင့်၊ ဦးဇော်လွင်တို့၏ အစ်မ၊ တူ/တူမ ၁၁ ယောက် တို့၏ ကြီးတော် ဒေါ်ခင်သန်းသည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းအေး (ရုံးအုပ်ကြီး၊ အိုးအိမ်ဦးစီး-ငြိမ်း)

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၁၈၆/ခ)၊ သမိန်ဗရမ်းလမ်း၊ ကြီးပွားရေးရပ်ကွက်မြောက်ပိုင်းနေ (ဒေါ်အေးနွဲ့)၏ ခင်ပွန်း၊ သန်လျင်မြို့နေ (ဦးကြွယ်-ဒေါ်တီ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးအောင်စိန်-ဒေါ်နှင်းရည်၊ ဒေါ်ခင်ရွှေ)တို့၏ သားသမက်၊ သန်လျင်မြို့နေ (ဦးသန်းဦး-ဒေါ်လှရင်)၊ (ဦးအောင်သန်း-ဒေါ်ခင်ငြိမ်း)၊ (ဦးသန်းမြင့်-ဒေါ်ခင်စိန်)၊ ဒေါ်လှရီ တို့၏ ညီ/မောင်၊ ဒေါ်ထွေး ၏ အစ်ကို၊ (ကိုကျော်ဇေယျ)-မဝင်းဝင်းအေး (ကစစ-၂၄၊ ဒဂုံ)၊ ကိုဝင်းခိုင်-မနီနီသင်း၊ ကိုဝင်းထွန်းအောင်-(မအေးအေးခိုင်)၊ ကိုဝင်းနိုင်ထွန်း(Posco Daewoo ENP)-မမိုးစန္ဒာမြင့်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၄-၂၀၁၈ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးဝင်း (ဖျာပုံ) (၇၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၂၆)နေ (ဦးမိုင်-ဒေါ်လှိုင်) တို့၏သား၊ ဒေါ်ယုရင်၏ခင်ပွန်း၊ မချစ်ချစ်ပြုံး၊ ကိုနိုင်ဦး-မစမ်းစမ်းဝင်း၊ ကိုအောင်မြတ်-မသန်းသန်းအေး၊ ကိုစန်းမြတ်-မခင်သူအောင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၄-၂၀၁၈(ကြာသပတေးနေ့) နံနက်၀၀း၀၃ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း ဒါယကာ

## ဦးသိန်းဇော်(BE.Mechanical၊ စင်ကာပူ)

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်နေ ဦးစိုးရင်-ဒေါ်ကျင်သန်း တို့၏ သား၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အမှတ်(၁၀၃၄/က)နေ (ဦးမြင့်အောင်)-ဒေါ်သန်းစိုး တို့၏ သားသမက်၊ ဦးမောင်စိုး(CHDဘဏ်)-ဒေါ်အေးအေးခိုင် တို့၏ မောင်၊ မနှင်းဦးဝေ(DMA)၊ မသင်းနုဆွေ(YTU)တို့၏ ဦးလေး၊ [မောင်ကျော်စွာဟိန်း (ရေကြောင်းတက္ကသိုလ်)]၊ မောင်ထက်အောင်ရှိုင်း (YTU)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်မူမူမြင့် ၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းဇော်သည် ၁၈-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

# အကြံပြုချက် (၈၈)ချက်အနက် (၅၇)ချက်ကို ထိထိမိမိဆောင်ရွက်ထားပြီးဖြစ်

**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့နှင့်အတူ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**



**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ (၄/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။**

## မြန်မာအသင်းများ၏ AFC Cup အုပ်စုနောက်ဆုံးပွဲများ ကျင်းပတော့မည်

**ရန်ကုန် မေ ၂၀**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စုပွဲများ ပြီးဆုံးတော့မည်ဖြစ်ပြီး မေ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နောက်ဆုံးပွဲများ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာကလပ်နှစ်သင်းစလုံး အတွက် နောက်ဆုံးပွဲရလဒ်များမှာ အရေးမပါတော့ဘဲ ဂုဏ်သိက္ခာ အတွက်သာ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

ပွဲစဉ်(၅)အပြီးတွင် ရန်ကုန်အသင်းက နောက်တစ်ဆင့် တက်ရောက်သွားသလို ရှမ်းယူနိုက်တက်အသင်းကလည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သောကြောင့် နောက်ဆုံးပွဲရလဒ်များမှာ အရေးမပါတော့ခြင်း ဖြစ်သည်။ နှစ်သင်းစလုံး အုပ်စုနောက်ဆုံးပွဲများကို မေ ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းသည် ဗီယက်နမ်ကလပ် ထန်ဟွာအသင်းနှင့် အဝေးကွင်း၊ ရှမ်းယူနိုက်တက်အသင်းသည် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းနှင့် အိမ်ကွင်းကစားရမည် ဖြစ်သည်။

အာဆီယံဇုန် အုပ်စုနောက်ဆုံးပွဲများတွင် နောက်တစ်ဆင့် တက်ရောက်ရေးအတွက် အဆုံးအဖြတ်ပွဲများ ပါဝင်နေပြီး အုပ်စု (F) တွင် ၁၃ မှတ်ရထားသည့် ဆီရက်စ်(ဖိလစ်ပိုင်)နှင့် ၁၀ မှတ်ရထားသည့် ဟုမ်းယူနိုက်တက် (စင်ကာပူ)၊ အုပ်စု (H) တွင် ၁၀ မှတ်စီရထားသည့် ပါဆီဂျာ(အင်ဒိုနီးရှား)နှင့် ဆောင်လန်ငယ်အန်(ဗီယက်နမ်)၊ ခုနစ်မှတ်ရထားသည့် ဂျိုဟိုးဒါရူးလ်(မလေးရှား)တို့ မျှော်လင့်ချက်ရှိနေသည်။ ရန်ကုန်အသင်းသည် အုပ်စု(G)တွင် ပါဝင်ခဲ့ပြီး ငါးပွဲကစား လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ ၁၂ မှတ်ဖြင့် **စာမျက်နှာ ၅ ကော်လံ ၅ သို့ ○**



**AFC Cup ပြိုင်ပွဲ အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည့် ရန်ကုန်အသင်း။**

## ရန်ကုန်မြို့သစ် စီမံကိန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာကို ဖိတ်ခေါ်ဆွဲဆောင်မည့်ဖိုရမ် ကျင်းပမည်

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့် ရန်ကုန်မြို့သစ် စီမံကိန်းအပါအဝင် ရန်ကုန်မြို့၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများစွာကို ဖိတ်ခေါ်ဆွဲဆောင်မည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် Yangon Investment Forum 2018 ကို ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်ဒေသကို မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနယ်မြေကြီးတစ်ခုအဖြစ် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့သစ် စီမံကိန်းအပါအဝင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများစွာ ပါဝင်မည့်ဖိုရမ်ကို လာမည့် မေ ၉ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ ရင်းနှီးမြှုပ်နှံမှုပွဲတော်နှင့်ပတ်သက်၍ မေ ၂၀ ရက်က ရန်ကုန်မြို့ ကုန်သည်များနှင့် **စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ✻**

ကြေးမုံ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

### ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **အမျိုးသားလွှတ်တော်** နှင့် **နယ်စပ်ရေးရာဝန်ကြီးဌာန**တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။



နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ
ဧပြီ ၂၀၊ ၂၀၁၈ (စနေနေ့)

# ပြည်သူကိုကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့လိုအပ်ချက်များအတွက် ဆွေးနွေးမေးမြန်း၊ ဥပဒေပြဋ္ဌာန်းပေးနေသည့် အမျိုးသားလွှတ်တော်

● ရှင်မင်းမွှေး၊ ဓာတ်ပုံ-အေးသန်း

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့ပါသည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်း၏ သတ္တမပုံမှန်အစည်းအဝေးသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင်စတင်ကာ မတ် ၂၉ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။**

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လေးဦးစီဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး စုစုပေါင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လက်ရှိတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၃ ဦးက ပြည်သူ့ဆန္ဒများကို ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါသည်။

ဤသို့ဖြင့် ပြည်သူ့အသံ-လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူ့လိုအပ်ချက်များအတွက် ဆွေးနွေးမေးမြန်းရာ၊ ဥပဒေပြဋ္ဌာန်းပေးရာ အမျိုးသားလွှတ်တော်သည် လွှတ်တော်ဒုတိယသက်တမ်း ငါးနှစ်တာအတွင်း နှစ်နှစ်တာ အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီဖြစ်ပါသည်။

နှစ်နှစ်တာကာလအတွင်း အမျိုးသားလွှတ်တော်အစည်းအဝေး ခုနစ်ကြိမ် ကျင်းပခဲ့ပြီး ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ဇွန် ၁၀ ရက်အထိ ကျင်းပရက် ၄၂ ရက်ဖြင့် လည်းကောင်း၊ ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၅ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပရက် ၄၅ ရက်ဖြင့် လည်းကောင်း၊ တတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပရက် ၁၈ ရက်ဖြင့် လည်းကောင်း၊ စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၇ ရက်အထိ ကျင်းပရက် ၁၉ ရက်ဖြင့် လည်းကောင်း၊ ပဉ္စမပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၁၈ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ကျင်းပရက် ၅၃ ရက်ဖြင့် လည်းကောင်း၊ ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ကျင်းပရက် ၁၆ ရက်ဖြင့် လည်းကောင်း၊ သတ္တမပုံမှန်အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ မတ် ၂၉ ရက်အထိ ကျင်းပရက် ၃၃ ရက်ဖြင့်လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

နှစ်နှစ်တာကာလ လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၇၈၃၊ ကြယ်ပွင့်မပြမေးခွန်း ၇၃၆ ခု စုစုပေါင်း ၁၅၁၉ ခု မေးမြန်းခဲ့ပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက အဆို ၁၅ ခု တင်သွင်းခဲ့ရာ အဆို ရှစ်ခု အတည်ပြုနိုင်ခဲ့ပြီး အဆို လေးခု မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

နှစ်နှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက “လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်ရပ်နားချိန်တွေမှာ မိမိတို့ရဲ့ မဲဆန္ဒနယ်ကို ဆင်းပြီးနောက် လွှတ်တော်အတွင်းမှာ မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတွေ ဆောင်ရွက်ကာ မိမိတို့ရဲ့ ဒေသ၊ မိမိတို့ပြည်သူတွေအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြောကြားသည်။

ထို့အတူ ပြည်သူ့အကျိုးကို ပြည်သူ့ကိုယ်စားပြု ကိုယ်စားလှယ်များအနေဖြင့် ကြိုးပမ်းဖော်ဆောင်စေလိုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးသည့် မတ် ၂၉ ရက်က ပြောကြားခဲ့ပါသည်။

လွှတ်တော်အတွင်း ကြယ်ပွင့်ပြမေးခွန်းများအနက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးအောင်ကြည်ညွှန့် မေးမြန်းသည့် **နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်းထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချခြင်း၊ FDA က ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက် မပါသည့် အစားအသောက်များနှင့် ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၏ ပြန်လည်ဖြေကြားချက်တို့သည် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေသည့် မေးခွန်းများဖြစ်သဖြင့် နိုင်ငံတော် ပြန်တမ်းအဖြစ် ဖော်ပြပြီး နိုင်ငံပိုင်သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးခဲ့ပါသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေဖြင့် လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ပြည်ပနိုင်ငံများသို့ သွားရောက်ရာတွင် နိုင်ငံ့အကြီးအကဲများ၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့သို့ သွားရောက်ခဲ့ပါသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများ၊

အထူးကဏ္ဍ [ ခ ] သို့ »»»



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ပြည်ပနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ အပါအဝင် ပြည်ပအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ၁၁၉ ကြိမ် လက်ခံတွေ့ဆုံခဲ့ပါသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

အမျိုးသားလွှတ်တော်တွင် အမြဲတမ်းကော်မတီ ၄ ရပ်နှင့် လွှတ်တော်ရေးရာကော်မတီ ၁၃ ရပ်ကို ဖွဲ့စည်းကာ ပြည်သူ့အတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေအပေါ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက "အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ အမြဲတမ်းကော်မတီလေးခုနဲ့ ရေးရာကော်မတီ ၁၃ ခုတို့ဖြင့် မဲဆန္ဒရှင် နယ်မြေအသီးသီးမှ ပြည်သူတွေ ဖြစ်စေချင်တဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်တွေကို တတ်စွမ်းနိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ အထူးအားဖြင့် ပြည်သူတွေရဲ့ တိုင်ကြားမှုတွေနဲ့ ပတ်သက်ပြီးလည်း လိုအပ်ရင် လိုအပ်သလို ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေထံ ပေးပို့ဆောင်ရွက်ကာ ပြည်သူတွေနဲ့အတူတည်ရှိပြီး ပြည်သူ့အကျိုးအတွက် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောကြားသည်။

ဖွဲ့စည်းထားသည့် ကော်မတီများ၏ ဆောင်ရွက်မှုများကိုလည်း တင်ပြလိုပါသည်။

**ဥပဒေကြမ်းကော်မတီ**

ဥပဒေကြမ်းကော်မတီအနေဖြင့် နှစ်နှစ်တာကာလအတွင်း တာဝန်ယူဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်းများအနက် အမျိုးသားလွှတ်တော်၌ စတင်တင်သွင်းသည့် ဥပဒေကြမ်း ၄၇ ခုကို ဆွေးနွေးခဲ့ရာ ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသော ဥပဒေကြမ်း ၁၁ ခု၊ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲ ခြောက်ခု၊ ဆိုင်းငံ့ထားသည့် ဥပဒေကြမ်း နှစ်ခု၊ ရုပ်သိမ်းခဲ့သည့် ဥပဒေကြမ်း သုံးခု၊ ပြည်ထောင်စုလွှတ်တော်မှ ပေးပို့ခဲ့သည့် ဥပဒေကြမ်း နှစ်ခုနှင့် အဆိုပါဥပဒေကြမ်းများအနက် ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ ၂၃ ခုကို အတည်ပြုနိုင်ရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်၌စတင်ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်း ၂၉ ခုကို ဆွေးနွေးခဲ့ရာ အမျိုးသားလွှတ်တော်တွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်း သုံးခု၊ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဥပဒေကြမ်း လေးခုနှင့် ပြဋ္ဌာန်းပြီး ဥပဒေ ၂၂ ခုတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ ဆောင်ရွက်ခဲ့သော ဥပဒေကြမ်းများအနက် ထုတ်ပြန်ပြီးသည့် ဥပဒေ ၄၅ ခုနှင့် ပြည်ထောင်စုလွှတ်တော်မှ တာဝန်ယူဆောင်ရွက်ခဲ့သော ဥပဒေ ၁၂ ခု စုစုပေါင်း ၅၇ ခု ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဥပဒေကြမ်းကော်မတီအနေဖြင့် ကော်မတီ အစည်းအဝေး ၁၅၄ ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

**ပြည်သူ့ငွေစာရင်းကော်မတီ**

ပြည်သူ့ငွေစာရင်း ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၂၈ ကြိမ်၊ ပူးပေါင်းကော်မတီ အစည်းအဝေး ၆၁ ကြိမ်၊ အခမ်းအနားများ တက်ရောက်ခြင်း အကြိမ် ၁၁၀၊ ပြည်ပအဖွဲ့အစည်းနှင့် တွေ့ဆုံခြင်း ၁၁ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း တစ်ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လွှတ်တော်အခွင့်အရေးကော်မတီ**

လွှတ်တော်အခွင့်အရေးကော်မတီသည် အစည်းအဝေး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား စိစစ်အတည်ပြုခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း တာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီသည် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ တရားဥပဒေ အကာအကွယ် ပြည့်ပြည့်ဝဝ ရရှိရေး၊ ပြည်သူလူထုအတွင်း ဥပဒေများ ပျံ့နှံ့သိရှိစေရန် ဆောင်ရွက်ရေး၊ ခေတ်နှင့်မလျော်ညီသော ဥပဒေများ၊ ဒီမိုကရေစီ စံချိန်စံညွှန်းမကိုက်ညီသော ဥပဒေများကို ရေးဆွဲ၊ ပယ်ဖျက်ပြင်ဆင်နေမှုအခြေအနေများအား ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

ကော်မတီသည် ညှိနှိုင်းအစည်းအဝေး ၁၇ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း သုံးကြိမ်နှင့် လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းခြင်းနှစ်ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လွှတ်တော်အစည်းအဝေးခန်းမအတွင်း ဝင်ရောက်လာစဉ်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်အစည်းအဝေးများတွင် ဖြေကြားခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို သတ်မှတ်ကာလအတွင်း ကတိကဝတ်ပေးခဲ့သည့်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ စိစစ်ရသည့်တာဝန်ကို ထမ်းဆောင်ရပါသည်။

အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဆောင်ရွက်ရန် ကတိပေးခဲ့သည့် မေးခွန်း ၇၀၂ ခု၊ အတည်ပြုအဆို ခုနစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်း၊ အဆိုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန/ အဖွဲ့အစည်းများကို ဖိတ်ကြားပြီး အတည်ပြုခြင်း၊ လုပ်ငန်းတိုးတက်မှုအခြေအနေများကို လစဉ်အကြောင်းပြန်ကြားစေခြင်း၊ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်း၍ အစိုးရနှင့် လွှတ်တော်အကြား ဟန်ချက်ညီညီဖြင့် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၃၃ ကြိမ်၊ ဝန်ကြီးဌာန ပြည်နယ်၊ တိုင်းဒေသကြီးနှင့် အစည်းအဝေး ၁၉ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် အစည်းအဝေး နှစ်ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် အစည်းအဝေး ၂၂ ကြိမ်၊ ပုံမှန်အစီရင်ခံစာ ခြောက်စောင်၊ ကွင်းဆင်းအစီရင်ခံစာ လေးစောင်၊ ကြားဖြတ်အစီရင်ခံစာ တစ်စောင်နှင့် အပြန်အလှန်ဆွေးနွေးခြင်း သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။

**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**

နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ ဦးစီးဌာနများ၏ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်ချက်များ အပါအဝင် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးရာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ပြည်တွင်း ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံအမတ်ကြီးများနှင့် လက်ခံတွေ့ဆုံခြင်း ၃၆ ကြိမ်၊ ကော်မတီအစည်းအဝေး ၂၉ ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

**အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ**

အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီသည် ဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးသော INGOs အဖွဲ့အစည်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ၎င်းတို့၏ ကူညီထောက်ပံ့မှုများ အဆင်ပြေချောမွေ့စေရန် INGOs အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း ညှိနှိုင်း

အထူးကဏ္ဍ [ ဂ ] သို့ »»»



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ရန် ရောက်ရှိလာကြစဉ်။

"ပြည်သူတွေရဲ့ တိုင်ကြားမှုတွေနဲ့ပတ်သက်ပြီးလည်း လိုအပ်ရင် လိုအပ်သလို ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်တွေကို ဆောင်ရွက်ပေးနိုင်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အစိုးရအဖွဲ့အစည်းတွေထံ ပေးပို့ဆောင်ရွက်ကာ ပြည်သူတွေနဲ့အတူတည်ရှိပြီး ပြည်သူ့အကျိုးအတွက် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။"

»»» အထူးကဏ္ဍ [ ခ ] မှ

ခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကော်မတီသည် နှစ်နှစ်ကာလအတွင်း ကော်မတီအစည်းအဝေး ၂၃ ကြိမ်၊ INGOs အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုငါးကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ခုနစ်ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ်နှင့် ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။

**ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ**

ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီသည် နိုင်ငံအတွက် ပုံရိပ်ကောင်းနှင့် နိုင်ငံ့ဂုဏ်မြှင့်တင်ရေးကို တိုက်ရိုက်အထောက်အကူပြုလျက်ရှိသော အားကစားလောက တိုးတက်မြင့်မားစေရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် နေရှင်နယ်လိဂ်အဖွဲ့ချုပ်များကို ကော်မတီဝင်များက တွေ့ဆုံခဲ့ပါသည်။ မြန်မာ့အားကစားသည် အာဆီယံအဆင့်မှ ကမ္ဘာနှင့်ယှဉ်ပြိုင် ရင်ပေါင်တန်းနိုင်ရေးအတွက် ပြည်ပပွဲစဉ်များတွင် ဝင်ရောက်ယှဉ်ပြိုင်မှု၊ ပြည်တွင်းတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်မှု၊ အာဆီယံ၊ အာရှဘောလုံးအဖွဲ့ချုပ်များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ အကူအညီရရှိမှုများအပေါ် သုံးသပ်၍ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင် နိုင်ရေး အလေးထားဆောင်ရွက်ခဲ့ကြပါသည်။

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၃၇ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ခြောက်ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် အစည်းအဝေး ခုနစ်ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ခြောက်ကြိမ်၊ အခမ်းအနားတက်ရောက်မှု ၁၀၄ ကြိမ်၊ ပြည်ပဆွေးနွေးပွဲများနှင့် အစည်းအဝေးတက်ရောက်မှု ၁၁ ကြိမ်နှင့် အစီရင်ခံတင်သွင်းခြင်း သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြေးရုပ်တုများအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**တိုင်းရင်းသားရေးရာ ကော်မတီ**

တိုင်းရင်းသားရေးရာ ကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (ရွှာသာကြီး)သို့ သွားရောက်၍ တိုင်းရင်းသားလူငယ်များ၏ နေထိုင်မှု၊ ရိုးရာဓလေ့များကို သွားရောက်လေ့လာခြင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ဆလုံလူမျိုးများ၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် မြိတ်၊ ထားဝယ်ဒေသရှိ ဒေသခံများ၏ လူမှုစီးပွားရေး အခြေအနေများ၊ ဒေသဖွံ့ဖြိုးနိုင်သည့် အရင်းအမြစ်များကို ကွင်းဆင်းလေ့လာခဲ့ကြပါသည်။

နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၂၄ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ကိုးကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု နှစ်ကြိမ်၊ ပြည်ပတွေ့ဆုံမှု နှစ်ကြိမ်၊ ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Debate) တစ်ကြိမ်၊ ပြည်တွင်းခရီးစဉ် နှစ်ကြိမ်၊ တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး တစ်ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း နှစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

**တောင်သူလယ်သမားရေးရာကော်မတီ**

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၄၂ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုလေးကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ငါးကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု လေးကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း ၁၂ ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ်နှင့် ကွင်းဆင်းစိစစ်ခြင်း ငါးကြိမ် ဆောင်ရွက်ခဲ့ပါသည်။

**အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ**

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၂၅ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၉ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ၁၁ ကြိမ်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၁၅ ကြိမ်၊ အပြန်အလှန် ဆွေးနွေးခြင်း လေးကြိမ်၊ ပြည်တွင်းခရီးစဉ် တစ်ကြိမ်၊ နိုင်ငံခြားဧည့်သည်နှင့်တွေ့ဆုံမှု တစ်ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ် ပြုလုပ်ခဲ့ပါ

အထူးကဏ္ဍ [ ဃ ] သို့ »»»



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ အာဇာနည်ပန်းခြံ၌ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ကြေးရုပ်တုအား ပန္နက်တင်တပ်ဆင်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

> “တိုင်းရင်းသားရေးရာကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (ရွှာသာကြီး)သို့ သွားရောက်၍ တိုင်းရင်းသားလူငယ်များ၏ နေထိုင်မှု၊ ရိုးရာဓလေ့များကို သွားရောက်လေ့လာခြင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ ဆလုံလူမျိုးများ၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် မြိတ်၊ ထားဝယ်ဒေသရှိ ဒေသခံများ၏ လူမှုစီးပွားရေး အခြေအနေများ၊ ဒေသဖွံ့ဖြိုးနိုင်သည့် အရင်းအမြစ်များကို ကွင်းဆင်းလေ့လာခဲ့ကြပါသည်။”



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နေရပ်ပြန်မြန်မာအလုပ်သမားများအား ထမင်း၊ ရေနှင့် မုန့်များ ပေးဝေစဉ်။

“နှစ်နှစ်တာကာလအတွင်း ပြည်သူများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဒေသများသို့ ကွင်းဆင်းစစ်ဆေးခြင်း ၄၃ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားသူမှ နစ်နာသည်ဟု ယူဆရသော ကိစ္စရပ်များအပေါ် ကော်မတီသို့ခေါ်ယူ၍ ကြားနာမှု လေးကြိမ်၊ တိုင်ကြားစာများအား ဖြေရှင်း ဆောင်ရွက်ရာတွင် အာဏာပိုင်အဖွဲ့အစည်းများသို့ အမှုတွဲ အစောင် ၁၀၀၊ ဝန်ကြီးဌာနများသို့ ၂၁၉ စောင်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ အမှုတွဲ ၄၀၇ စောင် ပေးပို့ဖြေရှင်း ဆောင်ရွက်ခဲ့ပါသည်။”

»»» အထူးကဏ္ဍ [ ၇ ] မှ

သည်။

**ပညာရေးမြှင့်တင်မှုကော်မတီ**

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၄၄ ကြိမ်၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု လေးကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ခုနစ်ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ငါးကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း နှစ်ကြိမ်နှင့် ပြည်တွင်းခရီးစဉ်(ရခိုင်ကွင်းဆင်း) တစ်ကြိမ် အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။

**ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ**

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီ အစည်းအဝေး ၅၆ ကြိမ်၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၂၁ ကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး ကိုးကြိမ်၊ ပြည်တွင်း အဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၁၈ ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း တစ်ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း လေးကြိမ် ပြုလုပ်ခဲ့ပါသည်။

**နိုင်ငံသားများ၏ မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ**

ကော်မတီသည် နိုင်ငံသားများထံမှ ပေးပို့လာသော တိုင်ကြားစာ ၆၂၄ စောင် အနက် ကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာသည့် တိုင်ကြားစာများကိုစိစစ်၍ အမှန်တကယ် နစ်နာမှုရှိသည့် တိုင်ကြားစာ ၃၄၁ စောင်ကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၆၅ ကြိမ်၊ ဝန်ကြီးဌာနများနှင့် ဆွေးနွေးပွဲ တစ်ကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း လေးကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၁၀ ကြိမ်၊ ပြည်တွင်း ပညာရှင်များနှင့်တွေ့ဆုံမှု လေးကြိမ်၊ ပြည်ပတွေ့ဆုံမှု ခြောက်ကြိမ်နှင့် အစီရင်ခံစာ တင်သွင်းခြင်း သုံးကြိမ်ပြုလုပ်ခဲ့ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ**

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၄၄ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း နှစ်ကြိမ်၊ ပြည်တွင်း အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၂၈ ကြိမ်၊ ဝန်ကြီးဌာနနှင့် တွေ့ဆုံမှု တစ်ကြိမ်၊ ဒေသခံလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်း သုံးကြိမ်၊ ကွင်းဆင်းဆောင်ရွက်ခြင်း ၁၀ ကြိမ်၊ ကော်မတီလေ့လာရေး ပြည်ပခရီးစဉ်သွားရောက်မှု တစ်ကြိမ်နှင့် အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့ ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ ရောက်ရှိလာသော မြန်မာအလုပ်သမားများအား နေရပ်သို့ပြန်ရန် ဆောင်ရွက်ပေးစဉ်။

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ**

ကော်မတီသည် တိုင်ကြားစာပေါင်း ၅၅၂၈ စောင် လက်ခံရရှိခဲ့ပြီး မိတ္တူ ၁၈၃၈ စောင်နှင့် လယ်ယာမြေအမှုတွဲ ၆၉၂ စောင် ပါဝင်ခဲ့ပါသည်။ ယင်းတိုင်ကြားစာများအနက် တရားရုံးတစ်ခုခုမှ ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုရသေးသော ကိစ္စရပ်များမှအပ မှန်ကန်သော တိုင်ကြားစာများအား သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ပြည်သူများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသများသို့ ကွင်းဆင်းစစ်ဆေးခြင်း ၄၃ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားသူမှ နစ်နာသည်ဟု ယူဆရသော ကိစ္စရပ်များအပေါ် ကော်မတီသို့ခေါ်ယူ၍ ကြားနာမှု လေးကြိမ်၊ တိုင်ကြားစာများအား ဖြေရှင်းဆောင်ရွက်ရာတွင် အာဏာပိုင်အဖွဲ့အစည်းများသို့ အမှုတွဲ အစောင် ၁၀၀၊ ဝန်ကြီးဌာနများသို့ ၂၁၉ စောင်၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ အမှုတွဲ ၄၀၇ စောင် ပေးပို့ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လယ်ယာမြေ အမှုတွဲ ၆၉၂ စောင် လွှဲပြောင်းပေးပို့နိုင်ခဲ့ပြီး တိုင်ကြားလာသော ကာယကံရှင်များထံ ပြန်ကြားစာ ၂၇၃ စောင် ပြန်ကြားခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားစာ ကော်မတီသည် ပြည်သူတို့၏ နစ်နာချက်များ၊ လိုအပ်ချက်များအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် နှစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေး ၂၄ ကြိမ်၊ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု လေးကြိမ်၊ ပြည်တွင်း အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း သုံးကြိမ်၊ ဝန်ကြီးဌာနနှင့် အစည်းအဝေး လေးကြိမ်၊ အပြန်အလှန်ဆွေးနွေးခြင်း ခုနစ်ကြိမ်၊ အစီရင်ခံစာတင်သွင်းခြင်း သုံးကြိမ်နှင့် ကွင်းဆင်းလေ့လာစိစစ်ခြင်း နှစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

နှစ်နှစ်တာကာလအတွင်း ပြည်သူ့အကျိုးအတွက် ပြည်သူ့ထံမှလာသည့် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို ကြိုးစားအကောင်အထည်ဖော်ဆောင်ပေးလျက်ရှိသော အမျိုးသားလွှတ်တော်သည် ကျရာအခန်းကဏ္ဍမှ ပြည်သူ့ဆန္ဒများကို ဆက်လက်၍လည်း ကြိုးစားဆောင်ရွက်ပေးနေမည်သာ။ ။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နေရပ်ပြန်မြန်မာအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေသည်ကို ကြည့်ရှုအားပေးစဉ်။

# နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန

● နိုင်လင်းကြည်၊ ဓာတ်ပုံ-လှမင်းထွန်း(နယ်စပ်ရေးရာ)

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရရှိမှုနှင့်အတူ တစ်ပြိုင်တည်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းမငြိမ်သက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများ၊ လူမျိုးစွဲ၊ ဝါဒစွဲများကြောင့် နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် များစွာနောက်ကျကျန်ခဲ့ပေသည်။

ခေတ်အဆက်ဆက် အစိုးရအနေဖြင့် ပြည်မနှင့်နယ်စပ်ဒေသများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် ရေမြေတောတောင်သဘာဝ၊ ရာသီဥတုအနေအထား၊ လမ်းပန်းဆက်သွယ်ရေး ကန့်သတ်ချက်၊ အထူးသဖြင့် မတည်ငြိမ်သည့်နယ်မြေဒေသ လုံခြုံရေးအခြေအနေများကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ကဏ္ဍအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများသည် နယ်စပ်ဒေသများတွင် လွှမ်းခြုံနိုင်မှု၊ ဆောင်ရွက်ပေးနိုင်မှုမှာ အားနည်းချက်များ၊ လိုအပ်ချက်များ များစွာရှိနေဆဲပင် ဖြစ်သည်။

တိုးတက်ဖြစ်ထွန်းလာသည့် နိုင်ငံရေးဖြစ်စဉ်များကြောင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်းကောင်း ၁၉၉၂ ခုနှစ်မှစတင်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ သမိုင်းကြောင်းနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ချက်များကို နိုင်ငံတော်အစိုးရ၏ (၁)နှစ်တာ ဆောင်ရွက်ချက်အစီအစဉ်တွင် ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။ လက်ရှိအစိုးရ၏ တာဝန်ထမ်းဆောင်မှု(၂)နှစ်တာကာလအတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု၊ တိုးတက်ဖြစ်ထွန်းမှုများကို အများပြည်သူသိရှိစေရန်အတွက်လည်းကောင်း၊ လိုအပ်ချက်များ တွေ့ရှိပါက ထောက်ပြအကြံပြုနိုင်စေရန်အတွက်လည်းကောင်း အနာဂတ်ကာလတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအတွက် ပြည်သူနှင့်အစိုးရ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်နိုင်စေရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ဒီမိုကရေစီကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်ကို လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် တည်ငြိမ်အေးချမ်းရေးကို လည်းကောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို လည်းကောင်း တိုင်းရင်းသား ညီရင်းအစ်ကိုများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ဝန်ကြီးဌာနက (က)နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ (ခ)နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ (ဂ)နယ်စပ်ဒေသတွင် နေထိုင်သောပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ (ဃ)နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး စသည့် မူဝါဒ(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**အဓိကလုပ်ငန်းတာဝန်ကြီး (၂)ရပ်**

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနဟူ၍ ဦးစီးဌာန (၂)ခုရှိပြီး အဆိုပါ ဦးစီးဌာနများက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဓိကလုပ်ငန်းတာဝန်ကြီး (၂)ရပ်မှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်သည်။


နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားသောဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ချီဖွေ၊ ဝိုင်းမော်၊ တနိုင်း၊ အင်ဂျန်းယန်၊ မိုးမောက်၊ မန်စီ၊ ဆော့လော်၊ ဗန်းမော်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ နောင်မွန်း၊ မချမ်းဘော၊ ဖားကန့်၊ ခေါင်လန်ဖူး၊ မိုးကောင်း၊ မိုးညှင်း၊ ရွှေကူ၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဘော်လခဲ၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖားဆောင်း၊ မယ်စဲ့၊ ကရင်ပြည်နယ်တွင် ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ ထန်တလန်၊ မတူပီ၊ ပလက်ဝ၊ တီးတိန်၊ တွန်းဇံ၊ ကန်ပက်လက်၊ မွန်ပြည်နယ်တွင် မော်လမြိုင်၊ သထုံ၊ ဘီးလင်း၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ရေး၊ ကျိုက်ထို၊ ရခိုင်ပြည်နယ်တွင် မောင်တော၊ ဘူးသီးတောင်၊ ကျောက်တော်၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်ဖြူ၊ မြေပုံ၊ သံတွဲ၊ အမ်း၊ တောင်ကုတ်၊ စစ်တွေ၊ ပေါက်တော၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ မာန်အောင်၊ ဂွ၊ ရှမ်းပြည်နယ်တွင် တောင်ကြီး၊ တန့်ယန်း၊ လားရှိုး၊ နန်းခမ်း၊ ကွမ်းလုံ၊ လင်းခေး၊ လွိုင်လင်၊ မိုင်းဆတ်၊ ကျောက်မဲ၊ မိုင်းလား၊ မောက်မယ်၊ ဖယ်ခုံ၊ မိုင်းတုံ၊ မိုင်းပန်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုင်းဖြတ်၊ မူဆယ်၊ နမ္မတူ၊ မိုင်းရယ်၊ မိုင်းပျဉ်း၊ မိုင်းခတ်၊ သိန္နီ၊ ကွတ်ခိုင်၊ ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်း၊ တာချီလိတ်၊ ညောင်ရွှေ၊ ကလော၊ နောင်ချို၊ လဲချား၊ ကျေးသီး၊ ရပ်စောက်၊ မိုးနဲ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မန်တုံ၊ နမ့်ဆန်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရွာငံ၊ ပင်းတယ၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လောက်ကိုင်၊ ကုန်းကြမ်း၊ 'ဝ' ကိုယ်ပိုင်

အထူးကဏ္ဍ [ စ ] သို့ »»


ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပေးမှု အခြေအနေအား တွေ့ရစဉ်။



ပူတာအိုမြို့နယ် မငွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်နေမှု အခြေအနေအား တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

အုပ်ချုပ်ခွင့်ရတိုင်းတွင် ဟိုပန်၊ မက်မန်း၊ ပန်ဆန်း၊ နားဖန်၊ ပန်ဝိုင်၊ မိုင်းမော၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ခန္တီး၊ တမူး၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ကသာ၊ ဟုမ္မလင်း၊ မုံရွာ၊ ဝန်းသို၊ ကန့်ဘလူ၊ မော်လိုက်၊ ကောလင်း၊ မင်းကင်း၊ ကလေးဝ၊ ကလေး၊ ဖောင်းပြင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေရှီး၊ လဟယ်၊ နန်းယွန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကော့သောင်း၊ ရေဖြူ၊ ဘုတ်ပြင်း၊ တနင်္သာရီ၊ ကျွန်းစု၊ မြိတ်၊ ပုလော၊ သရက်ချောင်း၊ ထားဝယ်၊ လောင်းလုံး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်း၊ သုံးခွ၊ လှည်းကူး၊ ပဲခူးတိုင်းဒေသကြီးတွင် ရွှေကျင်၊ ကျောက်ကြီး၊ ပေါင်းတည်၊ နတ်တလင်း၊ မင်းလှ၊ ဖြူး၊ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်၊ ငပုတော၊ ဟိုင်းကြီးကျွန်း၊ ပုသိမ်၊ ကျုံပျော်၊ မန္တလေးတိုင်းဒေသကြီးတွင် မိုးကုတ်၊ ကျောက်ပန်းတောင်း၊ ဝမ်းတွင်း၊ မကွေးတိုင်းဒေသကြီးတွင် ပေါက်၊ ရေစကြို၊ စလင်း၊ အောင်လံ၊ နေပြည်တော်တွင် ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ပျဉ်းမနားတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို Border Line နှင့် ထိစပ်နေသည့် ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတွင် လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အချို့သောတိုင်းဒေသကြီးများတွင် လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဒေသများတွင် မှီတင်းနေထိုင်သည့် စုစုပေါင်းလူဦးရေ ၁၉ ဒသမ ၅ သန်း ရှိသည့်အတွက် နိုင်ငံလူဦးရေ၏ ၃၇ ဒသမ ၈၇ ရာခိုင်နှုန်းလွှမ်းခြုံဆောင်ရွက်ပေးနိုင်သည်ဟု ဆိုရမည်ဖြစ်ပေသည်။

အဆိုပါနယ်စပ်ဒေသများတွင် နှစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများမှာ

| စဉ် | လုပ်ငန်း | အရေအတွက် |
|---|---|---|
| (က) | မြေလမ်း | ၁၁၉၁/၅ (မိုင်) |
| (ခ) | ကျောက်လမ်း | ၅၀၀/၅ (မိုင်) |
| (ဂ) | ကတ္တရာလမ်း | ၁၁၇/၅ (မိုင်) |
| (ဃ) | ကွန်ကရစ်လမ်း | ၃၅/၃ (မိုင်) |
| (င) | လမ်းပြုပြင်ထိန်းသိမ်းခြင်း | ၃၉၃/၂ (မိုင်) |
| (စ) | တံတား(ကွန်ကရစ်၊ ဘေလီ၊ ကြိုး၊ Box Culvert) | ၂၅၇၀ (စင်း) |
| (ဆ) | ရေပြွန် | ၃၆၉ (စင်း) |
| (ဇ) | ရဟတ်ယာဉ်ကွင်း | ၁၃(ကွင်း) |
| (ဈ) | စာသင်ကျောင်း | ၂၀ (ခု) |
| (ည) | ရေတွင်း/ရေကန်/ဆည် | ၂၄၇ (ခု) |
| (ဋ) | ရေအားလျှပ်စစ်လုပ်ငန်း | ၄ (ခု) |
| (ဌ) | လျှပ်စစ်သွယ်တန်းခြင်း | ၃၁/၂ (မိုင်) |
| (ဍ) | ဆိုလာမီးလင်းရေး | ၆၉၄၃ (စုံ) |
| (ဎ) | အိမ်ရာဆောက်လုပ်ရေး (IDPs) | ၄၅၈ (လုံး) |
| (ဏ) | ခရိုင်/မြို့နယ်ရုံး | ၄၆ (ရုံး) |

**ဒေသခံများ၏ အိပ်မက်လမ်း သို့မဟုတ် မငွေဇ-ခေါင်လန်ဖူးလမ်း**

ကချင်ပြည်နယ်အတွင်းရှိ ခေါင်လန်ဖူးဒေသသည် ခေတ်အဆက်ဆက်လမ်းပန်းဆက်သွယ်ရေးခက်ခဲကြမ်းတမ်းခြင်း၊ ရာသီဥတုကန့်သတ်ချက်များစွာရှိခြင်း၊ သဘာဝပထဝီအနေအထားအရ အလှမ်းဝေးခြင်း၊ ဒေသခံများအနေဖြင့် မငွေဇ-ခေါင်လန်ဖူး(၆၅/၄)မိုင်ခရီးကို ခြေကျင်သော်လည်းကောင်း၊ လား၊ မြင်းများဖြင့်သော် လည်းကောင်း သွားလာရပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲ ကြမ်းတမ်းခြင်းကြောင့် ဒေသအတွင်း စားနပ်ရိက္ခာရှားပါးခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း စသည်တို့ကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။

သို့ဖြစ်၍ အဆိုပါ ခေါင်လန်ဖူးဒေသအတွင်း စားနပ်ရိက္ခာ အကျပ်အတည်း ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရမှုများကြောင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ဌာနဆိုင်ရာများအနေဖြင့် လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် စားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ထောက်ပံ့ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက မငွေဇ-ခေါင်လန်ဖူးလမ်းကို အပိုင်း သုံးပိုင်းခွဲပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ လေးနှစ်စီမံကိန်းဖြင့် ရာသီဥတုကန့်သတ်ချက်၊ ရေမြေတောတောင် သဘာဝကြမ်းတမ်းမှုစသည့် စိန်ခေါ်မှုများကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ ကြီးကြပ်လမ်းညွှန်မှု၊ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းကူညီမှုစွမ်းအားဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် အပိုင်း(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မငွေဇ-ငါ့လုံဒမ် လမ်းပိုင်း(၂၅/၄) မိုင်၊ အပိုင်း(၂) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါ့လုံဒမ်-ရီဒမ်းလမ်းပိုင်း (၁၈/၄)မိုင်၊ အပိုင်း(၃) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရီဒမ်း-ခေါင်လန်ဖူးလမ်းပိုင်း (၂၁/၄)မိုင်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းအပိုင်း(၁)အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မငွေဇမှ ငါ့လုံဒမ်းအထိ ၂၅ မိုင် ၄ ဖာလုံကို မြေသားလမ်းဖောက်လုပ်ခြင်း၊ မငွေဇမှ ငါ့လုံဒမ်းလမ်းအပိုင်းရှိ (၅' × ၅' ×၂၉' )ရေထုတ်ပြွန် ၇၅ ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စီမံကိန်းအပိုင်း (၂)အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မငွေဇ-ငါ့လုံဒမ်းလမ်းပေါ်ရှိ ပေ ၈၀ ကွန်ကရစ်တံတား တစ်စင်း၊ ပေ ၇၀ ကွန်ကရစ်တံတား တစ်စင်း၊ ပေ၄၀ ကွန်ကရစ်တံတား ခြောက်စင်း၊ ပေ ၃၀ ကွန်ကရစ်တံတား သုံးစင်း၊ ၁၅ပေ ကွန်ကရစ်တံတား တစ်စင်း စုစုပေါင်း ကွန်ကရစ်တံတား ၁၂ စင်း တည်ဆောက်ခြင်း၊ မငွေဇ-ငါ့လုံဒမ်းလမ်းအပိုင်း (၁၄/၀)မိုင် ကျောက်ခင်းခြင်း၊ ငါ့လုံဒမ်း-ရီဒမ်းလမ်းအပိုင်း(၁၈/၄)မိုင်အား (ကျောက်တောင်လမ်း)ကျောက်တောင်မိုင်းခွဲရှင်းလင်းခြင်းနှင့် မြေလမ်းဖောက်လုပ်ခြင်း၊ ငါ့လုံဒမ်း-ရီဒမ်းလမ်းအပိုင်းရှိ (၅' ×၅' × ၂၉') ရေထုတ်ပြွန် ၇၄ စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ငါ့လုံဒမ်းမှ ရီဒမ်းအထိ ၁၈ မိုင် ၄ ဖာလုံ လမ်းအပိုင်းသည် အခက်အခဲဆုံး လမ်းပိုင်းဖြစ်ပြီး ရှန်ငေါ်တောင်တန်းနှင့် ပေ ၈၀၀၀ ကျော်မြင့်သည့် ဆန်းလုံချက်တောင်ထိပ်ကို ဖြတ်ကျော်ဖောက်လုပ်ရပြီး ကျောက်တောင်များစွာကို တပ်မတော် စစ်အင်ဂျင်နီယာတပ်ဖွဲ့မှ မိုင်းကျွမ်းကျင်စစ်သည်များ၊ စက်ယန္တရားကြီးမောင်း စစ်သည်များစွာဖြင့် မိုင်းများ အဆင့်ဆင့်ခွဲ၊ ယန္တရားမျိုးစုံသုံးကာ ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။ ယမ်းနှင့် စက်သုံးဆီများကို ရာသီဥတုကန့်သတ်ချက်၊ လမ်းပန်းဆက်သွယ်ရေးကန့်သတ်ချက်အရ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်ပေးပြီး ဆောင်ရွက်ခဲ့ရသည်။ ထို့အပြင် ရေစီးသန်သည့် မေခမြစ်ကို ဖြတ်ကူးရန် မြစ်ကူးတံတားတစ်စင်းကို ရီဒမ်း၌ တည်ဆောက်ရန်ပညာရှင်များနှင့်ညှိနှိုင်းတိုင်ပင်ပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းအပိုင်း (၃)အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် (၀/၀)မိုင်မှ (၂၅/၄) မိုင်ကြားရှိ လိုအပ်သောတံတားများကို တည်ဆောက်ခြင်း၊ (၁၄/၀) မိုင်မှ (၃၅/၀) မိုင်အထိ ကျောက်ချောလမ်း(၂၁/၀)မိုင် ခင်းခြင်း၊ ရီဒမ်းမှ ခေါင်လန်ဖူးအထိ မြေသားလမ်း (၂၁/၄)မိုင်ဖောက်လုပ်ခြင်း၊ ရီဒမ်းမှ ခေါင်လန်ဖူးလမ်းအပိုင်းရှိ (၅' × ၅' × ၂၉') ရေထုတ်ပြွန် ၈၆ ခု တည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉ စက်တင်ဘာလတွင် ခေါင်လန်ဖူးကို တစ်ကြောင်းထိုးကားလမ်းပေါက်တော့မည် ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် (၂၅/၄)မိုင်မှ (၆၅/၄) မိုင်ကြားရှိ လိုအပ်သောတံတားများကို တည်ဆောက်ခြင်း၊ (၃၅/၀)မိုင်မှ (၆၅/၄) မိုင်အထိ ၂၄ ပေအကျယ် ကျောက်ချောလမ်း (၃၀/၄)မိုင် ခင်းခြင်းလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

**ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်**

ဘိန်းအစားထိုး ဖွံ့ဖြိုးမှုစီမံကိန်းနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဗဟိုအဖွဲ့၏ ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားသည့် ဘိန်းအစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဘိန်းအစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ သုံးနှစ် ရှေ့ပြေးစီမံကိန်းတစ်ခုကို ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ ပေါ့အင်းကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စု၊ မွေးပြင်ကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဘိန်းအစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့တွင် ပါရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

**သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးနေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့လူသားအဖွဲ့အစည်း Terra People Association (TPA) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ရှိ ရေထွက်ကို တစ်ဖက်ပိတ်ဆည်ပြုလုပ်၍ မြို့ပေါ်ခြောက်ရပ်ကွက်နှင့် မြို့နှင့်ဆက်စပ်လျက်ရှိသည့် အနီးပတ်ဝန်းကျင်ကျေးရွာဖြစ်သည့် ဘုရားဖြူကျေးရွာ၊ ဟော်တောင်ကျေးရွာ၊ ဟော်မြောက်ကျေးရွာ၊ ပန်လိုင်းကျေးရွာ၊ ဝါးတောကျေးရွာနှင့် တခေါ့တန်ကျေးရွာတို့ရှိ အကျိုးပြုလူဦးရေ ၁၅၇၄၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ စိုက်ပျိုးမြေ ဧက ၃၉၀ အတွက်လည်း စိုက်ပျိုးရေသွယ်ယူပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စု ကျေးရွာ ၁၇ ရွာ ရေရရှိရေးအတွက် ပန်ပက်ကျေးရွာအုပ်စု လွိုကထိကျေးရွာအနီး ပေ ၁၀၀ အနက်ရှိ မြေအောက်ဂူရေထွက်မှ ရေစုပ်ပန့်များဖြင့် Ground Tank သို့ ရေစုပ်တင်ကာ တောင်အမြင့်ရှိ ရေစုကန်သို့ တွန်းတင်စနစ်ဖြင့် ရေတင်ပြီး ယင်းမှတစ်ဆင့် Gravity System ဖြင့် ကျေးရွာ ခုနစ်ရွာသို့ လည်းကောင်း၊ ဒုတိယအဆင့် ထပ်တွန်းစက်ရုံများဖြင့် ထပ်မံတောင်ထိပ်များသို့ ရေတင်ပြီး ကျေးရွာ ငါးရွာသို့လည်းကောင်း၊ တတိယအဆင့် ထပ်တွန်းစက်ရုံများဖြင့် ထပ်မံတောင်ထိပ်များသို့ ရေတင်ပြီး ကျေးရွာ ငါးရွာသို့ လည်းကောင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်

အထူးကဏ္ဍ [ ဆ ] သို့ »»»



နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်သို့ တိုင်းရင်းသားလေ့လာရေးအဖွဲ့ သွားရောက်လေ့လာစဉ်။


မိုင်းယောင်းမြို့နယ် ဝမ်ယမ်းခမ်းကျေးရွာ၌ ဆိုလာမီးအစုံ ၂၀ တပ်ဆင်ပေးစဉ်။


ကချင်ပြည်နယ် နွမ်လော်ချောင်း လူကူးကြိုးတံတားအား တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

အဆင့်ဆင့် ဖြန့်ဝေပေးနိုင်ခဲ့သည်။

ထို့အပြင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည့် 'နယ်စပ်ရေးရာဝန်ကြီးဌာနမှ တောင်ပေါ်ဒေသတွင် မိုးရေစုကန် တည်ဆောက်ရေးအတွက် Pilot Project တစ်ခု တည်ဆောက်ရန်' ဆိုသည့် ဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ်အတွင်း Rain Water Harvesting စနစ်ဖြင့် ကျေးရွာပေါင်း ၁၂ ရွာ၊ မြို့ပေါ်ရပ်ကွက် ရှစ်ခု စုစုပေါင်း အိမ်ခြေ ၁၂၅၀ အတွက် မိုးရေအသုံးချစီမံကိန်းကို အိမ်တိုင်းတွင် ရေလှောင်ကန်၊ ရေစုကန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါ ရေပေးဝေရေးလုပ်ငန်းများအပြင် သထုံမြို့ပေါ်ရပ်ကွက်ရေပေးရေး၊ တမူးဒေသရေပေးဝေရေး၊ အင်းလေးဒေသရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သလို နယ်စပ်ရေးရာဝန်ကြီးဌာနမှ (၂)နှစ်တာကာလအတွင်း နယ်စပ်ဒေသအသီးသီးတွင် ဆောင်ရွက်ပေးခဲ့သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းစုစုပေါင်းရေကန် ၁၄၂ ကန်၊ ရေစုကန် ၃၄၃ ကန်၊ ရေတွင်း ၂၉ တွင်း၊ လက်ရိုက်အဝီစိတွင်း ၃၅ တွင်း၊ စက်တူးအဝီစိတွင်း ၅၉ တွင်း၊ မြစ်ရေတင်လုပ်ငန်း နှစ်ခု၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၄၁၄ ခုတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ရခိုင်ပြည်နယ်အတွင်း ထောက်ပံ့ပေးမှုများ**

ရခိုင်ပြည်နယ်အတွင်း ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပြင် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အထူးကိစ္စရပ်အနေဖြင့် အရေးပေါ်ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများမှာ တန်ဖိုးနည်းအိမ်အလုံး ၁၅၀၊ နယ်စပ်ခြံစည်းရိုး ချဉ်းကပ်ကွန်ကရစ်လမ်း လေးလမ်း ၁၄ မိုင် ၇ ဖာလုံ၊ တစ်ဖက်နိုင်ငံ ရောက်ရှိသူများ ပြန်လည်စိစစ်လက်ခံရေးအတွက် အရေးပေါ်ကျောက်လမ်း ၁၁ မိုင် ၄ ဖာလုံ၊ ရခိုင်ပြည်နယ် အစ္စလာမ်ဘာသာဝင် IDP စခန်းဖျက်သိမ်းရေးအတွက် မြေနေရာရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး၊ လမ်းဖောက်လုပ်ရေး၊ ရေကန်များတူးဖော်ပေးရေးတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်တိုနှစ်ရှည်စီမံကိန်းများရေးဆွဲပြီး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာရပ်များ၊ အသက်မွေးမှုပညာရပ်များလေ့ကျင့်သင်ကြားပေးခြင်း စသည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်ဘတ်ဂျက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း၍ စီမံကိန်းလုပ်ငန်းများအား နားလည်မှုစာချွန်လွှာ၊ နားလည်မှုစာတမ်းများ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အိန္ဒိယနိုင်ငံ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဆွစ်ဇာလန်နိုင်ငံ Swiss Agency for Development and Cooperation(SDC)၊ ဗြိတိန်နှင့်မြောက်အိုင်ယာလန်ပြည်ထောင်စု... ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ British Council တို့နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဘိန်းအစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) တို့နှင့်ပူးပေါင်း၍ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖြစ်ထွန်းရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂျပန်နိုင်ငံအခြေစိုက် နိပ္ပွန်ဖောင်ဒေးရှင်း၊ Bridge Asia Japan (BAJ)၊ Terra People Association(TPA)၊ ပြင်သစ်နိုင်ငံ အခြေစိုက် GRET အဖွဲ့၊ ဂျာမနီနိုင်ငံအခြေစိုက် Malteser International၊ Welthungerhilfe(Whh)၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် SWISSAID၊ The Lutheran World Federation (LWF) စုစုပေါင်း ရှစ်ဖွဲ့နှင့် ပူးပေါင်း၍ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး**

နယ်စပ်ဒေသရှိ တိုင်းရင်းသား လူငယ်လူရွယ်များအနေဖြင့် ၎င်းတို့နေထိုင်ရာ ရေမြေတောတောင်သဘာဝ၊ လမ်းပန်းဆက်သွယ်ရေး၊ ဘာသာစကား၊ ယဉ်ကျေးမှုပတ်ဝန်းကျင် အခြေအနေများကြောင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လွှမ်းခြုံနိုင်မှု အနေအထားများကြောင့်လည်းကောင်း ပညာသင်ကြားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု နည်းပါးလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် အဆိုပါအခြေအနေကို ကုစားပေးရန်၊ ထောက်ကူပေးရန်၊ ဖြည့်ဆည်းပေးရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်လိုသည့် လူငယ်လူရွယ်များ ပေါ်ပေါက်လာစေရေးအတွက် နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်း ပညာကဏ္ဍ သုံးခုဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဝန်ကြီးဌာနတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် နှစ်ကျောင်း၊ ဗဟိုလေ့ကျင့်ရေးကျောင်း တစ်ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၄ ကျောင်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

**နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း**

နယ်စပ်ဒေသအသီးသီးရှိ လူငယ်လူရွယ်များအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းအားနည်းမှုကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ဒေသအသီးသီးရှိ လူငယ်လူရွယ်များကို စနစ်တကျ အေးချမ်းပျော်ရွှင်စွာ အလယ်တန်းပညာနှင့် အထက်တန်းပညာများကို သင်ကြားလေ့ကျင့်ပေးနိုင်ရေးအတွက် နိုင်ငံအနှံ့အပြားတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်းကို ဖွင့်လှစ်ပြီး အဆိုပါကျောင်းများတွင် နှစ်စဉ် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၇၁၉ ဦးတို့ကို စားဝတ်နေရေး၊ ပညာသင်ကြားရေးတို့တွင် ဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။

(၂)နှစ်တာကာလအတွင်း နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ပိုမိုတိုးမြှင့်လေ့ကျင့်သင်ကြားပေးရန်နှင့် ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် လူငယ်သင်တန်းကျောင်း ခြောက်ကျောင်း ဟိုပင်၊ ကြာအင်းဆိပ်ကြီး၊ ရေး၊ မအူပင်၊ ပင်လည်ဘူးနှင့် ဆီဆိုင်(ဆိုက်ခေါင်) များတွင် အသစ်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း**

နယ်စပ်ဒေသအသီးသီးရှိ တိုင်းရင်းသားအမျိုးသမီးငယ်များအနေဖြင့် အခြေအနေအရပ်ရပ်ကြောင့် အဆင့်မြင့်ပညာရပ်များ သင်ကြားခွင့်မရရှိခဲ့ကြသည့် တိုင်းရင်းသူများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးမှတစ်ဆင့် ၎င်းတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၄ ကျောင်းကိုဖွင့်လှစ်ပြီး အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ ကြိမ်၊ ဝါးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ စုစုပေါင်း တိုင်းရင်းသူ ၁၄၈၀၆ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

လက်ရှိအစိုးရ၏ (၂)နှစ်တာကာလအတွင်း နယ်စပ်ဒေသနေ တိုင်းရင်းသားအမျိုးသမီးငယ်များကို ပိုမိုတိုးမြှင့်လေ့ကျင့်သင်ကြားပေးရန်နှင့် ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် အိမ်တွင်းမှုသင်တန်းကျောင်း လေးကျောင်းကို ကွန်ဟိန်း၊ မင်းပြား၊ ပုသိမ်၊ ဖြူးမြို့များတွင် အသစ်တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

**ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုး

အထူးကဏ္ဍ [ ၈ ] သို့ »»»


ရခိုင်ပြည်နယ် မောင်တောမြို့နယ် မောရဝတီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား တွေ့ရစဉ်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ဆရာအတတ်သင်ပညာဒီပလိုမာဘွဲ့ အပ်နှင်းခြင်းအခမ်းအနားကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ဆ ] မှ

တိုးတက်လာသည်နှင့်အမျှ ဆက်စပ်လျက်ရှိသည့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုမြှင့်တင်ဖော်ဆောင်ပေးရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ Luxembourg Agency For Development Cooperation (LuxDev.)၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်း (MHPA)၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ အိမ်တွင်းမှုသင်တန်းကျောင်း (ပခုက္ကူနှင့် ပုသိမ်)တို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း (၃)မျိုးကို တိုးချဲ့ဖွင့်လှစ်၍ National Standard Skill Authority (NSSA) လက်မှတ်ရသင်တန်းသူ ၁၅၀ ကို လေ့ကျင့်မွေးထုတ်ပေးခဲ့သည်။ အဆိုပါသင်တန်းသူများအား လုပ်ငန်းခွင်လက်တွေ့သင်တန်းဆင်းပြီးပါက ချောင်းသာ၊ ပုဂံနှင့် မန္တလေးမြို့များရှိ ဟိုတယ်များတွင် ဝင်ရောက်အလုပ် လုပ်ကိုင်နိုင်သည်အထိ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင် အသင်းချုပ်တို့နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် မြန်မာ့ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ဒေသများတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ဟိုတယ်လုပ်ငန်းရှင်များ အသင်း၏ လုပ်ငန်းလိုအပ်ချက်အရ သင်တန်းသူများအပြင် သင်တန်းသားများကိုပါ ထည့်သွင်းလေ့ကျင့်သင်ကြားပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း**

နယ်စပ်ဒေသများမှ ပညာဆက်လက်သင်ကြားရန် ဆန္ဒမရှိတော့သည့် ဒေသခံတိုင်းရင်းသားများကို ၎င်းတို့ ဝါသနာအလျောက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းကို ဖွင့်လှစ်ပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ အခြေခံစက်ပြင်၊ မော်တော်ယာဉ်စက်ပြင်၊ အခြေခံလျှပ်စစ်ဂဟေ၊ ဆောက်လုပ်ရေးသင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စုစုပေါင်း ကျွမ်းကျင်လုပ်သား ၁၉၇၁ ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ရွှေ့ပြောင်း Mobile စက်မှုလက်မှု သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းလည်း သိရသည်။

**ဗဟိုလေ့ကျင့်ရေးကျောင်း**

နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့၏ ရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် မိမိတို့ဌာန၏ ဥပဒေ၊ မူဝါဒ၊ လမ်းညွှန်ချက်များကိုသိရှိပြီး လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် စီမံခန့်ခွဲရေးသင်တန်း၊ စာရေးဝန်ထမ်းသင်တန်း၊ အဆင့်မြင့် စက်ချုပ်နည်းပြသင်တန်း၊ ဘဏ္ဍာရေးစည်းမျဉ်းသင်တန်း၊ ပစ္စည်းထိန်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ (၂)နှစ်တာကာလအတွင်း စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၉၈၈ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့သည်။

(၂)နှစ်တာကာလအတွင်းမှာ အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း အသီးသီးမှ အဆင့်မြင့်စက်ချုပ်သင်တန်း တက်ရောက်အောင်မြင်ပြီးသည့် သင်တန်းသူများအနက်မှ အလုပ်အကိုင် လိုအပ်ချက်ရှိသူ၊ စိတ်ပါဝင်စားသူများကို စုစည်း၍ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာအထည်ချုပ်သင်တန်းကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ သင်တန်းဆင်းတိုင်းရင်းသူများအတွက် ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ၉၀၄ ဦးကို အလုပ်ခန့်အပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**

မြန်မာနိုင်ငံ၏ ရေမြေတောတောင် ပထဝီအနေအထား အမျိုးမျိုးကွဲပြားနေသည့် ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လမ်းပန်းဆက်သွယ်ရေးစသည့် အခြေအနေအရပ်ရပ်ကြောင့် နယ်စပ်ဒေသအသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများ၊ ဆရာ ဆရာမများအနေဖြင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို အထိုက်အလျောက် ကူညီဖြေရှင်းနိုင်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍအလိုက်လုပ်ငန်းစဉ်များတွင် ဒေသခံတိုင်းရင်းသား လူငယ်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်စေရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)အား ဖွင့်လှစ်၍ နယ်စပ်ဒေသများ၏ အခြေခံပညာရေးကဏ္ဍအတွက် လိုအပ်သည့် ဆရာ ဆရာမများကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးများမှ သတ်မှတ်အရည်အချင်းများနှင့်အညီ စိစစ်ရွေးချယ်ထားသော တက္ကသိုလ်ပညာဆက်လက်သင်ကြားရန် အခက်အခဲဖြစ်ပေါ်နေသည့် တိုင်းရင်းသားလူငယ်များကို နေထိုင်စားသောက်စရိတ်အခမဲ့ဖြင့် B.Ed ပညာရေးဘွဲ့(၅)နှစ်သင်တန်း၊ မဟာပညာရေးဘွဲ့သင်တန်း၊ ဆရာအတတ်သင် ဒီပလိုမာသင်တန်းများ တက်ရောက်စေပြီး အောင်မြင်သည့် သင်တန်းသား သင်တန်းသူများကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ဆရာ ဆရာမများအဖြစ် မိမိတို့နေထိုင်ရာ နယ်စပ်ဒေသများတွင် ပြန်လည်တာဝန် ချထားခန့်အပ်ပေးလျက်ရှိသည်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)မှ B.Ed ပညာရေးဘွဲ့ရ ဆရာ ဆရာမများကို တစ်နှစ်လျှင် ၃၅၀ ခန့် မွေးထုတ်ပေးလျက်ရှိသည်။

**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်**

ထို့အပြင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ အထောက်အပံ့ခံကျောင်းများမှ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သင်တန်းသားရွေးချယ်ရေးကော်မတီမှ သတ်မှတ်ချက်နှင့်အညီ စိစစ်ရွေးချယ်ပေးသည့် နယ်စပ်ဒေသအသီးသီးမှ အခြေခံပညာအထက်တန်းအောင်မြင်ပြီး ဒီဂရီကောလိပ်တွင် ပညာသင်ကြားလိုသည့် တိုင်းရင်းသားလူငယ်များကို ရန်ကုန်မြို့နှင့် စစ်ကိုင်းမြို့တို့တွင် ဖွင့်လှစ်ထားရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့တွင် နေထိုင်စားသောက်စရိတ်အခမဲ့ဖြင့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာများ ရရှိအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်နှင့် စစ်ကိုင်း)တို့တွင် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာဒီပလိုမာ(A.G.T.I)ဘွဲ့ရ လူငယ်များကို တစ်နှစ်လျှင် ၇၀၀ ကျော်ခန့်မွေးထုတ်ပေးလျက်ရှိပြီး အဆိုပါ လူငယ်များအနေဖြင့် ဘွဲ့၊ ဒီဂရီများ ရရှိပြီးသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့ဒေသအတွက် မိမိတို့ကိုယ်တိုင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ၎င်းတို့ဇာတိနှင့် အနီးစပ်ဆုံးရုံးဌာနများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် အလုပ်တာဝန်ခန့်အပ်ပေးလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များကို ယခင်က ဒီဂရီကောလိပ်များတွင် နယ်စပ်ဒေသနေကျောင်းသားများကိုသာ လက်ခံသင်ကြားပေးခဲ့ရာမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်ပြီး ဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ကျောင်းသူ ၅၀ ကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဒီဂရီကောလိပ်(ရန်ကုန်)တွင် ကျောင်းသူ ၅၀ ကိုလည်းကောင်း အသီးသီး လက်ခံသင်ကြားပေးနိုင်ခဲ့ပြီး နောင်နှစ်များတွင်လည်း ကျောင်းသူများကို တိုးချဲ့လက်ခံသင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့မှု**

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) တို့တွင် အေးချမ်းသာယာစွာ အတတ်ပညာများကို တစိုက်မတ်မတ် လေ့လာသင်ယူနိုင်စေရေးအတွက် စားဝတ်နေရေး၊ ပညာသင်ကြားရေးနှင့် ထောက်ပံ့ပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းရင်းသား လေ့လာရေးခရီးစဉ်များ**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများအား မျက်ဝါးထင်ထင် လေ့လာတွေ့ရှိစေပြီး ရရှိခဲ့သည့် အတွေ့အကြုံကောင်းများဖြင့် မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်စေရန် တိုင်းရင်းသားလေ့လာရေးခရီးစဉ်များကိုလည်း ပို့ဆောင်ပေးမှုများရှိခဲ့ကြောင်း သိရသည်။



စက်မှုလက်မှုသင်တန်းကျောင်း၌ လေ့ကျင့်သင်ကြားပေးနေမှုများကို တွေ့မြင်ရစဉ်။



အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းသူများအား လေ့ကျင့်သင်ကြားပေးနေစဉ်။

# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

က

မေ ၂၁၊ ၂၀၁၈ (စနေနေ့)


# အင်းသားလူမျိုးစုများအကြောင်း


● ဉာဏ်ကောင်းဆက်
● ဓာတ်ပုံ-ငွေးအောင်




လှေကို လက်ဖြင့်မလှော်ဘဲ ခြေဖြင့်လှော်သည့် ယဉ်ကျေးမှုတစ်ရပ်ကြောင့် အင်းသားလူမျိုးစုများကို လူသိများကြသည်။ ထို့အတူ ၎င်းတို့နေထိုင်ရာဒေသရှိ အင်းလေးကန်နှင့် အင်းလေး ဖောင်တော်ဦးဘုရားများကြောင့်လည်းလူသိပိုများခြင်းဖြစ်သည်။ အင်းသားလူမျိုးစုအများစုမှာ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်ဝန်းကျင်တွင် အဓိကနေထိုင်ကြပြီး ရပ်စောက်၊ တောင်နီ၊ ဘီလူးချောင်းမှတစ်ဆင့် မိုးဗြဲ၊ ဖယ်ခုံဒေသများတွင်လည်း ပျံ့နှံ့နေထိုင်ကြောင်း သိရသည်။

### သမိုင်းကြောင်း

ပါးစပ်ရာဇဝင်များအရ အင်းသားလူမျိုးစုများသည် ထားဝယ်အဆက်အနွယ်များဖြစ်ပြီး အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်ရာမှ အင်းလေးဒေသသို့ ရောက်ရှိခဲ့ရာတွင် နောက်တော်ပါ ထားဝယ်သားအချို့ကို ဤဒေသ၌ နေရာချထားခဲ့ရာတွင် နန်းသဲ၊ ဟဲယာရွာမ၊ ရွာကြီးပန်းပုံနှင့် နန်းပန်နောင်တော ဟူသော ရွာလေးရွာကို စတင်တည်ထောင်နေရာချထားပေးခဲ့သည်။ ထိုမှ အင်းလေးရွာဟု ခေါ်တွင်ခဲ့ကြသည်။


အထူးကဏ္ဍ [ ခ ] သို့ »»


# ကယန်းယင်းဘော်မျိုးနွယ်စု ဂန်းခွမ့် (ခ) တံခွန်တိုင်ပွဲတော် ကျင်းပ



**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် မေ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စု ငံရိုးကျေးရွာတွင် ကျင်းပသည့် ကယန်းယင်းဘော်မျိုးနွယ်စု ဂန်းခွမ့် (ခ) တံခွန်တိုင်ပွဲတော်သို့ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ရပ်မိရပ်ဖ ဦးသန်းတင်က ဆုတောင်းမေတ္တာပို့သပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားရာတွင် တံခွန်တိုင်ပွဲတော်အား ရောဂါဘယကင်းဝေးစေရန်၊ မိုးလေဝသကောင်းမွန်စေရန်၊ သီးနှံစပါး ဖြစ်ထွန်းအောင်မြင်စေရန်နှင့် ရပ်ရွာအေးချမ်းသာယာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ကြကြောင်း၊ ယနေ့လို အခမ်းအနားအား စုပေါင်းအင်အားဖြင့် ဆောင်ရွက်မှုကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း၊ စီမံအုပ်ချုပ်သည့်ကဏ္ဍ၊ ပြုပြင်ပြောင်းလဲသည့်ကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုယ်စီယုံကြည်ချက်ခိုင်မာစွာဖြင့် ပူးပေါင်းဖော်ဆောင်မှုကြောင့် အောင်မြင်သည့် သာဓကများ၊ သင်ခန်းစာများ ရရှိပြီးဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ရေ၊ မီး၊ လမ်း စသည့်ကဏ္ဍများ အဆင်ပြေစေရေး


အထူးကဏ္ဍ [ ခ ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»»

ခေတ်သစ် သမိုင်းသုတေသီများကမူ အင်းသားလူမျိုးစုများသည် ပုဂံသား မြန်မာများဖြစ်ကြောင်း၊ ၉ ရာစုလောက်မှစပြီး မြန်မာပြည်မြေပြန့်ဒေသဘက်သို့ ဆင်းလာကြသော တိဘက်မြန်မာမျိုးကွဲ အာသံမြန်မာ လူမျိုးစိတ်အစု ခြောက်စုအနက် မြန်မာအစုတွင်ပါဝင်သော လူမျိုးစုများဖြစ်ကြောင်း၊ မြေပြန့်သို့ဆင်းလာရာတွင် လိုက်ပါမလာကြဘဲ အင်းလေးဒေသဘက်သို့ ထွက်ခွာနေရစ်ခဲ့ရာမှ အင်းသားလူမျိုးများအဖြစ် ပေါ်ပေါက်လာကြောင်း ပြောဆိုကြသည်။ သမိုင်းကမည်သို့ပင်ဆိုသော်လည်း အင်းသားလူမျိုးစုများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရှမ်းတိုင်းရင်းသားအစုတွင်ပါဝင်သော တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေရှိသော တိုင်းရင်းသားများပင်ဖြစ်သည်။




အင်းသားလူမျိုးစုများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်းတို့ကို အဓိကလုပ်ကိုင်ပြီး နောက်ပိုင်းတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာကြောင်း သိရသည်။ "အင်းလေးဒေသမှာ လက်မှုလုပ်ငန်းအနေနဲ့ ပန်းပဲလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်းဟာ လူသိများတယ်၊ အဓိကတော့ ငွေပန်းထိမ်လုပ်ငန်းဖြစ်ပါတယ်၊ နောက်တစ်ခုက အင်းလေးဒေသမှာ ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးလို့ ပြောရမယ့် ကျေးရွာအလိုက် လက်မှုလုပ်ငန်းတွေရှိပါတယ်၊ ဥပမာ - ဟဲယာရွာမဆိုရင် ရွှေပန်းထိမ်၊ ငွေပန်းထိမ်၊ နမ့်ပန်ရွာကဆိုရင် လက်သမားလုပ်ငန်း (အဓိကလှေလုပ်ငန်း)၊ အင်းပေါခုန်ဆိုရင် ပိုးထည်လုပ်ငန်းနဲ့ ဆီဆုံမြို့နယ် အနီးတစ်ဝိုက်မှာဆိုရင် ချည်ထည်လုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်၊ တခြားခြံလုပ်ငန်း၊ ရေခြံလုပ်ငန်းတွေလည်း လုပ်ကိုင်ကြပြီး ကျွန်းမျောပေါ်မှာ စိုက်တဲ့စိုက်ပျိုးရေးလုပ်ငန်းကလည်း အင်းလေးဒေသရဲ့ ထူးခြားတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်၊ ကျွန်းမျောပေါ်မှာ ခရမ်းချဉ်၊ ပန်းစသည်ဖြင့် စိုက်ပျိုးကြပါတယ်"ဟု အင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းရွှေ၏ ပြောကြားချက်အရ သိရသည်။

အင်းသူအင်းသားတို့၏ ရိုးရာဝလေ့နှင့်ယဉ်ကျေးမှုအမွေအနှစ်များမှ အင်းရိုးရာစည်သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ အင်းရိုးရာစည်တွင် ဝင်စည်၊ ထွက်စည်၊ သီတင်းစည်၊ ဧည့်ခံပွဲထိုင်စည်၊ အိုးစည်ကူးဟူ၍ စည်အမျိုးအစားများရှိသည်။

ဝင်စည်မှာ ဖောင်တော်ဦးမြတ်စွာဘုရားများ ဒေသစာရီကြွချီရာတွင် တီးခတ်သောစည်ဖြစ်သည်။ ပင်မစည်ကြီးတစ်လုံးဖြင့် အရန်စည်ငယ်နှစ်လုံးကို အခေါ်အလိုက် အအုပ်အခံချယ်သ၍ တီးခတ်ရခြင်းဖြစ်သည်။ ထွက်စည်ကို ဘုန်းကြီးပျံအန္တိမစျာပန အခမ်းအနားများတွင် တီးခတ်ကြသည်။ ဘုန်းကြီးလွန်စည်ဟုလည်းခေါ်ကြောင်း သိရသည်။ သီတင်းစည်မှာ အဖိတ်၊ ဥပုသ်နေ့များတွင် သီတင်းသီလဆောက်တည်နိုင်ရန် ဗုဒ္ဓဘာသာဝင်များအား နှိုးဆော်ရာတွင် တီးခတ်သော စည်ဖြစ်သည်။ အဖိတ်စည်ဟုလည်းခေါ်ကြောင်း သိရသည်။ ဧည့်ခံစည်ခေါ် လံစည်ကို အလှူမင်္ဂလာပွဲများ၊ ကဆုန်ညောင်ရေသွန်းပွဲများ၊ ဆွမ်းတော်ကြီးကပ်လှူပွဲများတွင် တီးခတ်ကြောင်း သိရသည်။

**အင်းသား**
**အိုးစည်ကြီးအကနှင့် မီးဆုခံအက**

အင်းသားတိုင်းရင်းသားတို့က အိုးစည်ကူးအကဟူ၍လည်း ခေါ်ဝေါ်ကြသည်။ ဤအကတွင် ထိပ်ဝမျက်နှာပြင် အကျယ်နှစ်ပေခွဲ၊ အရှည်လူတစ်ရပ်ခန့်ရှိ အိုးစည်ကြီးနှင့်အတူ လင်းကွင်းတစ်စုံ၊ မောင်းကြီးတစ်လုံးတို့နှင့် တွဲဖက်တီးမှုတ်ကကြရသည်။

ညောင်ရွှေနှင့် အင်းလေးဒေသတွင် ရိုးရာဓလေ့ထုံးစံအရ ကျင်းပသော ပွဲလမ်းသဘင်များတွင် ယခုထိတိုင် အင်းသူအင်းသားများ ကိုယ်တိုင် ပါဝင်တီးခတ် ကခုန်ကြသည်။ ကိုယ်ဟန်ယိမ်းနွဲ့ကာ လက်ကို ညင်သာစွာ မြှောက်၍ နွဲ့နှောင်းသွဲ့ပျောင်းစွာ ပါဝင်ကပြလေ့ရှိသည်။ အင်းသားအမျိုးသားများက မိမိတို့တတ်မြောက်ထားသည့် ဗန်တို၊ ဗန်ရှည် သိုင်းပညာကို အနုပညာဟန်ဖြင့် ဖြည်းညင်းစွာ သရုပ်ဆောင်ကပြကြသည်။

ယခုကပြသည့် အိုးစည်ကြီးအကကို ညောင်ရွှေမြို့ ကံသာရပ် အင်းသားအမျိုးသားများက တီးခတ်သရုပ်ဖော်ပြီး ကံသာသူ အမျိုးသမီးငယ်လေးများက ယိမ်းနွဲ့ကာဖြင့် အိုးစည်၊ မောင်း၊ လင်းကွင်းတို့၏ စည်းချက်နှင့်အတူ ကပြဖျော်ဖြေတင်ဆက်ကြသည်။

●●●




(၁၈) ကြိမ်မြောက် ကယန်းအမျိုးသားနေ့ကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဗြဲတွင် ဧပြီ ၁၀ ရက် နံနက် ၈ နာရီက မိုးဗြဲအားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။ ၂၀၀၀ ပြည့်နှစ် မတ် ၂၀ ရက်တွင် ကယန်းစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ စတင်ဖွဲ့စည်းခဲ့၍ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ကာ ကယန်းမျိုးနွယ်စုအားလုံး ညီညွတ်မှုကိုဖော်ဆောင်နိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဧပြီ ၁၀ ရက်ကို ကယန်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်း ဧပြီ ၁၀ ရက်တွင် အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း သိရသည်။ မောင်မောင်သန်း(တောင်ကြီး)

အထူးကဏ္ဍ [ က ] မှ »»»

ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိထံသို့ ဖရူဆို-ဒီးမော့ဆို လမ်းမကြီးမှ ကျေးရွာအထိလမ်းခင်းပေးရန် လာရောက်တင်ပြသည့်အတွက် မိမိကိုယ်တိုင်လာရောက်ကြည့်ရှုခြင်းဖြစ်ပြီး အဆိုပါလမ်း အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သောမြောင်းများ၊ Box Culvert များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရာတွင် လိုအပ်သော လမ်းမြေအနည်းငယ်အတွက် ပြည်သူများမှလည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အဆိုပါလမ်းဖောက်လုပ်ပြီးပါကလည်း ပြည်သူများအနေဖြင့် တာဝန်သိစိတ်၊ တာဝန်ရှိစိတ်၊ တာဝန်ခံစိတ်ဖြင့် လမ်းမကြီး ရေရှည်တည်တံ့ရေးအတွက် မိမိတို့အားလုံး ထိန်းသိမ်းသွားရန် လိုအပ်ကြောင်းနှင့် ပြည်သူများတင်မြောက်ထားသည့် အစိုးရနှင့်အတူ ယုံကြည်စွာ ဝိုင်းဝန်းပူးပေါင်းဖော်ဆောင်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် ကေ့ထိုးဘိုးရိုးရာ ဂေါပကအဖွဲ့ဝင် ဦးငါးရယ်က တံခွန်တိုင်ပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယင်းဘော်မျိုးနွယ်စုနာယက ဦးနန်းရီက ရိုးရာယဉ်ကျေးမှုသမိုင်းအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကယားပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီးတို့က ငံရိုးကျေးရွာတွင် ကျင်းပသော (၆၁) ကြိမ်မြောက် ယင်းဘော်မျိုးနွယ်စု တံခွန်တိုင်ပွဲတော် ကျင်းပနိုင်ရေးအတွက် ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ကျေးရွာတာဝန်ရှိသူတို့က အကပဒေသာအဖွဲ့များဖြစ်သည့် ဆော်ပထန်၊ ဒေါတဝီ၊ ဒေါဝယ်ကူး၊ ဒေါခလိုက်လင်း၊ ဆိုဒ့်ခူ၊ ယူဆမိုဆိုကျေးရွာများမှ အဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ရာ ငံရိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးပရိုက်စူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



အထူးကဏ္ဍ [ ယ ] မှ »»

ခရီးလမ်းတစ်လျှောက်ရှိ မြင်ကွင်း ဝဲ၊ ယာတို့တွင် ဒေသပေါက်ရောက်သစ်ပင်များ၊ မျိုးထွေသော သီးပင်စားပင်နှစ်ရှည်ပင်များ၊ ချောင်းငယ်မြောင်းသွယ်များ၊ စိုစိုလွင်လွင်တောတောင် မို့မို့မောက်မောက်များကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရပေဦးတော့မည်ဟူသော အတွေးများဖြင့်လည်း ပျော်ရွှင်နေမိပြီ။

မွန်ပြည်နယ် သထုံမြို့၏နယ်နိမိတ်အဆုံး၊ ကရင်ပြည်နယ် ဘားအံမြို့၏ နယ်နိမိတ်အစ ဒုံသမိချောင်း၊ ဒုံသမိတံတားကြီးပေါ်မှ ကူးဖြတ်ကျော်လွန်လာသည်နှင့် ကရင်ပြည်နယ်၏ ပုံရိပ်တို့ကို စတင်ခံစားရပေသည်။ အဿကဏ်နဒီ သံလွင်မြစ်ရေနှင့် လန်းရွှင်စွာ ကျွန်တော် မျက်နှာသစ်လိုက်ပြီ။ စီးမြစီးလျက် တည်ငြိမ်ရင့်ကျက်နေသော မြစ်သံလွင်၏ မြစ်မရေစီးထက်ဝယ် စုန်ဆန်သွားလာ ကူးလူးနေကြသော လှေသမ္ဗန်၊ မော်တော်၊ သင်္ဘော တချို့ကို ဆွတ်ပျံ့ကြည်လင်စွာပင် ကျွန်တော် မြင်တွေ့နေရသည်။ ဇွဲကပင်တောင်တော်ကြီးသည် မြူရိပ်တိမ်ခိုးများ ဝန်းရံလျက် ကြံ့ခိုင်တင့်တယ်လှပါဘိ။ အရှေ့ဆီက ဒေါနတောင်တန်းကြီးဆီသို့ ကျွန်တော် မျှော်တမ်းလိုက်သည်။

သံလွင်မြစ်ဝှမ်းမှ သွေးချင်းကရင်ကျေးရွာများ၊ ကျောက်တောင်ထွတ်တောင်စွယ်များ၊ စိမ်းသစ်နေသော တောတောင်လွင်ပြင်နှင့် တောပန်းတောင်ပန်းများ၊ ဝေးဝေးလှမ်းလှမ်းဆီက ရွာစဉ်ကျယ်များ၊ ရိုးပြတ်လယ်ကွင်းပြင်များ၊ ရင့်မှည့်ဝါဝင်းနေသော စပါးနှံများနှင့် နွေစပါးခင်းများ၊ စိမ်းလန်းနေသော ယာခင်းကမ္ဘလာများကို ကျွန်တော် ငေးရီလျက် သန့်စင်အေးမြ၍ လတ်ဆတ်သောသဘာဝ လေကောင်းလေသန့်ကို တဝကြီးရှူလိုက်မိသည်။

သစ်လွင်နိုးကြားသော ပုံရိပ်လွှာများတွင် ဆေးတံပါးစောင်မှာခဲထားကြသော ဖထီးတို့၊ ကွမ်းယာတမြုံ့မြုံ့ဝါးနေကြသော အမိုးတို့၏ အပြုံးပန်းများသည် စိမ်းလန်းငြိမ်းချမ်းနေပါသည်။

**သင်တန်းအိပ်ရာထချိန် နံနက် ၅ နာရီမှစ၍ ည ၁၁ နာရီ အိပ်ရာဝင်ချိန်အထိမှာ စာပေသင်ကြားချိန်၊ ယဉ်ကျေးမှုသင်ကြားချိန်၊ အပြောစွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်အဖြစ် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲများကလည်း အားရစရာကောင်းလှသည်။ ဖျော်ဖြေရေးအဖြစ် ကရင်တိုင်းရင်းသားရိုးရာ တေးသီဆိုမှုနှင့် အကများ၊ အဖွဲ့လိုက်ဖျော်ဖြေမှုများ၊ တိုင်းရင်းသားတေးသံရှင်များ၏ တေးသီပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် အပြိုင်ကြိုးစားကြသည်ကို တွေ့မြင်ရ**

နွေဦးနံနက် ဖူးစအချိန်ဝယ် ဘားအံမြို့ သီရိကွင်းဝန်းကျင်တွင် မြေသင်းရနံ့များ၊ ပွင့်လန်းစပန်းရနံ့များဖြင့် မွှေးမြကြိုင်သင်းလျက်။ သွေးချင်း ကရင်တိုင်းရင်းသားတို့၏ စည်းချက်ညီ၍ မြူးကြွသော ဒုံးသံနှင့် ပျော်ရွှင်တက်ကြွလန်းဆန်းနေသော ဒုံးယိမ်းကခုန်ဟန်များသည် ကရင်ရိုးရာတေးသံသာတို့နှင့် ဟာမိုနီဖြစ်လျက်။ နွေနံနက်ဦးသည် တင့်တယ်လှပ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေတော့သည်။ အို "ဆအိုင်လောင်" တေးသီပွဲပါတကား။

"အောဆွန်းလားဆိုင် --- ကျန်းမာရွှင်လန်းပါစေ"ဟု ကရင်(အရှေ့ပိုး) စကားဖြင့် ကျွန်တော် နှုတ်ခွန်းဆက်လိုက်သည်။ ကရင်စာပေနှင့် ယဉ်ကျေးမှုဆရာဖြစ်မွမ်းမံသင်တန်းမှ သွေးချင်းလူငယ် မောင်မယ်တို့က လက်အုပ်ကလေးတွေချီလျက် "အောဆွန်းလားဆိုင်" ဟု ကျွန်တော့်ကို ပြိုင်တူ ပြန်လည်ခွန်းခြွေနှုတ်ဆက်ကြပါသည်။ ရင်ဝယ်တသိမ့်သိမ့်ပါတကား။

အမိမြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ရောက်လာစုဖွဲ့ကြသော ကရင်သွေးချင်းလူငယ်မောင်မယ် စုစုပေါင်းတစ်ထောင်နီးပါးတို့သည် (၄၈) ကြိမ်မြောက် ကရင်စာပေနှင့် ယဉ်ကျေးမှု နည်းပြမွမ်းမံ သင်တန်းတွင် ပေါင်းဆုံလျက် သွေးစည်းညီညွတ်မှုကို ပြနေကြပေသည်။ ကိုယ့်လူမျိုး၏ စာပေနှင့် ယဉ်ကျေးမှုများကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည့် အမျိုးသားရေးတာဝန်ကြီးကို ကျေပွန်စွာထမ်းရွက်လျက်ရှိနေကြပါပကော။

သင်ကြားသောစာပေများမှာ အရှေ့ပိုးကရင်စာပေ၊ စကောကရင်(ပကညော)စာပေ၊ စကောကရင်(လေကော်ရှီး)စာပေတို့ ဖြစ်သည်။ ယင်းသို့ ကရင်စာပေများကို သင်ကြားရုံမျှမက ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဦးစောအေးမြက တိုင်းရင်းသားစာပေသင်ကြားရေး အခန်းကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းကို ဟောပြောဆွေးနွေးခဲ့သည်။ ထို့ပြင် ကရင်အမျိုးသား ရဟန်းတော်များ အသင်းဥက္ကဋ္ဌဆရာတော် အရှင်ဝိသုခက ကရင်စာပေနှင့် ယဉ်ကျေးမှုအခန်းကဏ္ဍများနှင့် ယဉ်ကျေးလိမ္မာရေးအကြောင်း ဟောပြောမိန့်ကြားခဲ့ပါသည်။ ဖဒိုစောလှထွန်းက ငြိမ်းချမ်းရေးအကြောင်း ဟောပြောခဲ့ရာ မျိုးဆက်သစ်မောင်မယ်တို့အတွက် များစွာအကျိုးရှိလှသည်။

ပြင်ပဗဟုသုတများ ရရှိစေရန်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောမှုကို ကျန်းမာရေးဦးစီးဌာနမှလည်းကောင်း အသီးသီး လာရောက်ဟောပြောကြသဖြင့် အသိဉာဏ်ရည် တိုးတက်မြင့်မားမှုကိုလည်း ရရှိခဲ့ကြသည်။

နွေဦးကာလ မတ် ၂၈ ရက်မှ မေ ၁၁ ရက်အထိ သင်တန်းကာလလေးသည် မောင်မယ်တို့အတွက် အဖိုးမဖြတ်နိုင်သော အချိန်ဖြစ်ခဲ့ပေပြီ။ သင်တန်းမှူးဆရာစောစံသိန်းက ကျွန်တော့်အား ဝမ်းသာအားရပြောပြသည်မှာ နွေးထွေးဖော်ရွေမှုအပြည့်နှင့်။ သူက ဘားအံမြို့နယ် လှာကပြင်ကျေးရွာအုပ်စု သာနုန်းကျေးရွာဇာတိဖြစ်သည်။ ယခုလက်ရှိ ဘားအံမြို့နယ် ပေါ့ထော်ကျေးရွာ အထက(ခွဲ)၏ ကျောင်းအုပ်ဆရာကြီးအဖြစ် ပညာရေးဝန်ထမ်းဆောင်ရွက်နေသူ။

သင်တန်းသို့ တက်ရောက်ခွင့်ရရှိရန် အရည်အချင်းသတ်မှတ်ချက်တွင် ကရင်စာအနိမ့်ဆုံး နှစ်တန်းအောင်မြင်သူ၊ ဒုံးအကအခြေခံတတ်မြောက်ထားသူ၊ ပညာအရည်အချင်း (၈)တန်းအောင်မြင်သူဟူ၍ ဖြစ်ပါသည်။

သင်တန်းအိပ်ရာထချိန် နံနက် ၅ နာရီမှစ၍ ည ၁၁ နာရီ အိပ်ရာဝင်ချိန်အထိမှာ စာပေသင်ကြားချိန်၊ ယဉ်ကျေးမှုသင်ကြားချိန်၊ အပြောစွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်အဖြစ် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲများကလည်း အားရစရာကောင်းလှသည်။ ဖျော်ဖြေရေးအဖြစ် ကရင်တိုင်းရင်းသား ရိုးရာတေးသီဆိုမှုနှင့် အကများ၊ အဖွဲ့လိုက်ဖျော်ဖြေမှုများ၊ တိုင်းရင်းသား တေးသံရှင်များ၏ တေးသီပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် အပြိုင်ကြိုးစားကြသည်ကို တွေ့မြင်ရပေသည်။ စိတ်ချမ်းမြေ့ဖွယ်ရာ အားတက်ဖွယ်ရာ။

သင်တန်း၏ တစ်နေ့တာ ကျွေးမွေးစားရိတ်မှာ ကျပ်ဆယ်သိန်းခန့်ဟု သိရသော်လည်း ကုန်ရကျိုးနပ်၏။ တန်ဖိုးမဖြတ်နိုင်သော စာပေနှင့်ယဉ်ကျေးမှုကို မျိုးဆက်သစ်လူငယ်မောင်မယ်တို့ ထိုက်ထိုက်တန်တန်ရရှိပေပြီ။

နေ့သစ်၏ နံနက်ဖူးစ၊ နေရောင်ခြည်ကွန့်မြူးစ နံနက် ၆ နာရီသည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်အချိန်၊ ကရင်အမျိုးသားအလံတော်ကိုလွှင့်တင်၍ သင်တန်းသား လူငယ်မောင်မယ်တို့ ဦးညွှတ်အလေးပြုကြသည်။ ဆက်လက်၍ ကရင်စာပေနှင့် ယဉ်ကျေးမှုအဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါမည်ဟု ကတိသစ္စာ ဆိုကြသည်။ တိုင်ထိပ်တွင် တလူလူလွင့်နေသော အလံတော်သည် နံနက်ခင်းဖူးသစ်စတွင်အားမာန်တဝင့်ဝင့်။

ထို့နောက်တွင်မူ တစ်ထောင်နီးပါးရှိသော သွေးချင်းလူငယ်မောင်မယ်တို့သည် ရိုးရာတေးသီချင်းကို သံပြိုင်သီဆိုလျက် စည်းချက်ဝါးချက်ညီညီ ဒုံးသံနှင့်အတူ တက်ကြွမြူးရွှင်စွာ စည်းဝါးညီညီ ကခုန်နေကြသည်ကို မြင်ရကြားရသည်မှာ ကျွန်တော့်ရင်ထဲတလှပ်လှပ်။ တေးသီပွဲ(ဆအိုင်လောင်)ကို ရောက်ရှိနေသည့်အလား ခံစားရသည်။

ဆွတ်ပျံ့သာမောဖွယ် နွေဦး၊ ချမ်းမြငြိမ်းချမ်းဖွယ် တေးသီပွဲ။

ဩော်. . . "နွေဦးဆွတ်မြ ဆအိုင်လောင်" . . . သည်၊ တောင်ဇလပ်ပန်းများ လန်းရာမြေ၊ ကံ့ကော်ပွင့်ရာမြေ၊ ချယ်ရီပွင့်ရာမြေ၊ တမာနံ့သင်းရာမြေများဆီသို့ သင်းမြမွှေးကြိုင်စွာ ပျံ့လွင့်လျက်ရှိနေလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ကရင်စာပေနှင့်ယဉ်ကျေးမှုဆရာဖြစ် မွမ်းမံသင်တန်းသည် ယခု (၄၈)ကြိမ်မှသည် အကြိမ်ပေါင်း ရာထောင်ချီ၍ ဖွင့်လှစ်နိုင်ပြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် စာပေနှင့် ယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေသတည်း။

ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းဆိုင်ရာများကို တရင်းတနှီး နွေးနွေးထွေးထွေးဖြင့် ရှင်းလင်းပြောပြပေးပါသော သင်တန်းမှူးဆရာစောစံသိန်း၏ကျေးဇူးသည် များစွာကြီးမားပါပေ၏။

"ဆခုံးဆတာ ဒိုးမာလော"စောစံသိန်းရေ၊ အို. . . တိုင်းရင်းသား ကရင်သွေးချင်းလူငယ်မောင်မယ်အပေါင်းတို့ ကျိုက်သရိထောင်းထော့လားဆိုင်-----ကျက်သရေ တိုးတက်မြင့်မားကြပါစေသတည်း။ ။

အထူးကဏ္ဍ [ ယ ] မှ »»

ဆီပြန်လာရင် ငါးများကိုဆုံဆေးရေလောင်းပြီး နုပ်နုပ်စဉ်းထားတဲ့ ခရမ်းချဉ်သီးများရောကာ တစ်ရေခန်း ချက်ပါမယ်။ ရေခန်းခါနီးမှာသန့်စင်ထားတဲ့ လက်ပံခေါင်းများရောလို့ မန်ကျည်းရေမြုပ်အောင်ထည့်ကာ ဆူအောင်တည်ရပါမယ်။ ဟင်းအိုးပွက်ပွက်ဆူကသင်ထားတဲ့ ကန်စွန်းရွက်များထည့်၊ အပွင့်၊ အရွက်များ နူးလောက်က နံနံပင်၊ ရှမ်းနံနံနဲ့ ငရုတ်သီးစိမ်းထက်ခြမ်းခွဲများအုပ်ကာ အပေါ့အငန်မြည်း၍ မီးဖိုပေါ်က ချနိုင်ပါပြီ။

လက်ပံခေါင်းရဲ့အရသာဟာ ရုံးပတီသီးကဲ့သို့ အချွဲဓာတ်အနည်းငယ်ပေါက်ပြီး မှိုလိုချိုတာကြောင့် စားဖူးသူတိုင်း စွဲမက်သွားကြတာပါ။ အထက်အညာဒေသတွေမှာ ဧည့်သည်တွေကို ထမင်းကျွေးဖိတ် ဧည့်ဝတ်ပြုတဲ့အခါ ဟင်းမျိုးစုံလင်လှတဲ့ ထမင်းဝိုင်းတွေမှာ မပါမဖြစ်ထည့်လေ့ရှိတာကတော့ အညာစာ လက်ပံခေါင်းချဉ်ရေဟင်းလျာတစ်ခွက်ဖြစ်ကြောင်းပါဗျာ. . .။

**စံလွင် (ငါးဦးစီး)**

မိုးမခ



# နွေဦးဆွတ်မြ ဆအိုင်လောင်

● တောင်တွင်းမောင်သင်းကျော်

တပေါင်း၊ တန်ခူး နွေဦးသစ်စမိုးကောင်းကင်သည် မြူရိပ်မြူခြည်များနှင့် ယှက်သိုင်းဖွဲ့ဆင်နေသည်။ နွေနေသည် ရဲရဲပပမထွန်းလင်း၊ ပြာရီမှိုင်းမှုန်နေတော့သည်။ လွမ်းဆွတ်ဖွယ်ဂိမှာန်၊ အေးမြသော စိမ်းစိမ်းစိုစိုတောရိပ်တောင်ရိပ်များနှင့်ပေမို့ "နွေဦးဆွတ်မြ"ဟု ခံစားဖွဲ့နွဲ့မိသည်။ မြို့ပြ၏ မွန်းကျပ်ငြီးငွေ့ဖွယ်ဘဝများမှ ယာယီထွက်ပြေးလွတ်မြောက်တော့မှာပါလားဟူသော စိတ်ခံစားမှုကြောင့် ကရင်ပြည်နယ် ဘားအံသို့ ခရီးသွားရန်ကိစ္စတစ်ခုပေါ်လာစဉ်ကပင် ကျွန်တော် ရင်တွေခုန်နေသည်။ သံလွင်မြစ်၊ ဇွဲကပင်တောင်၊ ဖားစည်၊ ဒုံးယိမ်း၊ သင်တိုင်းကိုယ်စီဝတ်ဆင်ထားကြသော ကရင်သွေးချင်းများ၊ ရိုးသားမှုပုံရိပ်များ စတာတွေက မှန်ကူကွက်များသဖွယ် လက်ခနဲ လင်းခနဲ မှန်းဆမြင်ယောင်နေမိသည်။

အထူးကဏ္ဍ [ ၈ ] သို့ »»



## အညာစာ လက်ပံခေါင်းဟင်းလျာများ

လက်ပံခေါင်းချဉ်ရည်ဟင်းလို့ပြောရင် အောက်သူ၊ အောက်သား အတော်များများက မကြားဖူးကြလို့ နားစိမ်းနေတတ်ပါတယ်။ နွေအခါမှာ တစ်ပင်လုံးရဲနေအောင် ပွင့်တတ်တဲ့ လက်ပံပွင့်တွေတွေ့နေပေမယ့် စားရကောင်းမှန်းမသိကြပါဘူး။ ရေဒီယိုခေတ်တုန်းက နားစွဲခဲ့တဲ့ အဆိုတော် မိမိလေးနဲ့ အေးအေးသွယ်တို့ရဲ့ "လက်ပံပွင့်ကောက်"သီချင်းက ယခုကာလတိုင် ရိုးမသွားသလို လက်ပံခေါင်းဟင်းလျာတွေကလည်း အညာသူ၊ အညာသားများအဖို့ ဘယ်တော့မှမရိုးနိုင်တဲ့ အညာစာဟင်းလျာများပါ။

အထက်အညာဘက်မှာ နွေအခါ ပေါပေါများများရတတ်တဲ့ လက်ပံပွင့်တွေကိုကောက်၊ ပွင့်ချပ်တွေချွေပြီး နေလှန်းအခြောက်ခံကာ မိုးစာ၊ နွေစာ ပုတ်ကြီးတွေနဲ့ သိုလှောင်ထားတတ်ကြပါတယ်။ ဟင်းလျာရှားပါးတဲ့အခါမျိုးတွေမှာတော့ သိုလှောင်ထားတဲ့ အခြောက်အခြမ်းတွေကိုယူပြီး ဟင်းတစ်မယ်အဖြစ် ဖန်တီးတော့တာပါပဲ။ လက်ပံခေါင်းကို ချဉ်ရည်ကျိုစားကြတာများပေမယ့် သုပ်ပြီးတော့လည်း စားကြပါသေးတယ်။



တချို့က ပုန်းရည်ကြီး၊ ဝက်သားနဲ့ရောထားတဲ့ ဝက်ပုန်းရည်လက်ပံခေါင်းဟင်းချက်ကြသလို တချို့ကလည်း အမဲခြောက်ကလေးစင်းပြီး လက်ပံခေါင်းနဲ့ကြော်ချက်စားကြပါသတဲ့။ အိုးကြီးခွက်ကြီးချက်ရတဲ့ အလှူအတန်းတွေမှာဆိုရင်တော့ ငါးသလောက်တို့၊ ငါးကြင်းတို့ပေါင်းတဲ့အခါ မိုးပြဲဒယ်ကြီးတွေမှာ ငါးမကပ်အောင် လက်ပံခေါင်းတွေကို အောက်ကခံထားပြီး ပေါင်းလေ့ရှိပါတယ်။ အဲဒီငါးပေါင်းထဲက လက်ပံခေါင်းက ဆီနဲ့နူးအိပြီး ချိုဆိမ့်နေတာမို့ အင်မတန်ကိုအရသာရှိတာပါ။

အများစုကတော့ လက်ပံခေါင်းကို ချဉ်ရည်ကျိုစားကြတာမို့ လက်ပံခေါင်းချဉ်ရည်ကျိုမယ်ဆိုရင် လက်ပံခေါင်းခြောက် လက်တစ်ဆုပ်သာသာလောက်ယူပြီး ခေတ္တရေစိမ်ထားပါ။ ရေနူးသွားရင်တော့ ရေစင်အောင်ဆေးပြီး ထက်ခြမ်းခွဲထားပါ။ ပြီးရင် ခရမ်းချဉ်သီး နှစ်လုံးလောက်ကို နုပ်နုပ်စဉ်း၊ ကန်စွန်းရိုးနီ နှစ်စည်းလောက်ကိုလည်း သင်ထားပါ။ ဟင်းခတ်ဖို့အတွက် ရရာငါးတစ်ဆယ်သားလောက်ကို သန့်စင်တုံးတစ်ပြီး ငံပြာရည်၊ ဆား၊ နနွင်းနဲ့နှပ်ထားပါ။ တချို့က ပုစွန်ဆိတ်၊ ပုစွန်ခြောက်လေးတွေကို ဟင်းခတ်အဖြစ်သုံးကြပါတယ်။ မန်ကျည်းမှည့်အနည်းငယ်ကိုရေစိမ်ပြီးရင် ထောင်းထားတဲ့ ငရုတ်သီး၊ ကြက်သွန်အရောနဲ့နယ်ထားတဲ့ငါးများကို ဆီသတ်ရပါမယ်။

အထူးကဏ္ဍ [ ၈ ] သို့ »»

# ခရစ်တိုငွေကြေး ဘာလဲ ဘယ်လဲ

သန်းတိုးနိုင်

ငွေကြေးဆိုတာ မိမိတို့၏ယုံကြည်မှုအား အပ်နှံထားသည့် အရာတစ်ခုအဖြစ် လက်ခံထားကြသည်။ ငွေပေးချေမှု ပြုလုပ်တိုင်းတွင် လူအများစုသည် ငွေသား(Cash)ဖြင့်သာ ပေးချေချင်ကြသည့် ဓလေ့မှသည် ငွေကြေးသုံးစွဲမှုဆိုင်ရာနည်းပညာများ(Financial Technology)မြင့်မားလာသည်နှင့်အမျှ သမားရိုးကျငွေကြေးဝန်ဆောင်မှုများအား ခေတ်မီနည်းပညာများနှင့် အစားထိုးကာ ဘဏ်စနစ်များ တဖြည်းဖြည်းဖွံ့ဖြိုးတိုးတက်လာသည့်အခါ ငွေသားအစား Cheque လက်မှတ်သုံးစွဲပြီးနောက်ပိုင်းတွင် Credit &bit Card၊ Prepaid Card၊ MPU Card၊ Master Card၊ Union Pay Card စသည့်ပုံစံမျိုးစုံဖြင့် ပေးချေလာခဲ့ကြခြင်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းကို အင်တာနက်ဘဏ်စနစ် (Internet Banking)၊ မိုဘိုင်းဘဏ်စနစ်(Mobile Banking)လို့ ခေါ်ဝေါ်သုံးစွဲလာနေကြကြောင်း၊ ဒစ်ဂျစ်တယ်ငွေကြေးရဲ့အစမှာ Crypto-currency (ခ) လျှို့ဝှက်ငွေကြေးလို့ပြောလိုက်ရင် လူအများစုက Bitcoinကိုသာ ပြေးမြင်လိုက်သည်က များနေသည်။ ဘစ်ကွိုင်သည် လျှို့ဝှက်ငွေကြေးအစကနဦး စတင်ပေါ်ထွက်လာသည့် ငွေကြေးတစ်ခုဖြစ်သော်လည်း၊ လက်ရှိ ဘစ်ကွိုင်အား အကြောင်းပြု၍ နောက်ဆက်တွဲဈေးကွက်၏ ခရစ်တိုငွေကြေးအမျိုးအစားပေါင်း ၁၅၅၀ ကျော်ခန့် ထွက်ရှိနေသလို ဈေးကွက်မဝင်သေးဘဲ ပြင်ဆင်နေသည့်အဆင့်၌ရှိနေပြီး ခရစ်တိုငွေကြေးအသိုက်အဝန်းအတွင်း ဘောင်မဝင်အဆင့်၌သာရှိနေသေးသည့် Crypto-currency Pre Coin များလည်း အများအပြားရှိနေပါသည်။

ခရစ်တိုငွေကြေးဖြစ်ပေါ်လာသည့် သမိုင်းကြောင်းနှင့် လုပ်ဆောင်ပုံကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက ၂၀၀၉ ခုနှစ်မှစ၍ ဘစ်ကွိုင်ဆိုသည့် ခရစ်တိုငွေကြေးတစ်မျိုးစတင်ပေါ်လာပြီး ကွန်ပျူတာနည်းပညာကိုအခြေခံ၍ Blockchain နည်းပညာအား အသုံးပြုထားသည်ကို တွေ့ရှိရကြောင်း၊ လုံခြုံမှုရှိပြီး ပွင့်လင်းမြင်သာမှုရှိသည်ဟု နည်းပညာရှင်တချို့က သုံးသပ်ထားကာ Blockchain မှာ ဘစ်ကွိုင်နှင့်ပတ်သက်၍ ရောင်းသူ၊ ဝယ်သူ၊ ငွေပေးချေသူ၊ ငွေလက်ခံသူတို့အကြား လွှဲပြောင်းဆောင်ရွက်မှုမှတ်တမ်းတင်ထားသည့် ပရိုဂရမ်ဖြစ်ကြောင်း၊ တစ်နည်းဆိုသော် ဒစ်ဂျစ်တယ်စာရင်းစာအုပ်ဖြစ်ပါသည်။ နည်းပညာကျွမ်းကျင်သူများသည် Blockchain ထဲသို့ ဝင်ရောက်၍ လွှဲပြောင်းဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်း၊ အတည်ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများကို Minning လုပ်သည်ဟု နည်းပညာအရ ခေါ်ဆိုကြပြီး အောင်မြင်စွာဆောင်ရွက်နိုင်ပါက ဝန်ဆောင်ခအနေဖြင့် Coin များကို လက်ခံရရှိပါသည်။ ခရစ်တိုငွေကြေးများအား အရောင်းအဝယ်ပြုလုပ်ရာတွင် ကြားခံပွဲစားလို့ခေါ်သည့် နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများနှင့် သဘောတရားတူသော Exchanger (Crypto-currency Exchange) များလည်း မရှိမဖြစ်လိုအပ်ပါသည်။

ခရစ်တိုငွေကြေးများမှာ ပြင်ပကမ္ဘာတွင်သုံးစွဲနေသည့် ငွေကြေးမဟုတ်သလို နိုင်ငံတွေ၊ အစိုးရတွေက တာဝန်ယူအာမခံပေးထားသည့် ငွေကြေးလည်း မဟုတ်ဘဲ အွန်လိုင်းပေါ်တွင်သာပြုလုပ်သည့် အရောင်းအဝယ်ကိစ္စတွေကို ဖြေရှင်းဖို့တီထွင်ထားသည့် ကွန်ပျူတာလျှို့ဝှက်ကုတ်သုံး ငွေကြေးစနစ်တစ်ခုဖြစ်ပါသည်။ လက်ရှိတွင် ဘစ်ကွိုင်သည် အအောင်မြင်ဆုံးသော ခရစ်တိုငွေကြေးတစ်ခုဖြစ်ပြီး ယင်းအားလဲလှယ်နိုင်သည့် Exchanger(Crypto-currency Exchange)များမှာ အမေရိကန်နိုင်ငံအပါအဝင် ဥရောပတိုက်၊ အာရှတိုက်ရှိ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားတွင် ရှိနေပါသည်။ လက်ရှိ ဘစ်ကွိုင်တစ်ယူနစ်(ခ)1 Coin တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၇၀၀ ဝန်းကျင်ခန့်ရှိနေကြောင်း၊ ခရစ်တိုငွေကြေးများမှာ လက်ရှိအချိန်အထိမည်သည့် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ ကျောထောက်နောက်ခံပြုထားခြင်း၊ အာမခံပေးထားခြင်းတို့မရှိဘဲ လွတ်လွတ်လပ်လပ်အနှောင်အဖွဲ့ကင်းစွာ လုပ်ဆောင်နိုင်ခြင်းမှာ စီးပွားရေးနယ်ပယ်လောကကြီး တစ်ခုလုံးအတွက်တော့ မဖြစ်နိုင်သေးကြောင်း၊ သို့သော် ဘစ်ကွိုင်နှင့်ပတ်သက်နေသည့် လက်ခံအသုံးပြုနေခြင်း (သို့မဟုတ်) မိတ်ဖက်အဖြစ် လုပ်ငန်းဆောင်ရွက်နေသော Microsoft၊ Dell၊ WordPress အစရှိသည့် နည်းပညာကုမ္ပဏီများ ရှိနေသလို Cheap Air.com လို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများ၊ Square၊ Braintree ငွေပေးချေမှုလုပ်ငန်းများလည်း ရှိနေကြောင်း၊ ဘစ်ကွိုင်၏ ဈေးကွက်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၈၀ ခန့်ရှိနေကာ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ရှိသည်ဟု ပညာရှင်များက တွက်ချက်ထားသည်။ Bitcionအနေဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ယူနစ် ၂၂ သန်း လည်ပတ်ရန်သတ်မှတ်ထားပြီး လက်ရှိတစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ယူနစ်စုစုပေါင်း ၁၆ ဒသမ ၉ သန်းခန့် လည်ပတ်နေကြောင်း သိရပါသည်။

ကမ္ဘာ့နိုင်ငံအများအပြား၌လည်း ခရစ်တိုငွေကြေးအခက်အခဲပြဿနာများ ဖြစ်ပေါ်နေလျက်ရှိရာ အစိုးရများအနေဖြင့် တားမြစ်ပိတ်ပင်ရန်စဉ်းစားစောင့်ကြပ်လျက်ရှိနေကြောင်း၊ အဆိုပါအခက်အခဲများအနက် ဆိုက်ဘာလုံခြုံရေးက အဓိကကျနေသည့် ဒစ်ဂျစ်တယ်အိတ်ချိန်းများ လုံခြုံမှုနှင့် နည်းပညာမြင့်မားမှုရှိစေရန် လိုအပ်ကြောင်း၊ ခရစ်တိုငွေကြေးနှင့်ပတ်သက်ဆက်နွှယ်၍ ငွေကြေးခဝါချမှုများ၊ အခွန်တိမ်းရှောင်မှုများ၊ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုခင်းများအတွက် ငွေကြေးထောက်ပံ့မှုများ၊ အွန်လိုင်းတွင် ရောင်းချသည့် တရားမဝင်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား ဝယ်ယူခြင်းတို့ကို ပြုလုပ်လာနိုင်ပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ဂျပန်နိုင်ငံ၏အကြီးဆုံး Crypto-currencyExchange တစ်ခုဖြစ်သည့် Coin Check တွင် ဟက်ကာများက အမေရိကန်ဒေါ်လာ ၅၃၄ သန်းတန်ဖိုးရှိ ခရစ်တိုငွေကြေးများအား ခိုးယူသွားမှုဖြစ်စဉ်ဖြစ်ပွားခဲ့ရာ လူပေါင်း၂၆၀၀၀၀ ကျော် နစ်နာဆုံးရှုံးသွားခဲ့မှုအပေါ် ဂျပန်အစိုးရအနေဖြင့် ဆိုက်ဘာလုံခြုံရေးကို အဓိကဂရုပြုရန် ပြောကြားသည်။ အလားတူ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဝါရှင်တန်မြို့ရှိ ကမ္ဘာ့ဘဏ်အစည်းအဝေးတစ်ခု၌ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌကလည်း ခရစ်တိုငွေကြေးအများစုမှာ Ponzi Schemes ကဲ့သို့ ကုမ္ပဏီတစ်ခုသည် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေခြင်းမရှိဘဲ လိမ်ညာဟန်ဆောင်၍ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ခဲ့ကြောင်း၊ ယင်းနောက် မူလအဆင့်ရင်းနှီးမြှုပ်နှံထားသူများအား ထပ်မံ၍ရင်းနှီးမြှုပ်နှံရန်လာရောက်သူများထံမှ ရရှိသောငွေကြေးအရင်းအနှီးများအား အသုံးပြုသုံးစွဲအမြတ်ထုတ် မသမာမှုများ ဖြစ်နေကြောင်း ပြောဆိုခဲ့သဖြင့် ခရစ်တိုငွေကြေးတန်ဖိုးများ ကျဆင်းလာကာ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူလျော့နည်းသွားခဲ့သည်။

ယခုရက်ပိုင်းအတွင်း ဗင်နီဇွဲလားနိုင်ငံမှထုတ်ဝေတော့မည့် ပတ်ထရိုငွေကြေးနှင့်ပတ်သက်၍ အမေရိကန်မှ တားမြစ်ပိတ်ပင်မည်ဖြစ်ရာ နောက်ဆက်တွဲအကျိုးဆက်များကို ကြိုတင်ဝယ်ယူထားသည့် ပြည်သူများသာ ထိခိုက်လာနိုင်ကြောင်း၊ အလားတူ အိန္ဒိယနှင့်ပါကစ္စတန်ဗဟိုဘဏ်တို့မှလည်း ဧပြီလ ၆ ရက်တွင် ဒစ်ဂျစ်တယ်ငွေကြေးများကို တရားမဝင်ငွေကြေးများအဖြစ် သတ်မှတ်ကြောင်း ဖော်ပြထားပြီး ယင်းငွေကြေးလုပ်ငန်းများနှင့် ဆက်နွှယ်မှု မပြုလုပ်ရန်၊ ပြုလုပ်ပါက တရားစွဲဆိုခြင်းခံရမည်ဟု ကြေညာချက် ထွက်ပေါ်ပြီးနောက် ဘစ်ကွိုင်တန်ဖိုးများ ကျဆင်းသွားခဲ့ပါသည်။ ယခုတလော နည်းပညာနယ်ပယ်အတွင်း၌ အွန်လိုင်းဖြင့် ချိတ်ဆက်ထားသည့် ကွန်ပျူတာများကို Patya ဟုခေါ်သည့် Ransomware Virus တစ်မျိုးပေါ်လာပြီး WindowOperation System ထဲ ဝင်ရောက်ကာ Computer Data အားလုံးအား Encrypt (ကွန်ပျူတာအတွင်းရှိ အချက်အလက်များအား သက်ဆိုင်သူများသာ ဖတ်ရှုနားလည်နိုင်သည့် စကားဝှက်အဖြစ်သို့ ပြောင်းလဲခြင်း) ပြုလုပ်ပြီး ဒေတာများ ပြန်လိုချင်ရင်ငွေပေးမှ Decrypt (အချက်အလက်များအား ပြန်လည်ပြောင်းလဲပေးမည်) လုပ်ပေးမည်ဟုဆိုကာ နည်းပညာဖြင့် ခြိမ်းခြောက်နေသည့် ပုံစံမျိုးဖြစ်သည်ဟု သတင်းများ ဖြစ်ပေါ်နေခြင်းမှာလည်း ခရစ်တိုငွေကြေးအား စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံချင်သူများအတွက် စဉ်းစားရမည့် အကြောင်းအရာများပင်ဖြစ်သည်။

ခရစ်တိုငွေကြေးအား ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားပါက အနိမ့်ဆုံး အင်တာနက် နည်းပညာကို နားလည်သုံးစွဲတတ်ရမည်ဖြစ်သလို ကွန်ပျူတာဆိုင်ရာ သဘောတရားများ၊ အသုံးအနှုန်းများ သိထားပြီး ယင်းအရာများနှင့် ပတ်သက်သည့် အထွေထွေဗဟုသုတများကို နှံ့နှံ့စပ်စပ်သိထားရန်လိုအပ်ပါသည်။ အဆိုပါ ခရစ်တိုငွေကြေးလုပ်ငန်းများအား အဓိကလုပ်ဆောင်နေသူအများစုမှာ နည်းပညာဖွံ့ဖြိုးတိုးတက်ပြီးသည့် အသိုင်းအဝိုင်းနှင့် ပြည်ပနိုင်ငံများ၌သာ အခြေပြုထားကြောင်း၊ ထို့ပြင် ဥပဒေစိုးမိုးမှုလက်လှမ်းမမီနိုင်သည့် British Islandနှင့် America Island လိုနေရာမျိုးတွင် အခြေတည်ထားကြကြောင်း၊ တစ်နည်းအားဖြင့်ဆိုသော် မိမိနေထိုင်ရာနိုင်ငံအတွင်း၌ တည်ရှိဖြစ်တည်ခြင်းမဟုတ်ကြောင်းကို သတိပြုထားရမှာဖြစ်သည်။ ခရစ်တိုငွေကြေး၌ အမျိုးအစား နှစ်မျိုးရှိပါကြောင်း၊ တစ်မျိုးမှာ ဈေးကွက်ဝင်နေသည့် ဘစ်ကွိုင်၊ အီသရန်ကွိုင်တို့လိုဖြစ်ပြီး ကျန်တစ်မျိုးမှာ ဈေးကွက်မဝင်သေးဘဲ ပြင်ဆင်နေသည့်အဆင့်၌သာရှိနေပြီး ခရစ်တိုငွေကြေးအသိုက်အဝန်းအတွင်း ဘောင်မဝင် အကြိုအဆင့်၌ရှိသည့် ကွိုင်များဖြစ်သည်ကိုလည်း သိနားလည်ဖို့လည်း လိုသည်။ အချို့ကလည်း ဈေးကွက်အသာစီးရထားပြီး ဈေးကွက်ဝင်သည့် ဘစ်ကွိုင်၊ အီသရန်ကွိုင်တို့အား ရင်းနှီးမြှုပ်နှံကြသလို အချို့ကတော့ ဈေးသက်သာပြီး မကြာမီဈေးကွက်ဝင်နိုင်မည်ဟု ထင်ကြေးဖြင့် ဈေးကွက်မဝင်သည့် ကွိုင်များကို ဝယ်ယူကြကြောင်း၊ နားမလည်သူအများစုက အဆိုပါ လုပ်ငန်းအား အင်တာနက်ကြည့်ပြီး လက်ကိုင်ဖုန်းခလုတ်နှိပ်လိုက်ရုံဖြင့် လွယ်လွယ်ကူကူလုပ်ရသည်ဟု ထင်နေကြကြောင်း၊ ပြောသလောက် မလွယ်ကူပါ။ မြန်မာနိုင်ငံအနေဖြင့် ခရစ်တိုငွေကြေးနှင့်ပတ်သက်၍ တရားဝင် ဥပဒေများအရရော ငွေရေးကြေးရေးဆိုင်ရာဥပဒေအရပါ ခွင့်ပြုထားခြင်း မရှိသေးပါ။

ခရစ်တိုငွေကြေးများအား စိတ်ဝင်စားသူအများစုက စတော့ရှယ်ယာလို သဘောထားပြီး အဓိကဝယ်ယူစုဆောင်းခြင်းဖြင့် ဈေးတက်လျှင် မြတ်မည်၊ မြတ်လျှင် ပြန်ရောင်းမည်၊ တက်ဈေးကို မျှော်လုပ်ကြပြီး အဆိုပါလုပ်ငန်းအား နယ်ဒေသများတွင် နေထိုင်သူအများစုကသာ စိတ်ဝင်စားလုပ်ဆောင်နေကြခြင်းဖြစ်သည်ကိုလည်း တွေ့မြင်နေရသည်။ ကျောထောက်နောက်ခံမရှိ၊ ခိုင်မာမှုမရှိဘဲဖြစ်နေသည့် ခရစ်တိုငွေကြေးအား သေချာနားလည်ခြင်းမရှိ ယုံကြည်မှုတစ်ခုဖြင့်သာ ထိတွေ့ရင်းနှီးကြရန် မလုပ်သင့်ပါကြောင်း၊ အရှုံးဖြင့်သာ ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ဥပမာပြောရရင် ကျူးကျော်တဲကို ဝယ်ယူရင်းနှီးမြှုပ်နှံသူနှင့်တူကြောင်း၊ အစားပြန်ရ၊ မရ မကျိန်းသေ၊ မသေချာသော်လည်း ကျူးကျော်တဲများကို ဘယ်အချိန်အဖျက်ခံရမည်ဆိုသည်က အရင်ဆုံး တွေ့ကြုံရမည်ဖြစ်သလို ကံယုံပြီး ကြိုးတန်းပေါ်လမ်းလျှောက်တာနှင့်လည်း တူနေမည်ကိုလည်း သတိချပ်သင့်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ခရစ်တိုငွေကြေးများနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်ခန့်မှစ၍ ပြည်တွင်းရှိ ကုမ္ပဏီအဖွဲ့အစည်းအချို့မှလည်း ကိုယ်စားလှယ်ပုံစံမျိုးဖြင့် ကွိုင်များကို ဝယ်ယူရင်းနှီးစုဆောင်းကြရန် စည်းရုံးဟောပြောပွဲများလုပ်နေသည်ကို တွေ့မြင်နေရပါသည်။ ခရစ်တိုငွေကြေးများနှင့်ပတ်သက်၍ ပြည်တွင်းရှိ ကုမ္ပဏီအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအနေဖြင့် ဟောပြောစည်းရုံးရာတွင် အောင်မြင်နေသော ခရစ်တိုငွေကြေးတစ်ခုဖြစ်သည့် ဘစ်ကွိုင်အား စံနမူနာထား၍ ဈေးကွက်စတင်ကတည်းက ဝယ်ယူ၍ အကျိုးအမြတ်ရနေမှုကိုသာ အဓိကထားကာ ရင်းနှီးမြှုပ်နှံလာစေရန် မက်လုံးပေးပြီး ပြောဆိုနေကြပါသည်။ ထို့အပြင် ခရစ်တိုငွေကြေးများသည် ပိုက်ဆံအိတ်ထဲထည့်၍ သယ်ယူသွားစရာမလို၊ ဘယ်ဘဏ်နှင့်မှ ပတ်သက်အသိပေးရန်မလို၊ မည်သည့်ဗဟိုဘဏ်ကိုမှ အကြောင်းကြားရန်မလိုသည့် လွတ်လပ်သောငွေကြေးပုံစံစနစ်သစ်တစ်ခုဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ် အောက်တိုဘာလအတွင်းက အမေရိကန်တစ်ဒေါ်လာလျှင် ဘစ်ကွိုင် ၁၃၀၉ ယူနစ်ဈေးနှုန်းဖြစ်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် တစ်ယူနစ်လျှင် တစ်ဒေါ်လာသာ ဖြစ်နေခဲ့ရာမှ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒေါ်လာ ၁၈၀၀၀ အထိ အမြင့်ဆုံးဈေးဖြစ်ခဲ့သဖြင့် ဝယ်ယူထားသူများ အဆမတန်အကျိုးအမြတ်များ ရသွားပြီး ချမ်းသာသွားခဲ့ကြကြောင်း၊ ယခု ဘစ်ကွိုင်အား ဝယ်ယူရင်းနှီးမည်ဆိုပါက အရင်းအနှီးအလွန်များပါသည်။

ထို့ကြောင့် အစကနဦးဖြစ်ပြီး ဈေးကွက်မဝင်သေးဘဲ ပြင်ဆင်နေသည့် အဆင့်၌သာ ရှိနေသော အကြိုအဆင့်ရှိ ကွိုင်များအား ဈေးနည်းနည်းဖြင့် ယခုအချိန်တွင် ကြိုတင်ဝယ်ယူစုဆောင်းထားလျှင် အနာဂတ်၏ မဆုံးနိုင်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်းဖြင့် မက်လုံးပေးစကားလုံးများသုံးစွဲကာ နိုင်ငံခြားသားများ ကိုယ်တိုင်ပါဝင်သည့် ဟောပြောပွဲများကို ကြီးကျယ်ခမ်းနားစွာလုပ်ပြ၍ အဖွဲ့ဝင်များ စုဆောင်းလုပ်ဆောင်နေသည်မှာ မျက်မြင်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း စိတ်ဝင်စားသူများအနေဖြင့် ခရစ်တိုငွေကြေးများအား အနာဂတ်၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုလိုစိတ်ထဲတွင် တွေးထင်မြင်လာကာလွယ်ကူစွာနှင့်ပင်စည်းရုံးခံရသည့် သဘောမျိုးဖြစ်လာနေကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရစ်တိုငွေကြေးများနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ Crypto-currencyExchange နှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများမရှိ၊ ငွေကြေးလည်ပတ်စီးဆင်းနေမှု အခြေအနေတို့မှာ များစွာနောက်ကျနေသေးကြောင်း၊ အနာဂတ်၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုဟုပြောဆိုရာတွင် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းတစ်ခုလို မဟုတ်ဘဲ ခြေခြေမြစ်မြစ်မသိရသည့် ပြည်ပနိုင်ငံရှိ ငွေကြေးဆိုင်ရာလုပ်ငန်းတစ်ခုကို အဆုံးရှုံးခံနိုင်ရင် လုပ်ဆိုသည့် သဘောမျိုးဖြစ်နေပါသည်။ အဆုံးအရှုံးခံနိုင်ရင် လုပ်ဆိုသည့် စကားအတိုင်း ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ခရစ်တိုငွေကြေးလုပ်ငန်းတစ်ခုနှင့် ပတ်သက်၍ ကွိုင်ထုတ်လုပ်ရောင်းချသည့် ပြည်ပရှိ ကုမ္ပဏီတစ်ခုမှာ အဆက်အသွယ်မရတော့ဘဲ ဝယ်ယူပေးသွင်းထားသည့် ငွေများထုတ်မရတော့သည့်ဖြစ်စဉ် လတ်တလော ဖြစ်ပွားနေကြောင်း၊ လိမ်လည်သွားသည့်အခြေအနေမျိုး ဟုတ်၊ မဟုတ် မသိရသေးဘဲ အကယ်၍ငွေကြေးများဆုံးရှုံးသွားပါက ဘယ်သူက တာဝန်ယူဖြေရှင်းပေးမှာလည်းဆိုသည့် မေးခွန်းရှိနေသော်လည်း အဖြေမှာ ဘယ်သူမှတာဝန်မခံပါ။ မိမိသဘောကျသည့်အတွက် လုပ်သည့်ကိစ္စဖြစ်၍ မိမိတာဝန်သာ ဖြစ်ပါသည်။

ထို့ကြောင့် ခရစ်တိုငွေကြေးများသည် အဆင့်မြင့်နည်းပညာဖြစ်သည့် Blockchain နည်းပညာကိုပဲ သုံးသုံး၊ လွတ်လပ်သော ငွေပေးချေမှုစနစ်ဖြစ်ဖြစ်၊ ငွေပို့ခသက်သာသည်ပဲ ပြောပြော၊ လုံခြုံပြီးပွင့်လင်းမြင်သာမှုရှိတယ်လို့ပဲ ထင်ထင် လက်ရှိအနေဖြင့် ခရစ်တိုငွေကြေးနှင့်ပတ်သက်၍ ဗဟုသုတ ပြည့်စုံအောင်လေ့လာပြီးမှသာ ဆက်လက်ဆောင်ရွက်သင့်ပြီး ခါတော်မီ စီးပွားရေးလို ကံကိုယုံပြီး ကျူးကျော်တဲကို ဝယ်မိသူတစ်ဦးလိုတော့ မရင်းနှီးသင့်ပါ။ ဒါ့ကြောင့် ခရစ်တိုငွေကြေးများအား အသုံးပြုရာတွင် လွယ်ကူလျင်မြန်ကုန်ကျစရိတ်သက်သာနိုင်သည့် ကောင်းကျိုးများ ရှိနေသော်လည်း ယင်းကြောင့် နိုင်ငံအချို့တွင်ဖြစ်ပေါ်နေသည့် အကျိုးတရားများနှင့် အကြောင်းတရားများကို သတိထားသင့်သလို လက်ရှိအခြေအနေတွင်လည်း မြန်မာနိုင်ငံ၌ ခရစ်တိုငွေကြေးများနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာလုပ်ငန်းများအား တရားဝင်ဥပဒေအရ လုပ်ကိုင်ခွင့်ပြုထားခြင်း မရှိသည်ကို သိရှိထားပြီးနောက် ခရစ်တိုငွေကြေးစိတ်ဝင်စားသူများအနေဖြင့်လည်း ဘာလုပ်မှာလဲ ဘယ်လိုဆက်သွားမှာလဲဟု စေတနာအရင်းခံ၍ အများအကျိုးအတွက် ဝေမျှလိုက်ရပါသည်။ ။

# (၁၄၉) ကြိမ်မြောက် ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာလှတောင် ပါဒစက်တော်ရာဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

**ပုလော မေ ၂၀**

(ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၄ ရက်) ခရစ်သက္ကရာဇ် ၂၀၁၈ ခုနှစ် မေ ၁၈ ရက် နံနက် ၈ နာရီ ခွဲက (၁၄၉) ကြိမ်မြောက် ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာလှတောင်ပါဒစက်တော်ရာ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီး ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု စက်တော်ရာကျေးရွာရှိ အဆိုပါဘုရားပွဲတော်အဝင်မုခ်ဦး၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလောမြို့နယ်လုံးဆိုင်ရာ ကမ္ဘာလှတောင် ပါဒစက်တော်ရာဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးကို ဩဝါဒါစရိယဆရာတော်ကြီးငါးပါးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခဲ့ကြသည်။ ပုလောမြို့နယ် ကမ္ဘာလှတောင်ပါဒစက်တော်ရာဘုရားသည် ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု စက်တော်ရာကျေးရွာ ပြည်ထောင်စုလမ်းမကြီးနံဘေးတွင်တည်ရှိပြီး နှစ်စဉ်မဟာသင်္ကြန်ပွဲတော်ကာလအပြီး (မြန်မာနှစ်ဆန်းနှစ်ရက်) ဧပြီ ၁၈ ရက်မှ မေ ၂ ရက်အထိ ၁၅ ရက်တိုင်တိုင် ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုအခါ(၁၄၉) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ က ဘုရားပွဲတော်ကြီးကို တစ်လကြာကျင်းပခဲ့ရာမှ အကြောင်းအမျိုးမျိုးကြောင့် ပွဲတော်ကာလကို ၁၅ ရက် လျှော့ချခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၂၈၀ တွင် တည်ရှိသည့် ပါဒစက်တော်ရာဘုရားကြီးသို့ လူသွားလမ်း တစ်မိုင် လေးဖာလုံ ကွန်ကရစ်လှေကားထစ်များမှ အလွယ်တကူ တက်ရောက်နိုင်ပြီး တောင်ပေါ်ဘုရားသို့ မတက်ရောက်နိုင်သူများအတွက် ဂေါပကအဖွဲ့အစီအစဉ်ဖြင့် ဘုရားဖူးဧည့်သည်များ လုံခြုံမှုရှိစေရန် စီစဉ်ပေးထားသည့် ယာဉ်များဖြင့်လည်း တက်ရောက်နိုင်ကြောင်း သိရသည်။

ယင်းဘုရားပွဲတော် စည်ကားရခြင်းမှာ ကမ္ဘာလှတောင်ပေါ်တွင် မြတ်ဗုဒ္ဓ၏ဝဲဘက်ခြေတော်ရာကို မူလအတိုင်း ဖူးမြော်နိုင်သည်။ ထို့အပြင် ခြေတော်ရာဘုရားကြီးကိုလည်း ဖူးမြော်သူများ တောင်ခြေမှ ဘုရားရင်ပြင်အထိ တောင်ကုန်း၊ တောင်စွယ်ပတ်လမ်းများဖြင့် သဘာဝတောတောင်အလှအပများကို ကြည့်ရှုရင်း အေးမြသော လေနုအေး တိုက်ခတ်ခြင်းတို့ကြောင့် အမောပြေသည့်အပြင် ရင်ပြင်တွင် အိပ်စက်ရသည့်အတွက် စိတ်အမောများပြေပျောက်စေကြောင်း ဘုရားဖူးလာသူများထံမှ သိရသည်။

ယခုနှစ် တောင်ခြေတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချလျက်ရှိသည့် အဝတ်အထည်၊ လျှပ်စစ်



ပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များနှင့် ဒေသထွက် အသုံးအဆောင်ပစ္စည်းများအပြင် ဒေသအစားအစာများ အရောင်းဆိုင်ခန်း ၂၀၀ ဝန်းကျင်ခန့်ရှိပြီး ယခင်နှစ်ကထက်ပိုမိုများပြားသည်။ ဇာတ်ပွဲများ၊ မျက်လှည့်ပြပွဲ၊ ရိုးရာလက်ဝှေ့ပွဲများ၊ မီးအလှဆင်ပြပွဲများကိုလည်း ပြသပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် ပုလောမြို့နယ် ရှပ်ပုံကျေးရွာရှိ ဖိုးရှမ်းဘုရားနှင့် ဖိုးရှမ်းကမ်းခြေတွင်လည်း အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နမ့်လန်ဒေသမှ ရတနာဆင်တော်ဖြင့် ရွှေထီးတော်ပင့်ဆောင်

**နမ့်လန် မေ ၂၀**

နမ့်လန်ဒေသသည် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ တည်ရှိပြီး သီပေါမြို့နှင့် ၃၈ မိုင်ဝေးသည်။ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်နှင့်လည်း နီးကပ်စွာတည်ရှိသည်။

ရှမ်း(မြောက်)နှင့်ရှမ်း(တောင်) ဆက်သွယ်ရေး ကားလမ်းမကြီးပေါ်၌ တည်ဆောက်ထားသည့် ကျေးရွာအုပ်စုကြီးဖြစ်သည်။

နမ့်လန်ဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်သည်။ နမ့်(ရေ)၊ လန်(ငုပ်လျှိုး၍ ပြန်ပေါ်သောနေရာ) ဟု အဓိပ္ပာယ်ရသည်။ နမ့်လန်မူလကျောင်းကြီးအနီး၌ အမြဲတမ်းကြည်လင်သန့်ရှင်းနေသောရေက ငုပ်လျှိုး၍ ပြန်ပေါ်လာသောနေရာကို အကြောင်းပြု၍ မှည့်ခေါ်တည်ထားခြင်းဖြစ်သည်။ နမ့်လန်ကို ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာ ငါးရွာဖြင့် ဖွဲ့စည်းထားပြီး လူဦးရေစုစုပေါင်း ၂၀၀၀၀ ခန့်ရှိသည်။ အများစုမှာ ရှမ်းတိုင်းရင်းသားများဖြစ်ကြသည်။ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းရှိပြီး ဘာသာရေး၊ သာသနာရေးနှင့် အလှူအတန်းကိစ္စများကို ဘုန်းတော်ကြီးများ၏ဩဝါဒခံယူ၍ စုပေါင်းဆောင်ရွက်လေ့ရှိကြသည်။

ဘုရားပွဲတော်၊ ထီးတော်တင်ပွဲ၊ တရားပွဲ၊ ရဟန်းခံ၊ ရှင်ပြုနားသ အလှူမင်္ဂလာပွဲ စသည်တို့ကိုလည်း ဆရာတော်များက ဦးဆောင်စီမံ၍ ဒေသခံများက တညီတညွတ်တည်း လိုက်နာဆောင်ရွက်ကြသည်။ ညီညွတ်မှု၊ စည်းလုံးမှုအရာတွင် သီပေါမြို့နယ်၌ နမ့်လန်သည် အတုယူဖွယ်ရာစံပြဖြစ်သည်။



ယခုနှစ် ဧပြီလအတွင်းကလည်း နမ့်လန်အလယ်ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏောဘာသ၏ ဦးဆောင်မှုဖြင့် ထမ်ဟိုစန့်စေတီရွှေထီးတော်တင်လှူပွဲ၊ သုံးထပ်သိမ်၊ နှစ်ထပ်သံဃာ့ကျောင်းဆောင်ရေစက်ချပွဲနှင့် ရဟန်းတစ်ပါး၊ ရှင် ၁၆၁ ပါး၊ နားသ ၇၅ ပါးကို ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာကြီးကို ဧပြီ ၅ ရက်မှ ၈ရက်အထိ ကျင်းပကြခြင်းဖြစ်သည်။

ရှင်လောင်းလှည့်ပွဲများကိုလည်း ရှမ်းရိုးရာပခုံးထမ်းလှည့်ခြင်းသာမက ဆင်၊ မြင်းများနှင့် ထူးခြားစွာစုပေါင်းလှည့်လည်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်အတွင်းမှ ရတနာဆင်တစ်စုံကို ငှားရမ်းခေါ်ယူပြီး အထူးစီစဉ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ မေ ၈ ရက် နံနက်ပိုင်းတွင် သီပေါအထွက်ရှိ ကျောက်တောင်ပေါ်၌ တည်ထားသော ထမ်ဟိုစန့်စေတီတော်အထွတ်သို့ တင်လှူပူဇော်မည့် ရွှေထီးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ရတနာဆင်တော်တစ်စုံဖြင့် ပင့်ဆောင်ကြသည်။ ရွှေထီးတော်ကို ရတနာဆင်တော်တစ်စုံဖြင့် ပထမဆုံးအကြိမ် ပင့်ဆောင်သယ်ယူခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ထမ်ဟိုစန့်ကျောက်တောင်စေတီတော်မှာ မိုင်းဖုန်းဆရာတော်၏ ဩဝါဒဖြင့် ဘော်ကြိုဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တဒေဝိန္ဒ(အမ်အေ)နှင့် နမ့်လန်အလယ်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏောဘာသ ဦးဆောင်၍ တည်ထားသော ဉဏ်တော် ၄၅ တောင်ရှိ စေတီတော်ဖြစ်သည်။ တောင်ထိပ်၌ သဘာဝလိုဏ်ဂူတော်တစ်ခုလည်း ရှိသည်။ အဆိုပါ ထမ်ဟိုစန့်စေတီတော်၌ တင်လှူပူဇော်ရန်အတွက် ရတနာဆင်တော်တစ်စုံဖြင့် ပင့်ဆောင်လာသည့် ရွှေထီးတော်အစုံကို တောင်ခြေတွင် ထပ်မံအပူဇော်ခံသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ကျောက်မဲတပ်နယ်နှင့် နမ့်လန်တပ်နယ်မှတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားများက တောင်ထိပ်အရောက် လက်ဆင့်ကမ်းသယ်ဆောင်၍ ရွှေထီးတော်ကြီး အောင်မြင်စွာ တင်လှူပူဇော်ခဲ့ကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်လန်ဒေသမှ ရှမ်းတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုအားဖြင့် သာသနာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို သွားရောက်လေ့လာ၍ ရေးသားတင်ပြလိုက်ရပါသည်။

**သီပေါကိုလတ်**



# ယာဉ်တည်ဆောက်မှုညွှန်ကြားချက်နှင့်မညီညွတ်သည့် ဆိုင်ကယ်ဘေးတွဲ၊ နောက်တွဲများ အရေးယူရန်စီစဉ်လျက်ရှိ

**ဖျာပုံ မေ ၂၀**

မြန်မာပြည်တစ်ဝန်း မြို့ပြများတွင်သာမက ကျေးလက်များတွင် ဆိုင်ကယ်၏ ဘေးနှင့်အနောက်ဘက်တို့တွင်တွဲလျက် လူတင်ရန်၊ ကုန်တင်ရန်၊ ထီနှင့်မုန့်များ လှည့်လည်ရောင်းချရန်အပြင် ရေသယ်ယူရန်တို့အတွက် အသုံးပြုနေကြသည့် ဆိုင်ကယ်ဘေးတွဲနှင့်နောက်တွဲများကို မြင်တွေ့နေရသည်။ တစ်နယ်နှင့်တစ်နယ် တည်ဆောက်ထားမှု မတူညီကြသဖြင့် အန္တရာယ်များကြောင်း၊ အချို့ဆိုင်ကယ်က လိုင်စင်ရှိပြီး အချို့ဆိုင်ကယ်ကလိုင်စင်မရှိ၍ ယာဉ်တိုက်မှုဖြစ်ပေါ်လာပါက တာဝန်ရှိသူများ တစ်ပြေးညီအရေးယူဆောင်ရွက်ရန် အခက်အခဲများဖြစ်ပေါ်ကြောင်း သိရသည်။ ပုံစံအမျိုးမျိုးဖြင့် ဆိုင်ကယ်၏ ဘေးနှင့်အနောက်ဘက်တို့တွင် တွဲလျက်တပ်ဆင်ထားသည့် ယာဉ်များနှင့်ပတ်သက်၍ ဖျာပုံခရိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူက ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေပုဒ်မ ၂၄ အရ ယာဉ်တည်ဆောက်မှုညွှန်ကြားချက်နှင့် မညီညွတ်သည့်ယာဉ်များဟူ၍ ပုဒ်မပြဋ္ဌာန်းထားပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေ ပုဒ်မ ၆၅ အရ ဒဏ်ငွေသုံးသောင်းကျပ်အထိ သတ်မှတ်ထားကြောင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးဖမ်းဆီးပြီး တင်ပြလာပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လိုအပ်သည်များ စစ်ဆေးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်လက်အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောသည်။

ဖျာပုံခရိုင် ယာဉ်ထိန်းတာဝန်ခံ အမှတ်(၈၀)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲအုပ်ဇာနည်ထွန်းက "ဆိုင်ကယ်ဘေးတွဲ၊ နောက်တွဲယာဉ်တွေနဲ့ပတ်သက်ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနဲ့မညီညွတ်ရင် အရေးယူဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိပါတယ်"ဟု ပြောသည်။

အချို့မြို့များတွင် ဆိုင်ကယ်ဘေးတွဲနှင့် နောက်တွဲများ ဖမ်းဆီး၍ ဒဏ်ငွေ နှစ်သောင်း ပေးဆောင်စေပြီး ဘေးတွဲ၊ နောက်တွဲများကို ဖြုတ်ယူသိမ်းဆည်း၍ လိုင်စင်ရှိသည့် ဆိုင်ကယ်များ ပြန်လည်ပေးအပ်ပြီး လိုင်စင်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ **အောင်ဝင်း(ဖျာပုံ)**

# မကွေးမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မိုးဦးကျ နှမ်းကြိုများစတင်စိုက်ပျိုး

**မကွေး ဧပြီ ၂၀**

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မိုးဦးကျ နှမ်းကြိုများကို သင်္ကြန်အပြီး ဧပြီ ၁၇ ရက်မှ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း မကွေးမြို့နယ် မကြီးကန်ကျေးရွာနေ တောင်သူ ဦးအောင်နေလင်းကပြောသည်။



"အခုအချိန်က မိုးဦးကျခါနီး သင်္ကြန်ပြီးတာနဲ့ နှမ်း၊ မြေပဲစိုက်ပျိုးတဲ့အချိန်ပါ၊ မိုးကျခါနီးတွက်ချက်တာက သစ်ပင်တွေရဲ့အနေအထား ပြောင်းလဲမှုနဲ့ ကျေးငှက်တိရစ္ဆာန်တွေရဲ့ ပြုမူနေထိုင်တာကိုကြည့်ပြီးလည်း တွက်ချက်ကြည့်ကြတာပါ၊ တောင်သူတွေရဲ့မိုးလေဝသတွက်ချက်မှုအရဆိုရင် ဧပြီလကုန်ရက်လောက်မှာ မိုးရွာဖို့ရှိတယ်၊ အဲဒီအတွက်မိုးမရွာခင်နှမ်းတွေကို ကြိုပြီးစိုက်ပျိုးနေတာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

မကြီးကန်ကျေးရွာရှိ တောင်သူဦးရေ ၁၀၀ ခန့်သည် မိုးကြိုနှမ်းများကို ကြိုတင်စိုက်ပျိုးကြခြင်းဖြင့် နှမ်းဦးဦးဖျားဖျား ထွက်လာသည့်အခါ အထွက်နှုန်းကောင်းပြီး ဈေးနှုန်းကောင်းရရှိခဲ့ကြသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်က မိုးကြိုနှမ်းများကို ကြိုတင်စိုက်ပျိုးခဲ့ကြရာ တောင်သူတစ်ဦးလျှင် တစ်ဧက ၁၂ တင်းမှ ၁၅ တင်းအထိ ထွက်ရှိခဲ့ကြသည်ဟု ဒေသခံများကဆိုသည်။ ယခုနှစ်တွင် သင်္ကြန်မတိုင်ခင်က ရွာသွန်းခဲ့သည့် မိုးနှင့် တောင်သူ တစ်ဦးလျှင် ငါးဧကမှ ၁၀ ဧကကျော်အထိ စိုက်ပျိုးကြသည်ဟု မကြီးကျေးရွာမှ ဒေသခံများက ပြောသည်။

ယခင်နှစ် တချို့ဒေသများတွင် သင်္ကြန်ကာလအတွင်းက မိုးကြိုနှမ်းများ စိုက်ပျိုးခဲ့ကြရာ မိုးရွာသွန်းမှုကွာခဲ့၍ အပင်မပေါက်သဖြင့် သုံးကြိမ်ခန့် ပြန်လည်စိုက်ပျိုးခဲ့ရခြင်းများလည်း ရှိခဲ့သည်ဟု သပြေစမ်းကျေးရွာမှ ဒေသခံတချို့က ဆိုသည်။

"ကျွန်တော်တို့ကတော့ သင်္ကြန်အတက်နေ့ကပဲ(ဒေသဓလေ့အရ)စတိအနေနဲ့ အနည်းငယ်လောက်သာ စိုက်တယ်၊ စောစောစိုက်တာကောင်းပေမယ့် မိုးကသိပ်မကွာဘဲ ထပ်ရွာလာရင်ပြဿနာမရှိဘူး၊ ထပ်မရွာခဲ့ရင် နှမ်းမျိုးဖိုးဆုံးရှုံးရတာတွေလည်းရှိတော့ မိုးကြိုနှမ်းမစိုက်ရဲသေးဘူး"ဟု သပြေစမ်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက "ပြည့်ဝတဲ့ မိုးရေချိန်နဲ့ စိုက်ပျိုးရင်တော့ နှမ်းအပင်အတွက်စိတ်ချရတာပေါ့၊ လက်ရှိအပူချိန်ကြောင့် မိုးရွာမှ စိုက်တာတော့ ပိုကောင်းတာပေါ့၊ ဒါမှလည်း စိတ်ချရတဲ့ အခြေအနေဖြစ်မယ်"ဟု ပြောသည်။ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ခုနှစ် လက်ရှိစိုက်ပျိုးနေသော မြေဧရိယာပေါင်းဧကသိန်း ၃၀ ကျော်ရှိသည်ဟု သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေဇယားအရ သိရသည်။

နှမ်းကြိုတင်စိုက်ပျိုးရာတွင် နွားထွန်တစ်ရှဉ်းခ တစ်မနက်စာငွေကျပ် ၈၀၀၀ နှင့် ထွန်စက်ခ တစ်နာရီလျှင် ငွေကျပ် ၁၂၀၀၀ မှ ငွေကျပ် ၁၅၀၀၀ အထိရှိပြီး နှမ်းမျိုးတစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀၊ နှမ်းအနက် ငွေကျပ် ၃၅၀၀၀ ပေး၍ စိုက်ပျိုးကြသည်ဟု ဒေသခံများထံမှ သိရသည်။ **ဖွဲ့ထက်ရှင်**

# ယခုနှစ် မရန်းသီးအခြောက်လုပ်ရာသီတွင် မရန်းသီးအထွက်နှုန်းနည်းလာခြင်းနှင့် ထုတ်လုပ်မှုစရိတ်များလာသောကြောင့် အရောင်းအဝယ်ပြုလုပ်သူများ တွက်ခြေမကိုက်

**ပေါင် ဧပြီ ၂၀**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ယခုနှစ်မရမ်းသီးအခြောက်လုပ်ရာသီတွင် ထုတ်လုပ်မှုကုန်ကျစရိတ်များလာသကဲ့သို့ ရာသီဥတုအခြေအနေကြောင့် မရန်းသီးအထွက်နှုန်း နည်းပါးလာကာ တွက်ခြေမကိုက်ဖြစ်နေကြောင်း မရန်းသီးအခြောက်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

မရန်းသီးအခြောက်လုပ်ငန်းလုပ်ကိုင်သူများမှာ အကျိုးအမြတ်များများ ရရှိစေရန်အတွက် မရန်းခြောက် ဈေးကောင်းရရှိမည့်အချိန်ကို မျှော်လင့်ကာလုပ်နေရကြောင်း ပေါင်မြို့နယ်မှ မရန်းခြောက်လုပ်ငန်းလုပ်ကိုင်သူ ကိုကျော်ထွန်းက ပြောသည်။

"ဒီနှစ်ကကိုယ့်နယ်မှာ မရန်းပွင့်ခါနီး မိုးရွာလိုက်၊ နှင်းခါးရိုက်လိုက်နဲ့ အပွင့်တွေ ပျက်စီးတော့ အသီးအထွက်နှုန်းက နည်းသွားတယ်၊ ဒါကြောင့် ကရင်ပြည်နယ်ဘက်ကိုပဲ နယ်ကျော်ပြီးဝယ်ယူရတော့ အရင်နှစ်တွေထက်ကို ဈေးပိုပေးပြီး ဝယ်ရတယ်၊ လုပ်သားငှားရမ်းခကလည်း ခါတိုင်းနှစ်တွေထက် ဈေးကပိုပေးရတော့ ကိုယ့်အတွက် ကျန်ဖို့က မလွယ်လောက်တော့ဘူး၊ မိုးတွင်းရောက်ရင်တော့ ဈေးပြန်တက်မယ့်အချိန်ကိုပဲ မျှော်လင့်နေရတာပါ၊ ငွေနိုင်တဲ့သူတွေကတော့ လှောင်ထားမယ်၊ ဈေးအလွန်ကောင်းတဲ့အခါမှ ပြန်ရောင်းတော့ အမြတ်က ပိုကျန်တာပေါ့"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါလုပ်ငန်းကို ဖေဖော်ဝါရီလကုန်ပိုင်းမှ ဧပြီလအတွင်းသာ လုပ်ကိုင်ကြပြီး မရန်းပြားအခြောက်ရရှိရန် မရန်းသီးအစိမ်းကို ခွဲပေးရပြီး ဆားရေစိမ်ပေးကာ ဆားရေစိမ်ပြီး နွမ်းလာသော မရန်းပြားအား အခြောက်လှန်းခြင်း၊ ပေါင်းခံခြင်းများ ဆောင်ရွက်ရပြီး မရန်းခြောက်ရရှိရန် အစိမ်းခွဲပြုလုပ်ရသည့် ရက်မှာ ၁၀ ရက်ခန့်ကြာမြင့်ကြောင်း သိရသည်။

ယင်းအပြင် မရန်းသီးအစိမ်း လေးပိဿာကို အခြောက်လှန်းပြီးလျှင် မရန်းအခြောက် တစ်ပိဿာခန့်သာရရှိပြီး ၂၀၁၇ ခုနှစ်တွင် မရန်းသီးအစိမ်း ၁ ပိဿာလျှင် ငွေကျပ် ၄၀၀ ခန့် ပေးဝယ်ရပြီး အလုပ်သမားငှားရမ်းခ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ခန့်ပေးရသော်လည်း ယခုနှစ်တွင် မရန်းသီးအစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့်ရှိပြီး အလုပ်သမား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀ အထိဈေးပေးရကြောင်း သိရသည်။

ပေါင်မြို့နယ်မှ ထွက်ရှိသော မရန်းပြားခြောက်များကို ဒေသအတွင်း ရောင်းချမှု၊ စားသုံးမှုအပြင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ကို အဓိကတင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**



# ခေါင်းလောင်းထိုးကာ အမျှဝေရင်း မြန်မာ့ရိုးရာအနုပညာကိုခံစားပါ

တန်ဖိုးသိမှ တန်ဖိုးရှိသည်ဆိုသည့်စကားအတိုင်း မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးအနုပညာကို တန်ဖိုးသိကာ တန်ဖိုးထားခံစားဖို့လိုအပ်လှပေသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများတွင် အတိတ်သမိုင်းကို ဖော်ထုတ်ပေးနေသည့် ပစ္စည်းများစွာရှိသည်။ ထိုအထဲတွင် မြန်မာ့ရိုးရာခေါင်းလောင်းများ ပါဝင်နေသည်။ ခေါင်းလောင်း၊ စာခေါင်းလောင်းသွန်းလုပ်သည့် အနုပညာမြောက်လက်ရာများက ထိုခေတ် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အခြေအနေများကို ပြောပြနေမြဲပင်ဖြစ်သည်။

မြန်မာအဘိဓာန်အပိုင်း(၂)တွင်ဖွင့်ဆိုထားချက်အရ ခေါင်းလောင်းဟူသည် ကန်စွန်းပွင့်ပုံသဏ္ဌာန် ကြေးကိုသွန်းလုပ်ရသော တူရိယာတစ်မျိုးဖြစ်ပြီး တန်းတွင်ချိတ်ဆွဲ၍ သမင်ချိုစသည်တို့ဖြင့် တီးခတ်ရသည်ဟုဆိုထားသည်။ ပညာရှင်များ၏အဆိုအရ ပျူခေတ်မှစတင်ကာ ခေါင်းလောင်းငယ်များကို ပြုလုပ်နေပြီဖြစ်ပြီး ပုဂံခေတ်တွင် ကိုယ်ထည်ကြီးမားသော ခေါင်းလောင်းများကို သွန်းလုပ်ခဲ့သည်ဟုဆိုထားသည်။ ခေတ်ကာလအပြောင်းအလဲများကြားတွင် ဖျက်ဆီးခြင်းခံရမှုများနှင့် ကြုံတွေ့ကာ ပျောက်ပျက်သွားသော ခေါင်းလောင်းများစွာရှိခဲ့သည်။ ရှေးခေတ်ကတည်းက ဘာသာရေးသင်္ကေတအဖြစ် ခေါင်းလောင်းများကိုအသုံးပြုခဲ့ကြပြီး ယနေ့တိုင်အသုံးပြုနေဆဲပင် ဖြစ်သည်။ စေတီ၊ ပုထိုးများတွင် ခေါင်းလောင်းငယ်ဖြစ်သည့် ဆည်းလည်းကလေးများနှင့်အတူ ကုသိုလ်ကောင်းမှုများကို အမျှပေးဝေကာ တီးခတ်ရသည့် ခေါင်းလောင်းကြီးများကို တွေ့မြင်နိုင်ပေသည်။ ခေါင်းလောင်းတစ်ခုကို ထိုးသည်နှင့် ခေါင်းလောင်းသွန်းလုပ်ပုံနှင့်အတူ အနုပညာမြောက်လက်ရာများကို ခံစားနိုင်သည်။ အနုပညာခံစားမှုဖြင့် ကြည့်သမျှခေါင်းလောင်းများကို အလေးထားတတ်လာမည်ဖြစ်သည်။

မိမိတို့ပြုလုပ်သော ကောင်းမှုများကို ခေါင်းလောင်းထိုးအမျှဝေသည့်အခါတွင် ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော ခေါင်းလောင်းသံကို အများသူငါကြားကာ သာဓုခေါ်ဆိုနိုင်ရန် ခေါင်းလောင်းထိုးတတ်ကြပေသည်။ ခေါင်းလောင်းသံမှာ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသကဲ့သို့ပင် ခေါင်းလောင်းသွန်းလုပ်ကာ အနုပညာလက်ရာမြောက် အပြောက်အမွမ်းများ ပြုလုပ်ထားပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ခေါင်းလောင်းများတွင် အပြောက်အမွမ်းများ ပြုလုပ်အလှဆင်ထားသကဲ့သို့ပင် ခေါင်းလောင်းကွင်းချိတ်များတွင် အနုပညာလက်ရာမြောက်သည့် သိကြားရုပ်၊ ပဉ္စရူပရုပ်၊ ခြင်္သေ့ရုပ်၊ ကိန္နရီ၊ ကိန္နရာအရုပ်များကို လက်ရာမြောက်အောင် ပုံဖော်ထားလေ့ရှိသည်။ အများအားဖြင့် အရုပ်များကို ကနုတ်ပန်းအပွင့်အနွယ် အခွေအလိပ်တို့ဖြင့် ပုံဖော်ထားကြသည်။ ခေါင်းလောင်းများ၏ အနုပညာလက်ရာမြောက် အရုပ်များကိုကြည့်ကာ ခေါင်းလောင်းသွန်းလုပ်သည့်ခေတ်ကို သိရှိနိုင်သည်။ ခေါင်းလောင်းစာများမှ ကုသိုလ်ရှင်၏စိတ်သဘောထားနှင့်အတူ ထိုခေတ်အခြေအနေကို ပြသနေပေသည်။ သို့အတွက် ကောင်းမှုတစ်ခုပြုလုပ်ပြီးတိုင်း ခေါင်းလောင်းထိုးအမျှဝေရင်း ခေါင်းလောင်းများ၏ အနုပညာလက်ရာများကို ခံစားတန်ဖိုးထားသင့်လှပေသည်။ ။

**နွေနဒီ(မြစ်ငယ်)**

# ကမ္ဘာမြေကြီးကျန်းမာပါစေ

မောင်သောင်းဝင်း
(တမန်ဟောင်း)

လူသားတို့သည် ကမ္ဘာမြေကြီးကဲ့သို့ သည်းညည်းခံနိုင်မည်ဆိုလျှင် လူ့ဘောင်လောကတွင် စစ်ပွဲများ၊ သတ်ဖြတ်မှုများနှင့် ပဋိပက္ခများကို တွေ့ရလိမ့်မည် မဟုတ်ချေ။ ထိုသို့ဆိုလျှင် ဤကမ္ဘာကြီးသည် သတ္တဝါအားလုံး အေးချမ်းပျော်ရွှင်စွာ နေထိုင်နိုင်သည့် ဗိမာန်တစ်ခုလိုဖြစ်နေမည်ဖြစ်သည်။ သို့သော် အသိဉာဏ်ရှိသော လူသားတို့သည် အမှိုက်များနှင့် အညစ်အကြေးများအပါအဝင် စွန့်ပစ်ပစ္စည်းပေါင်းစုံကို ကမ္ဘာမြေကြီးပေါ်သို့ ဖြစ်သလို စွန့်ပစ်လေ့ရှိကြသည်။ မည်သို့ပင်စွန့်ပစ်စေကာမူ ကမ္ဘာကြီးက ငြင်းဆန်ခြင်းမရှိချေ။ ကြည်ကြည်ဖြူဖြူ လက်ခံထားသည်။ ထို့အပြင် လူသားတို့သည် သစ်ပင်များကိုလည်း အလွန်အကျွံ ခုတ်လှဲကြသည်။ တွင်းထွက်သယံဇာတများကို အလွန်အကျွံ တူးဖော်ကြသည်။ မြေအောက်တွင် နျူကလီးယားလက်နက်များ စမ်းသပ်ကြသည်။ ထို့ကြောင့် ကမ္ဘာမြေကြီးသည် တဖြည်းဖြည်း ကျန်းမာရေးချူချာလာနေပြီဖြစ်သည်။

**ကမ္ဘာမြေနေ့**

နှစ်စဉ် ဧပြီလ ၂၂ ရက်နေ့သည် ကမ္ဘာမြေနေ့ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်ကတည်းက စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ် ကမ္ဘာမြေနေ့တွင် အမေရိကန်၊ တရုတ်နှင့် အခြားနိုင်ငံပေါင်း ၁၂၀ တို့သည် ပြင်သစ်သဘောတူညီချက်(Paris Agreement) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုသဘောတူညီချက်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်ရန်အတွက် ချုပ်ဆိုခဲ့သော စာချုပ်ပင်ဖြစ်သည်။

**စုပေါင်းနေထိုင်**

ဤကမ္ဘာမြေကြီး၏ သက်တမ်းသည် နှစ်ပေါင်း ၅ သန်းကျော်ရှိနေပြီဟု ဘူမိပညာရှင်များက ခန့်မှန်းထားကြသည်။ လူသားတို့သည် ကမ္ဘာဦးကာလကတည်းက ဤကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်လျက် ရှိကြသည်။ ရေ၊ မြေနှင့် ရာသီဥတုအပေါ်မူတည်၍ အသားအရောင်နှင့် ကိုးကွယ်သည့်ဘာသာများ ကွဲပြားလာခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် လူဦးရေ ၇ ဒသမ ၉ ဘီလီယံကျော်သည် ကမ္ဘာမြေပေါ်တွင် စုပေါင်းနေထိုင်လျက်ရှိကြသည်။ နေ့စဉ်လည်း တိုးပွားလျက်ရှိသည်။ ထိုသို့တိုးပွားလာသော လူဦးရေနှင့်အမျှ ကမ္ဘာမြေပေါ်သို့စွန့်ပစ်သော အမှိုက်များကလည်း တစ်စတစ်စ ပိုမိုများပြားလာလျက်ရှိသည်။

**စွန့်ပစ်ပစ္စည်းများ**

လူသားတို့သည် နေ့စဉ် စားဝတ်နေရေးနှင့် သက်ရှင်ကြွင်းကျန်ရေးအတွက် ဤကမ္ဘာမြေကြီးပေါ်၌ ထွန်ယက်စိုက်ပျိုးခြင်း၊ သားငါးရှာဖွေခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းတို့ လုပ်ကိုင်နေကြရသည်။ ထိုသို့ စားဝတ်နေရေးအတွက် ရုန်းကန်ကြရာတွင် ဤကမ္ဘာမြေကြီးမှ အရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲမှုများ ရှိလာသည်။ အဆိုးရွားဆုံးသည် ဓာတုပစ္စည်းများ၊ အညစ်အကြေးများနှင့် ပလတ်စတစ်များကို မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်၊ သမုဒ္ဒရာများထဲသို့ စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခြင်းဖြစ်သည်။ ထို့ကြောင့် အနာဂတ်တွင် ရေနေသတ္တဝါများ သက်ရှင်နေထိုင်ရေးအတွက် စိုးရိမ်ဖွယ်ရာ အခြေအနေသို့ ရောက်ရှိလာမည်ဖြစ်သည်။

နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ စွန့်ပစ်ခဲ့သော ပစ္စည်းစုစုပေါင်းတန်ချိန်သည် ၂ ဒသမ ၁၂ ဘီလီယံအထိ ရှိသည်ဟု ဆိုသည်။ ကမ္ဘာ့စားနပ်ရိက္ခာ သုံးပုံတစ်ပုံခန့်ကို အလဟဿ စွန့်ပစ်လျက်ရှိကြသည်။ ထိုပမာဏဖြင့် လူဦးရေ ၂ ဘီလီယံကိုပင် ဝလင်အောင်ကျွေးမွေးနိုင်သည်ဟု ဆိုသည်။ ထို့ကြောင့် စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၅၀ ပင်ကျော်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ဆိုထားသည်။ လူသားတို့သည် အစားအသောက်များကို လိုအပ်သည်ထက် ပိုမိုချက်ပြုတ်ကြော်လှော်ပြီး မကုန်လျှင် စွန့်ပစ်ကြသည်။ စားသောက်ဆိုင်များတွင်လည်း လိုအပ်သည်ထက် ပိုမိုမှာယူလေ့ရှိကြသည်။ ထို့ကြောင့် နေရာတိုင်းတွင် စားကြွင်းစားကျန်များကို တွေ့နေရသည်။

**မြန်မာလူမျိုးအများစုသည် အမှိုက်ကိုစနစ်တကျ မစွန့်တတ်သေးပေ။ စားဖိုဆောင်မှထွက်သော စားကြွင်းစားကျန်များ၊ ဘူးခွံ၊ ပုလင်းခွံများ၊ စက္ကူများနှင့် အခြားသော အမှိုက်ပေါင်းစုံတို့ကို အိတ်တစ်လုံးတည်းတွင် ထည့်၍ ဖြစ်သလို စွန့်ပစ်လေ့ရှိကြသည်။ ထိုသို့မဖြစ်သင့်ပေ။ စက္ကူဟောင်းများ၊ ပလတ်စတစ်ဘူးများ၊ ပုလင်းခွံများကို ခွဲခြား၍ စွန့်ပစ်သင့်သည်။ ထိုသို့ ခွဲခြားစွန့်ပစ်ခြင်းအားဖြင့် အမှိုက်ထဲမှ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများစွာကို ဆယ်တင်နိုင်ပေသည်။**

**အမှိုက်ကို ဘယ်လိုစွန့်ကြမလဲ**

မြန်မာလူမျိုးအများစုသည် အမှိုက်ကိုစနစ်တကျ မစွန့်တတ်သေးပေ။ စားဖိုဆောင်မှထွက်သော စားကြွင်းစားကျန်များ၊ ဘူးခွံ၊ ပုလင်းခွံများ၊ စက္ကူများနှင့် အခြားသော အမှိုက်ပေါင်းစုံတို့ကို အိတ်တစ်လုံးတည်းတွင် ထည့်၍ ဖြစ်သလို စွန့်ပစ်လေ့ရှိကြသည်။ ထိုသို့မဖြစ်သင့်ပေ။ စက္ကူဟောင်းများ၊ ပလတ်စတစ်ဘူးများ၊ ပုလင်းခွံများကို ခွဲခြား၍ စွန့်ပစ်သင့်သည်။ ထိုသို့ခွဲခြားစွန့်ပစ်ခြင်းအားဖြင့် အမှိုက်ထဲမှ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများစွာကို ဆယ်တင်နိုင်ပေသည်။

လက်ရှိအချိန်တွင် မြို့ပြဒေသများအတွက် ခေါင်းခဲနေရသော ပြဿနာတစ်ခုသည် နေ့စဉ်ထွက်ရှိသော အမှိုက်များစုပုံရန် နေရာအခက်အခဲပင်ဖြစ်သည်။ လူသူဝေးသော နေရာများတွင် စနစ်တကျ စုပုံထားသင့်သည်။ ဖြစ်သလိုစုပုံထားမည်ဆိုလျှင် ဘူးခွံ၊ ပုလင်းခွံရှာသောကလေးများကို အမှိုက်ပုံပြို၍ ပိစေမည်ဖြစ်သည်။ မီးဘေးအန္တရာယ်အတွက်လည်း စိုးရိမ်ရပေသည်။ အထူးသဖြင့် ထိုအမှိုက်ပုံများမှ ထွက်သော အနံ့အသက်များကြောင့် လေထုညစ်ညမ်းမှုဖြစ်စေသည်။ ထို့နောက် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ထိုနေရာတွင် မြေဆီလွှာခန်းခြောက်သွားမည်ဖြစ်သည်။

**ဓာတုစွန့်ပစ်ပစ္စည်းများ**

နည်းပညာတိုးတက်မှုနှင့်အတူ ကမ္ဘာ့နိုင်ငံများသည် စက်ရုံ၊ အလုပ်ရုံများ အပြိုင်အဆိုင် ထူထောင်ကာ ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လာကြသည်။ သို့သော် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ဓာတုစွန့်ပစ်ပစ္စည်းများကိုမူ မြစ်ချောင်းများထဲသို့ ဖြစ်သလိုစွန့်ပစ်လေ့ရှိကြသည်။ ထိုသို့စွန့်ပစ်ခြင်းအားဖြင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေပြီး ရေနေသတ္တဝါများ၏ အသက်အန္တရာယ်ကို ထိခိုက်စေလျက်ရှိသည်။ အမှန်စင်စစ်မှာမူ ရေဆိုးသိုလှောင်ကန်များတည်ဆောက်ကာ ပြန်လည်သန့်စင်ခြင်း ပြုလုပ်သင့်သည်။ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများသည်လည်း ရေထုနှင့် မြေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

**ပလတ်စတစ်အမှိုက်များ**

ပလတ်စတစ်ကို ဈေးကွက်အတွင်း၌ ဈေးနှုန်းချိုသာစွာဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည်။ ထို့ကြောင့် အိမ်တိုင်းသည် ပလတ်စတစ်ကို နေ့စဉ်သုံးစွဲပြီး အမှိုက်အဖြစ် စွန့်ပစ်လျက်ရှိကြသည်။ ဈေးဝယ်ရာတွင်လည်း ထည့်စရာ ယူသွားလေ့မရှိပေ။ ဈေးဆိုင်များကလည်း ကုန်ပစ္စည်းများကို တစ်ခါသုံးပလတ်စတစ်ဖြင့်သာ အလွယ်တကူ ထည့်ပေးလေ့ရှိကြသည်။ လူအများစုသည် ပလတ်စတစ်ကို တစ်ခါသုံးပြီးလျှင် စွန့်ပစ်တတ်ကြသည်။ ထိုသို့ မဖြစ်သင့်ချေ။ ပြန်လည်အသုံးပြုနိုင်ရန် စနစ်တကျ ခေါက်သိမ်းထားသင့်ပေသည်။

ထိုသို့ ပလတ်စတစ်များကို စည်းကမ်းမဲ့စွန့်ပစ်ကြသောကြောင့် ၁၉၅၀ ပြည့်လွန်နှစ်များမှသည် ယနေ့အချိန်အထိ ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ်အမှိုက် တန်ချိန် ၉ ဘီလီယံကျော်ခန့် စုပုံနေပြီဖြစ်သည်။ ထိုပမာဏ၏ ၆၀ ရာခိုင်နှုန်းခန့်သည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်နေပြီဖြစ်သည်။ လက်ရှိနှုန်းအတိုင်းသာ ဆက်လက်သုံးစွဲနေမည်ဆိုလျှင် ၂၀၅၀ ခန့်တွင် ပလတ်စတစ်အမှိုက်တန်ချိန် ၁၂ ဘီလီယံကျော်အထိ ရှိလာမည်ဖြစ်သည်။

**ထိခိုက်ဆုံးရှုံး**

ပလတ်စတစ်သည် အလွယ်တကူ ဆွေးမြည့်ပျက်စီးခြင်းမရှိပေ။ ကြေမွဆွေးမြည့်ပျက်စီးဖို့ရန်အတွက် နှစ်ပေါင်း ၄၀၀ ကျော် ၅၀၀ ခန့် ကြာမြင့်သည်။ မြေကြီးထဲသို့ မြှုပ်ထားမည်ဆိုလျှင် မြေဆီလွှာ ခန်းခြောက်သောကြောင့် ထိုနေရာသည် စိုက်ပျိုး၍မရတော့ပေ။ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်များထဲသို့ စွန့်ပစ်မည် ဆိုလျှင်လည်း အလွယ်တကူကြေမွပျက်စီးခြင်းမရှိချေ။ ရေနေသတ္တဝါများသည် ပလတ်စတစ် အမှိုက်များကို စားသုံးသောကြောင့် အသက်ဆုံးရှုံးရလျက်ရှိသည်။ ဂေဟစနစ်ပျက်စီးသောကြောင့် သက်ရှိများ၏ဇီဝဖြစ်စဉ်များကိုလည်း ထိခိုက်စေလျက်ရှိသည်။

**ဆင့်ကဲဆိုးကျိုးများ**

၂၀ ရာစုတွင် လူတို့၏ပယောဂကြောင့် ကမ္ဘာမြေကြီးသည် တစ်စတစ်စ ပူပြင်းခြောက်သွေ့လာလျက်ရှိသည်။ ထိုပူပြင်းခြောက်သွေ့မှု ဆင့်ကဲဖြစ်စဉ်ကြောင့် ရာသီဥတုသည်လည်း ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုသည် အကောင်းဘက်ထက် အဆိုးဘက်ကိုသာ ဦးတည်နေပါသည်။ ထိုကဲ့သို့ ပြောင်းလဲမှုဖြစ်စဉ်များ၏ မူလပယောဂသည် လူသားတို့ကြောင့်ပင်ဖြစ်သည်။ လူသားတို့သည် ဂေဟစနစ် ထိန်းချုပ်မှုကိုပစ်ပယ်ကာ မိမိတို့ အကျိုးစီးပွားကိုသာ ရှေ့တန်းတင်လျက် စွန့်ပစ်ပစ္စည်းများကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခြင်း၊ သစ်ပင်များကို အလွန်အကျွံ ခုတ်လှဲရောင်းချခြင်း၊ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်း၊ အင်းအိုင်များထဲသို့လည်း ဓာတုကြွင်းကျန်ပစ္စည်းများအပါအဝင် ပလတ်စတစ်များကို အလွန်အကျွံ စွန့်ပစ်လေ့ရှိကြသည်။ ထို့ကြောင့် ကမ္ဘာမြေကြီးပေါ်တွင် ဆင့်ကဲဆိုးကျိုးများ ဆိုးရွားစွာဖြစ်ပေါ်စေလျက်ရှိသည်။ သက်ရှိအားလုံးအတွက် အန္တရာယ်ပင်ဖြစ်သည်။

**စီမံခန့်ခွဲမှုလို**

ထိုသို့ ကမ္ဘာမြေကြီးကိုထိခိုက်စေမည့် အပြုအမူများကို ရှောင်ကြဉ်နိုင်ရန်အတွက် လူသားအားလုံး ကိုယ်စီကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းလျက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ဖို့ အချိန်တန်နေပြီဖြစ်သည်။ ဤကမ္ဘာမြေကြီး ကျန်းမာကြံ့ခိုင်ရေးအတွက် စနစ်တကျစီမံခန့်ခွဲမှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ လိုအပ်နေပြီဖြစ်သည်။ ဤကမ္ဘာမြေကြီး ကျန်းမာရေးချူချာလာမည်ဆိုလျှင် သဘာဝဘေးအန္တရာယ်ပေါင်းစုံကို ကြုံတွေ့ကြရတော့မည်ဖြစ်သည်။ ဆိုရလျှင် သဘာဝဘေးအန္တရာယ်ကြောင့် နှစ်စဉ် လူပေါင်း ၂ သန်းခန့် အသက်ဆုံးရှုံးနေရသည့်အပြင် ငွေကြေးတန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံခန့်လည်း ဆုံးရှုံးနေရသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသူနိုင်ငံသား အားလုံးအနေဖြင့် ဤကမ္ဘာမြေကြီးကျန်းမာကြံ့ခိုင်ရေးအတွက် ပလတ်စတစ်အပါအဝင် အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ကြပါစေ။ ။



## ပဲမြစ်စိုက်တောင်သူများနှင့် တစ်ဆင့်ပြန်ရောင်းချသူများ အဆင်ပြေလျက်ရှိ

**တောင်သာ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မကျည်းတောကျေးရွာမှ နာမည်ကျော် မကျည်းတောပဲမြစ်များ လှိုင်လှိုင်ပေါချိန်ဖြစ်၍ ပဲမြစ်စိုက်တောင်သူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပဲမြစ်ရောင်းဝယ်ခြင်းများကို တံတားဦးမြို့အနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးကြပြီး တောင်သူများက ထော်လာဂျီယာဉ်များဖြင့် လာရောက်ပို့ဆောင်ရောင်းချကြခြင်းဖြစ်သည်။ ပွဲရုံများမှ တောင်သူများလာရောက်ရောင်းချသောပဲမြစ်များကို ဈေးဖြတ်ဝယ်ယူပြီး အရွယ်အစား၊ အရည်အသွေး ပြန်လည်ခွဲခြားကာ အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချကြခြင်းဖြစ်သည်။

တံတားဦး-မြို့သာ လမ်းဘေးတွင် ခရီးသွားများနှင့် အနည်းအကျဉ်းဝယ်ယူလိုသူများ အဆင်ပြေစွာဝယ်ယူနိုင်ရန် တစ်ဆင့်ပြန်လည်ရောင်းချပေးသည့် ပဲမြစ်ရောင်းချသူများကိုလည်း တွေ့ရသည်။ ပဲမြစ်အရွယ်အစား သုံးမျိုးခန့်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၇၀၀၊ ကျပ် ၁၀၀၀ မှ ၁၂၀၀ ခန့်အထိ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**